
www.burmeseclassic.com

ငွေတာယဉ်



# သေမင်းခေါ်တဲ့ လမ်း

ရေက အေးမြနေ၏။
လှေက ကမ်းစပ်သို့ ကပ်ပေတော့မည်။
သရဇီက ဖြစ်လိုရာဖြစ်စေတော့ဟု သဘောပိုက်ကာ...
မရဏကူးတို့လှေပေါ်မှ ရုတ်တရက် ထရပ်လိုက်ပြီး ...
ရေထဲသို့ ခုန်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၈၃၁၀၆၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၂၈၉၀၉၀၉

**ပထမအကြိမ်** - (၂၀၁၀၊ ဒီဇင်ဘာလ)
**အုပ်ရေ** - (၅၀၀)

**မျက်နှာဖုံး** - ဇေယျာ
**ကွန်ပျူတာစာစီ** - Quality
**အတွင်းဖလင်** - Quality

**ပုံနှိပ်သူ**
ဒေါ်ဆဲဒေမူး(ရှာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)
အမှတ် - ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

**ထုတ်ဝေသူ**
မခင်မာရွှေ၊ (၀၃၉၀၅) (မြ)၊
အမှတ် - ၅၀၈/၅၁၂ (၂၈) ပထမထပ်၊
ကုန်သည်လမ်း(ဆပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး**
၁၅၀၀ ကျပ်

နေ့တမာန် ၈၉

သေမင်းခေါ်တဲ့လမ်း/နေ့တမာန်။ ရန်ကုန်၊
ဆုပြည့်စုံထွန်းစာပေ၊ ၂၀၁၀။
၁၃၇ - စာ၊ ၁၂ X ၁၈ စင်တီ။
(၁) သေမင်းခေါ်တဲ့လမ်း

# ကဏ္ဍ ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

# တမလွန် ( ၁ )

သူမသည် ရည်ရွယ်ချက်မဲ့စွာ လျှောက်လှမ်းလာလျက်
သည်။ သူမဘယ်ဆီသို့ဦးတည်လျှောက်လှမ်းနေသည်ကို သူမကိုယ်တိ
မသိပါ။ သူမတစ်ကိုယ်လုံးမှာလည်း နာကျင်လျက်ရှိပါသည်။

သူမသည် တန်ခိုးရှင်တစ်စုံတစ်ဦးက လမ်းညွှန်လိုက်သ
ရှေ့တည့်တည့်သို့ လျှောက်လှမ်းလျက်ရှိပါသည်။ မည်သည့်နေရာ
မည်သည့်ရည်ရွယ်ချက်ဖြင့် လှမ်းလျှောက်နေရသည်ကိုမူ တွေးလို့မရ

သူမ၏ပတ်ဝန်းကျင်ကား ပူလောင်ထိုင်းမှိုင်းနေပေသည
ဝေးကွာရာတွင်လည်း မည်သည့်အရာကိုမျှ သူမမမြင်ရပါပေ။ ပက
သဲမြေများသာဖုံးလွှမ်းနေသော ဖုန်းဆိုးမြေကြီးကို မျက်စိတပြန့်တ
မြင်နေရပါသည်။

သူမသည် ရပ်နေလို့လည်း မရ၊ ကိုယ်တိုင်လည်း စိတ်ပါလ
ပါမရှိဘဲ ရှေ့တည့်တည့်သို့ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့သည





သူမရင်တစ်ခုလုံး မောဟိုက်နေသည်။ သူမတစ်ကိုယ်လုံး
လည်း နာကျင်နေပါသည်။

ထိုစဉ် သူမဦးခေါင်းထက်ဆီမှ တပေါက်ပေါက်ကျဆင်း
လာသည့်အရာများကြောင့် သူမက ထိုအရည်စက်များကို လက်ဖြင့်
တိုင်ကြည့်လိုက်သည်။

အလို . . . သွေးတွေပါလား။

သူမ လန့်သွားသည်။

သူမခေါင်းက ဘာလို့သွေးတွေ စီးကျနေရတာလဲ။

သူမစဉ်းစားလို့မရပါ။

သွေးအကြောင်းကိုသာ မဟုတ်။ ယခုအချိန်တွင် သူမကိုယ်
သူမလည်း မည်သူမှန်း မသိနိုင်အောင်ဖြစ်နေသည်။ ဘာဆိုဘာမျှ
ဉ်းစားလို့ မရပါပေ။

သူမသည် အရာရာကို ဝေခွဲမရဖြစ်နေသော်လည်း ရှေ့တူရှုသို့
ခပ်မှန်မှန်လျှောက်လှမ်းလျက်ရှိပေသည်။

''သရဖီ . . . သရဖီ . . .''

''သရဖီရေ . . . လာဟေ့''

ခေါ်သံများကို ကြားလိုက်ရသည်နှင့် သူမကိုခေါ်မှန်း သိလိုက်
သည်။

သူမနာမည် သရဖီဆိုတာကိုလည်း ရုတ်ခြည်းမှတ်မိလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည် . . . သူမ သရဖီပါ။

သူမ သရဖီသည် ဒီနေရာကိုတစ်ယောက်တည်း ဘာလာလုပ်နေတာလဲ။ ဘာလို့ရောက်နေရတာလဲ။

သူမနာမည်ကို ဘယ်သူတွေက အော်ခေါ်နေတာလဲ။

သူမသည် ရှေ့သို့သုံးလေးလှမ်းဆက်လျှောက်လိုက်သည်နှင့် သူမကိုအော်ခေါ်နေသူများအားမြင်တွေ့လိုက်ရပါတော့သည်။

ရှေ့တွင် ပင်လယ်လိုလို သမုဒ္ဒရာလိုလို ကျယ်ပြန့်လှသော ရေပြင်ကျယ်ကြီးတစ်ခု။ ရေပြင်ကြီးမှာ ကျယ်ပြောလွန်းသောကြောင့် တစ်ဖက်ကမ်း၏အဆုံးကိုပင် မမြင်ရပါပေ။

ထိုရေပြင်ကျယ်ကြီးထဲတွင် လှေကလေးတစ်စင်း။

ထိုလှေပေါ်မှနေ၍ သူမနာမည်ကိုအော်ခေါ်နေသည့် သူမ၏ သူငယ်ချင်းများကို တွေ့လိုက်ရပါပြီ။

လှေပေါ်တွင် သူမ၏သူငယ်ချင်းများသာမက အခြားသူများကို လည်းတွေ့လိုက်ရလေသည်။

သူမသူငယ်ချင်းများဖြစ်သည့် **နွယ်နီ၊ ချောချောနှင့်** ယောကျ်ားလေးသူငယ်ချင်းများဖြစ်သော **စောဝေမိုး၊ ချာလီချမ်း** တို့ဖြစ်ပါသည်။

သူတို့ကိုအုပ်စုလိုက်မြင်လိုက်သည်နှင့် သူမ၏အသိဉာဏ်များ လင်းပွင့်သွားခဲ့ရပါပြီ။

သူမသူငယ်ချင်းများသည် သေးငယ်သောလှေကလေးပေါ်၌ တက်ကာ ဘာလုပ်နေကြပါလိမ့်။ သူငယ်ချင်းများထဲတွင် ယောကျ်ားလေး





သူငယ်ချင်း ရဲရင့် မပါသည်ကိုလည်း သူမသတိထားလိုက်မိပါသည်။

တကယ်တော့ သူမတို့သည် ခရီးတစ်ခုထွက်လာကြခြင်း ဖြစ်သည်။ သူမရယ်၊ မိန်းကလေးများဖြစ်သည့် နွယ်နီနှင့်ချောချောရယ်၊ ယောကျ်ားလေးသူငယ်ချင်းသုံးယောက်ဖြစ်သည့် စောဝေမိုး၊ ချာလီချမ်းနှင့်ရဲရင့်တို့ ဖြစ်ပါသည်။

သူမတို့ခြောက်ယောက်သည် အဆိုတော်များဖြစ်ကာ နယ်မြို့လေးတစ်မြို့၏မင်္ဂလာဆောင်မှ ဖိတ်ကြားသည့်အတွက် မင်္ဂလာဆောင်တွင် သီချင်းသီဆိုဖျော်ဖြေရန် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

သူမမှတ်မိလာပါပြီ။

သူမတို့ နယ်မြို့လေးတွင် သီချင်းဆိုခဲ့ကြပြီးပြီ။

ထို့နောက် ထိုမြို့မှ ပြန်လာကြသည်။

ယခု သူမဘယ်ရောက်နေပါသနည်း။

သူမက သူမနောက်ဆုံး ကြုံတွေ့ခဲ့ရသောဖြစ်ရပ်ကို ပြန်စဉ်းစားကြည့်လိုက်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# အတိတ် ( ၁ )

မြို့ကလေးတွင် သီချင်းဆိုပြီး သူမတို့အုပ်စု ပြန်လာခဲ့ကြသည်။

ပြင်ဦးလွင်တွင် ခေတ္တဝင်ကာ လည်ပတ်ခဲ့သေးသည်။

သူမတို့အုပ်စုတွင် အဆိုတော်က ခြောက်ယောက်ပါသည်။

သူမအပါအဝင် မိန်းကလေးအဆိုတော်က သုံးယောက်။ သူမ သရဖီရယ်၊ ချောချောရယ်၊ နွယ်နီရယ် . . .

ယောကျ်ားလေးအဆိုတော်က သုံးယောက်။ ရဲရင့်ရယ်၊ စောဝေမိုးရယ်၊ ချာလီချမ်းရယ် . . .

တီးဝိုင်းပိုင်ရှင်က သူတို့အဆိုတော်ခြောက်ယောက်ကို သီးသန့်ကားငှားပေးပြီး ပြန်ခိုင်းလိုက်ခြင်းဖြစ်ပါသည်။ တိုယိုတာ တောင်းအော့စ်ကားလေးကို ငှားပေးလိုက်သည်။





တီးဝိုင်းပစ္စည်းများနှင့် ကျန်အဖွဲ့သားများက နောက်မှ ကားတစ်စီးဖြင့် လိုက်လာကြသည်။

ပြင်ဦးလွင်မှအထွက်တွင် ချောချောက အိပ်ငိုက်ကာ သူမ၏ ခုံပေါ်မှီ၍ ငိုက်မြည်းရင်း လိုက်ပါလာသည်။ နွယ်နီက ကားအပြင်သို့ ငေးကြည့်နေတာကိုလည်း သူမမှတ်မိနေသည်။

နောက်ကို လှည့်ကြည့်လိုက်တော့ စောဝေမိုးနှင့်ချာလီချမ်း သည်လည်း ကားထိုင်ခုံနောက်မှီများတွင် ခေါင်းတင်ကာ အိပ်ငိုက်နေ သည်ကို တွေ့ခဲ့ရသည်။

ရဲရင့်က ကားထဲတွင်ထိုင်နေရာမှထလိုက်ကာ –

"ကားထဲမှာ နေရတာ ငြီးစီစီကြီးဟာ" ဟု ပြောလိုက်သည်။

တောင်းအော့စ်ကားလေး၏အမိုးမှာ နိမ့်သည့်အတွက် ရဲရင့် ဆုပ်လိုက်သည့်အခါ ခေါင်းနှင့်မလွတ်ပေ။

ရဲရင့်က ကားတံခါးဝတွင် ဆင်း၍ရပ်လိုက်သည်။ လေရအောင် လည်း ကားတံခါးကို ဖွင့်လိုက်၏။

ရဲရင့် တံခါးဝတွင် မတ်တတ်ရပ်ရင်းလိုက်ပါလာတာကိုလည်း သူမ မှတ်မိနေပါသည်။ နေအကျတွင် ရဲရင့်၏ ခေါင်းတုံးတုံး ၌ ပြောင်လက်နေသောကတုံးလေးပေါ်သို့ နေရောင်ကျကာ တစ်ချက် တစ်ချက်လက်သွားသည်ကိုပင် ပြုံးမိသေးသည်။ ရဲရင့်သည် မကြာမီက ကိုရင်ဝတ်ပြီး လူထွက်ထားသဖြင့် ကတုံးနှင့် ဖြစ်နေခြင်းဖြစ်ပါသည်။

ထို့နောက် သူမကိုယ်တိုင်ပင် အိပ်ငိုက်သွားခဲ့သည်။

အလွန်အကြူးရုန်းရင်းဆန်ခတ် ဖြစ်သွားသည့်အချိန်ကျမှ သူမ အိပ်ငိုက်နေရာမှ လန့်နိုးသွားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလန့်နိုးလာချိန်တွင် ကားသည် တောင်ဆင်းလမ်းမပေါ်တွင် လူးလွန့်ယိမ်းခါနေသည်။ လမ်းဘေးချောက်ထဲသို့ ဦးတည်ထိုးဆိုက်ကျစပြုနေပြီ။

မိန်းကလေးများ၏ စူးစူးဝါးဝါးအော်သံများ လွင့်ပျံ့သွားသည်။

ကားရှေ့တွင် နွားတစ်ကောင် ကိုးရိုကားရားလုပ်နေသည်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။

ကားကစောင်းသွားသည်။

''အား ...''

ကားပေါ်မှကျသွားသော ရဲရင့်၏အော်သံကို ကြားလိုက်ရသည်။ ရဲရင့်သည် ကားတံခါးကိုဖွင့်ကာ ရပ်နေသူမို့ ကားပေါ်မှ အဦးဆုံးလိမ့်ကျသွားခဲ့ခြင်းဖြစ်သည်။

ကားထဲမှကျန်သူအားလုံးမှာ ခွက်ထဲကို အံစာတုံးထည့်၍ ခလောက်လိုက်သလို ဆောက်တည်ရာမရ၊ ရှုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။

ခန္ဓာကိုယ်အနှံ့ကို ထိခိုက်မိကုန်ကာ နာကျင်ခြင်းဝေဒနာကို ခံစားလိုက်ရသည်။

ဇောက်ထိုးမိုးမျှော်ဖြစ်ကာ အနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားသော အခြေအနေကိုသာ သူမ နောက်ဆုံးသတိရမိတော့လေသည်။

♣ ♣ ♣

# ပစ္စုပ္ပန် ( ၁ )

မန္တလေးဆေးရုံကြီး အရေးပေါ်ဌာနတွင် ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

တောင်ပေါ်မြို့လေးတစ်မြို့တွင် သီချင်းသွားဆိုသော တေးဂီတဝိုင်းတစ်ခုမှ အဆိုတော်ခြောက်ယောက် ကားမှောက်သည့်သတင်းကြောင့်ဖြစ်သည်။

ချောက်ထဲကျသွားသောကားထဲမှ လူနာများကို သယ်ယူလာသည့် လူနာတင်ကားမှာ ဆေးရုံကြီးသို့ ရောက်လာလေပြီ။

မကြာခင်မှာပင် ကားမှောက်ရာတွင်ပါဝင်သူ လူငယ်ခြောက်ဦး၏မိဘများ၊ ညီအစ်ကိုမောင်နှမများ သတင်းကြားသဖြင့် ရောက်လာကြလေ၏။

လူနာတင်ကားပေါ်တွင် ပါလာသောလူနာများထဲတွင် အချို့က အသက်ဆုံးရှုံးပြီး ဖြစ်ကြသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာနှင့် ယောက်ျားလေးနှစ်ယောက်မှာ ကားမှောက်စဉ်ကပင် ပွဲချင်းပြီး ကွယ်လွန်ခဲ့သည်။ မိန်းကလေးနှစ်ယောက်က သယ်ယူလာစဉ် လမ်းတွင် ကွယ်လွန်သွားသည်။

အသက်မသေသေးဘဲ ကျန်ရစ်သူမှာ နှစ်ဦးတည်းသာ ဖြစ်ပါသည်။

သေပြီးသူ၏အလောင်းများကို ရင်ခွဲရုံထဲသို့ တိုက်ရိုက်ပို့လိုက်ကြသည်။

မသေဘဲကျန်ရစ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကိုမူ အရေးပေါ်ဌာနသို့ သယ်ယူသွားကြလေ၏။

♟♟♟

BURMESE CLASSIC .com

## တာမလွှန် ( ၂ )

"သရဖီ . . . သရဖီ . . . လာလေ . . . မြန်မြန်လာခဲ့လေ"

"မြန်မြန်လာခဲ့ သရဖီ၊ လှေကထွက်တော့မှာ"

"ပြေးခဲ့ သရဖီ . . . နင်တစ်ယောက်တည်း ကျန်နေခဲ့လိမ့်မယ်"

လှေပေါ်မှ သူမသူငယ်ချင်းများက အမျိုးမျိုးအော်ဟစ်ကာ သူမကို ခေါ်နေကြပေသည်။

သူမက ရေပြင်ထဲမှလှေကလေးကို မျှော်ကြည့်လိုက်သည်။

လှေကလေးပေါ်မှ သူငယ်ချင်းများက သူမကို ဟစ်အော်ခေါ်နေသလို၊ အခြားသောသူစိမ်းများကလည်း သူမကို ငေးမျှော်ကြည့်နေကြပါသည်။

သူမခြေလှမ်းများက တုံ့ဆိုင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကိုကျော်၍ တစ်ဖက်ကမ်းကို ကြည့်လိုက်သည့်အခါ တွင်လည်း နေရောင်အောက်တွင် ရောင်ပြန်များ တရိပ်ရိပ်ထနေသော ရေများကိုသာ မြင်နေရပါသည်။ တစ်ဖက်ကမ်းအထိမူ မမြင်သာပါ။

မြင်မြင်သမျှအရာများက ခြောက်ကပ်တိတ်ဆိတ်လို့ နေပါသည်။

သူမသည် မြင်ကွင်းကို မနှစ်မြို့သလို ဖြစ်လာ၏။

လှေပေါ်ကို သူမ မတက်ချင်ပါ။

သူမသူငယ်ချင်းများကိုလည်း လှေနှင့်လိုက်မသွားစေချင်ပါ။

သူမက သူငယ်ချင်းများကို ဟစ်အော်ဟန့်တားရန် ကြိုးစား သော်လည်း နှုတ်မှအသံထွက်မလာချေ။

ထိုစဉ် သူမပခုံးကို အေးစက်သောလက်တစ်ဖက်ဖြင့် အကိုင်ခံ လိုက်ရလေသည်။

''ဘာလုပ်နေတာလဲ၊ တက်လေ၊ နင်တက်ပြီးတာနဲ့ လှေထွက် တော့မှာ၊ နင့်ကို စောင့်နေတာ''

သူမပခုံးကိုဆုပ်ကိုင်ပြီး ပြောလိုက်သော အသံသြသြကြီးကို ကြားလိုက်ရလေသည်။

သူမက ထိုသူ့ကို လှည့်ကြည့်လိုက်၏။

အို . . . သူမမျက်စိများ ပြာဝေသွားရပါတော့သည်။

ထိုသူသည် ဦးခေါင်း၌ ဦးချိုကြီးနှစ်ချောင်း ပေါက်နေ၏။ အသားအရေမှာ မီးသွေးခဲလို မည်းနက်နေပါသည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အဝတ်ကင်းမဲ့နေကာ အရှက်လုံရုံကလေး သစ်ရွက်ဖြင့် ဖုံးအုပ် ထားလေသည်။





သူမက ကြောက်စရာကောင်းသောလူကြီးကို မကြည့်ဝံ့ပဲ မျက်နှာလွှဲလိုက်သည်။

''မတက်ဘူး၊ ဘာလို့တက်ရမှာလဲ၊ ကျွန်မလှေပေါ် မတက်ချင် ဘူး''

သူမနှုတ်မှ ငြင်းဆန်စကားများ ထွက်ကျသွားလေသည်။

''မတက်ချင်လို့ ဘယ်ဖြစ်မလဲ မိန်းကလေးရဲ့၊ သေပြီးတဲ့ လူတွေဟာ ကူတို့လှေစီးပြီး တစ်ဖက်ကမ်းက တမလွန်ကို ကူးရတာ ထုံးစံပဲ''

''ဘာ . . . **သေပြီးတဲ့လူ**၊ ဟုတ်လား''

သူမကစက်ဆုပ်ရွံရှာသည့်ကြားမှ သူ့ကိုတစ်ဖန်ပြန်ကြည့် လိုက်သည်။ သူ့လက်ထဲ၌ လှေလှော်ရာတွင်အသုံးပြုသော လှော်တက် တစ်ချောင်းကို ကိုင်ထား၏။

''ဟုတ်တယ်၊ မင်းဟာ သေပြီးပြီလေ၊ သေပြီးရင်တမလွန်ကို သွားရမှာပဲ၊ ငါက လူသေတွေကိုတင်ပြီး တမလွန်ကို ပို့ပေးတဲ့ကူးတို့ လှေက မရဏာကူးတို့ရှင်ပေါ့''

''အမလေး . . . ဟင့်အင်း . . . ဟင့်အင်း . . .''

''မင်းကြောက်နေသလားကွယ်၊ တကယ်တော့ ကြောက်စရာ မဟုတ်ပါဘူး၊ သေသူတိုင်း ဒီလိုပဲသွားရတာပါ၊ ဟိုမှာ မင်းနဲ့အတူတူ အားတိုက်သေခဲ့တဲ့ မင်းသူငယ်ချင်းတွေလည်း ပါတယ်လေ၊ ကဲ– ကဲ– ပြောနေကြာတယ်၊ ကူးတို့လှေက မင်းကို စောင့်နေတာ၊ လူလည်းပြည့် ပြီ ထွက်တော့မယ်၊ လာ လာ တက်''



www.burmeseclassic.com

www.burmeseclassic.com



မရဏကူးတို့ရှင်သည် သူမ ကူးတို့လှေပေါ်တက်သည်အထိ မစောင့်တော့ဘဲ သူမကိုအကြမ်းပတမ်း ဆွဲခေါ်လာကာ ကမ်းစပ် အရောက်တွင် လှေပေါ်သို့ တွန်းတင်လိုက်လေသည်။

"ဟေး ... သရဖီကွ"

"ဒါမှ တို့သူငယ်ချင်း ..."

သူမ၏သူငယ်ချင်းများက သူမလှေပေါ် ရောက်လာသည်ကို သက်ခုပ်လက်ဝါးတီး၍ အားပေးလိုက်ကြလေသည်။

လှေက ထွက်လာပေပြီ။

မရဏကူးတို့ရှင်သည် လှေပဲ့ပိုင်းမှနေ၍ လှေကိုလှော်လျက် ရှိပေသည်။

လှေကလေးသည် ကမ်းစပ်နှင့် တစ်စ တစ်စ ဝေးကွာလာလေ၏။

သူမသည် ဝမ်းပန်းတနည်း ဖြစ်လာလေသည်။

ဘေးမှ သူမသူငယ်ချင်းများကို ကြည့်လိုက်တော့ ရယ်ရယ် မောမောနှင့်ပင် အူမြူးနေကြသည်ကို တွေ့လိုက်ရပေ၏။

သူတို့ စိတ်မှ ကောင်းကြသေးရဲ့လား။

သူမက သူမသူငယ်ချင်းများကို လှည့်ကြည့်လိုက်ရာ သူတို့၏ နဂိုဟန်ပျက်ယွင်းနေသော အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့လိုက်ရ လေတော့သည်။

သူတို့သည်သူမကဲ့သို့ပင် ဦးခေါင်းမှသွေးများကျဆင်းနေကြသည်။ နွယ်နီသည် မျက်လုံးတစ်ဖက် ဟောက်ပက်ဖြစ်နေကာ၊





ချောချောကတော့ အပေါ်နှုတ်ခမ်းမရှိတော့ဘဲ သွားများကိုဟာလာ ဟင်းလင်း မြင်နေရပေသည်။

စောဝေမိုး၏လည်ပင်းတွင် အပေါက်ကြီးဖြစ်နေကာ ထိုအပေါက်မှ သွေးများဒလဟောစီးကျနေပေ၏။ ချာလီချမ်းတွင်လည်း ညာဖက်လက်တစ်ဖက်မှာ တံတောင်ဆစ်မှနေ၍ တုံးတိကြီး ပြတ်နေပါသည်။

"နင်တို့ ... နင်တို့ ... ကိုယ့်ကိုယ်ကိုယ် သေပြီးကြပြီဆိုတာ ရော သိကြရဲ့လားဟင်"

သူမက မေးလိုက်သည်။

"သိသားပဲ၊ သေပြီးမှတော့ ဘာတတ်နိုင်မှာလဲ သရဖီရာ၊ ပျော်ပျော်ပဲနေကြတာပေါ့"

"ဟုတ်သားပဲ သရပီ၊ ငါတို့ တမလွန်မှာ သီချင်းဆက်ဆိုကြ မယ်လေ၊ တမလွန်လောကသားတွေကို ဖျော်ဖြေမယ် ... ဟီဟီ ..."

သူတို့စကားများက ပေါ့ပျက်ပျက် နိုင်လှချေသည်။

"အို ... ငါမသေချင်ဘူး၊ ငါမသေချင်သေးဘူး"

သူမက ကြောက်လန့်တကြားနှင့် စူးစူးဝါးဝါးအော်လိုက် လေသည်။ ဤကူးတို့လှေပေါ်မှလည်း ထွက်ပြေးချင်စိတ် ပေါက်လာ၏။

သူမ၏အော်သံကြောင့် ကူးတို့လှေပေါ်တွင် ပါလာသူအားလုံး က လှည့်ကြည့်ကြလေသည်။

ကူးတို့လှေပေါ်၌ သူမတို့အုပ်စုအပြင် အခြားလူများ ပါပါ သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေ၏ဦးပိုင်းထိပ်ဆုံးတွင် မိန်းမနှစ်ယောက် ယှဉ်ထိုင်နေကြ၏။ တစ်ယောက်က အဝတ်အစားသစ်သစ်လွင်လွင်နှင့် အချိုးအစားကျကျ လှလှပပဝတ်စားထားသည်။ သူမကိုကြည့်ရသည်မှာ သေပြီးသူတစ်ယောက်နှင့်ပင် မတူလှချေ။

ထိုအမျိုးသမီးနှင့် ယှဉ်ထိုင်နေသောအမျိုးသမီးမှာမူ ညအိပ်ဝတ်စုံကို ဝတ်ဆင်ထားလေ၏။ သူမသည် လက်နှစ်ဖက်ကိုပိုက်ကာ ချမ်းအေးဟန်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်။ သူမအသားအရေများက ပြာနှမ်းနှမ်းဖြစ်နေကာ လက်ချောင်းများမှာလည်း ပဲကြီးရေစိမ်လို ရှုံ့တွနေပေ၏။ သူမသည် အချမ်းဒဏ်ကို အတော်ခံစားနေရမှန်း သိသာလှပေ၏။ လှေပေါ်ကလူများစွာထဲတွင် သူမတစ်ယောက်တည်း ဘာလို့ချမ်းနေရတာပါလိမ့်။

ယှဉ်ထိုင်နေသော မိန်းမနှစ်ယောက်မှာ အသက်၃၀အရွယ်ခန့် မတိမ်းမယိမ်းအရွယ်များ ဖြစ်လေ၏။

ထိုမိန်းမနှစ်ယောက်၏ရှေ့တွင် အသက်ဆယ်နှစ်ခန့် မိန်းကလေးငယ်တစ်ဦး။

ထို့နောက် အိုမင်းရင့်ရော်နေသော အဘွားအိုတစ်ဦးနှင့် လူခ ကြီးကြီးတစ်ဦးက သရဖီတို့အုပ်စုကို နောက်ကျောနှိုင်း၍ ထိုင်နေကြသည်။

လှေမှာ လူနှစ်ယောက်ယှဉ်ထိုင်လောက်အောင် ကျယ်ဝန်းသည့်အတွက် နှစ်ယောက်တစ်တန်း ထိုင်နေကြသည့် သဘောပင်။

လူလတ်ပိုင်းအရွယ် အမျိုးသမီးနှစ်ယောက်က ရှေ့ဆုံးတွင် လှေနောက်ဘက်ကို မျက်နှာပြုထိုင်နေခြင်းဖြစ်၏။ အဘွားကြီးနှင့်လူကြီးမှာ လှေဦးတည်ရာဖက်ကို လှည့်ထိုင်နေသည့်အတွက် အမျိုးသမီးနှစ်ယောက်နှင့်မျက်နှာချင်းဆိုင် ဖြစ်နေသည်။





သူတို့ကြားမှာမှ အသက်ဆယ်နှစ်အရွယ်ခန့် ကောင်မလေး။ ထိုကောင်မလေးအသားအရေများအားလုံး အသားနီလန်ကာ ပွဲရှဲ့နေလေ၏။ ဆံပင်များမှာလည်း ငုံးတိသာရှိပေသည်။ ဒီကလေး ဘယ်လိုဖြစ်ပြီး သေခဲ့တာပါလိမ့်။

အဘွားကြီးကိုယ်မှလည်း ဆေးမျိုးစုံတို့၏အနံ့များ နံစော်နေလေရာ ဆေးရုံထဲရောက်သွားသလိုပင် ခံစားရလေသည်။

ထိုလူငါးယောက်က လှေရှေ့ပိုင်းတွင် ဝိုင်းဖွဲ့ထိုင်နေသကဲ့သို့ဖြစ်နေသည်။

သရဖီတို့သူငယ်ချင်းငါးယောက်က လှေနောက်ပိုင်းတွင်သီးခြားဖြစ်ကာ စကားသံများဆူညံနေကြလေသည်။

လှေရှေ့ပိုင်းမှ လူငါးယောက်ကမူ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိနေကြလေ၏။

သူမတို့အုပ်စုသာလျှင် ရုတ်တရက် အစိမ်းသေသေဆုံးခဲ့သူများ ဖြစ်ပေလိမ့်မည်။ သူမတို့အုပ်စုသည် စတိတ်ရှိုးသီဆိုပြီး ကားဖြင့်ပြန်လာကြစဉ် ကားမှောက်၍ ကွယ်လွန်ခဲ့ရခြင်းဖြစ်ပါသည်။

"ဒါဖြင့် . . . ရဲရင့်ကော၊ ရဲရင့်ဘယ်မှာလဲ"

သူမတို့အုပ်စုမှ ယောကျာ်းလေးသုံးယောက်၊ မိန်းကလေးသုံးယောက်၊ ခြောက်ယောက်ဖြစ်ပါသည်။ အတူပါသူထဲမှ ရဲရင့်ကိုမတွေ့မြင်ပါ၍ သူမက မေးလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့်မသေဘူး ထင်တယ်၊ ပါမလာဘူး"

အို . . . ရဲရင့်တောင် မသေပဲလွတ်သွားသေးတာ၊ သူမက ဘာဖြစ်လို့ သေရမှာလဲ။ သူမစိတ်ထဲက မခံချင်ဖြစ်လာလေသည်။

"ငါတို့က ပွဲချင်းပြီးသေတော့ ဒီကူးတို့ပေါ်ကို အရင်ရောက်နေ တာပေါ့၊ နင်ကတော့ . . ချက်ချင်းမသေဘူးလေ၊ ငါတို့အလောင်းတွေ ရင်ခွဲရုံပို့လိုက်တဲ့အချိန်မှာ နင့်ကို ဆေးခန်းထဲ သယ်သွားကြတယ် ဒါပေမဲ့ နင်သေမယ်ဆိုတာသိလို့ ငါတို့က ကူးတို့လှေကို စောင့်နိုင်း ထားတာ သရဖီ"

ချောချောက သူမကို ရှင်းပြနေသည်။

သူမသည် ဆေးရုံရောက်ပြီး သူတို့ထက်နောက်ကျမှသေသည် အတွက် ဤနေရာသို့နောက်ကျမှ ရောက်လာရခြင်းပါကလား။

"ခေါင်းတုံးနဲ့ဘုငယ်လေးက ကားအပေါ်က တွယ်စီးလာတာ လေ၊ ကားဘေးကိုစောင်းသွားတော့ သူထွက်ကျပြီး မသေဘဲလွတ်သွား တာပေါ့၊ ဦးလေးတို့ကားကတော့ ချောက်ထဲကျသွားလို့ ဦးလေးပါသေ တာပါ မိန်းကလေး"

အဘွားအိုကြီးနှင့် ယှဉ်ကာ ရှေ့ကိုမျက်နှာလှည့်ထိုင်နေသော လူကြီးက သူမကိုလှည့်၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။ လူကြီး၏မျက်နှာ တစ်ခုလုံး သွေးများစိုရွှဲနေကာ မျက်နှာတွင် မှန်စများစူးဝင်နေလေသည်

ထိုလူကြီးကို သူမသေချာကြည့်လိုက်တော့ . . .

"ဟင် . . . ဦးလေးက ကျွန်မတို့ကားကို မောင်းလာတဲ့ ဒရိုင် ဘာကြီး မဟုတ်လား"

ဆုပြည့်စုံထွန်းဆာပေ



"ဟုတ်တယ်ကွယ့်၊ ဦးလေးလည်း သတိနဲ့မောင်းတာပါပဲကွယ်၊ တောင်ဆင်းတောင်တက်လမ်းဆိုတာက ရှောင်ရတိမ်းရခက်တယ်လေ၊ ကားတစ်ကောင်က လမ်းမပေါ်ကို ဖွတ်တက်လာတော့ ဦးလေးလည်း တွေ့ရှောင်ရင်း ကားချောက်ထဲ ကျသွားရတာပဲ၊ ဦးလေးကို ခွင့်လွှတ် ကွယ်၊ အေးလေ သေပြီးမှတော့ ငါတို့တွေ ဘာတတ်နိုင်မှာလဲ"

ဒရိုင်ဘာဦးလေးကြီးက သူမကိုရှင်းပြပြီးနောက် ရှေ့ကိုပြန် လှည့်သွားလေတော့သည်။

ဒရိုင်ဘာကြီးရှင်းပြလိုက်၍ သီချင်းဆိုပြီးအပြန်လမ်းတွင် ကားတိမ်းမှောက်ခဲ့သည်ဖြစ်ရပ်ကို သူမပြန်ပြီး မြင်ယောင်လာပါသည်။

သူမတို့စီးလာသည့်ကားက တောင်းအေ့စ်ကားလေး။ ကားထဲ တွင် သူမတို့သူငယ်ချင်း ခြောက်ယောက်ပါသည်။ လမ်းတစ်ဝက်တွင် ခေါင်းက ကားထဲမှာအိုက်တယ်ဆိုကာ ကားတံခါးပေါက်မှာ မတ်တတ်ရပ် စီးလာခဲ့သည်။ တောင်ဆင်းလမ်းအတိုင်း ဆင်းလာသော သူမတို့ ကားသည် ရုတ်တရက် တောင်ကွေ့အကွယ်မှထွက်လာသော နွား တစ်ကောင်ကို မြင်လိုက်သည်တွင် ကွေ့ရှောင်လိုက်ရသည်။ တစ်ဖက်မှာ ချောက်ကမ်းပါးသာရှိပါသည်။ ကားသည် ချောက်ထဲသို့ တလိမ့်ခေါက် ကျသွား၏။

သူမက ကားမှောက်သည့်မြင်ကွင်းကို ပြန်မြင်ယောင်လာ

ကားတံခါးဝမှ စီးလာသောရဲရင့်သည် ကားတိမ်းအသွားတွင် ခုန်ထွက်ကျခဲ့ခြင်းပဲ ဖြစ်ပါလိမ့်မည်။

ဆုပြည့်စုံထွန်းဆာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ကံကောင်းပါသည်။ ရဲရင့်သေဘေးမှလွတ်သလို သူ
ဘာလို့ မလွတ်ရတာလဲ။ ရဲရင့်ကို မနာလိုခြင်းမဟုတ်ပါ။ ရဲရင့်အတွက်
ဝမ်းမြောက်မိပြီး ကိုယ့်အတွက်ကိုယ် ကြေကွဲမိခြင်းပင်ဖြစ်ပါသည်။

"ဒါဖြင့် ...နင်တို့တွေဟာ ကားတစ်စီးတည်း အတူ
မှောက်ပြီး အတူတူသေခဲ့ကြတဲ့လူတွေပေါ့၊ ဟုတ်လား"

အသက်အကြီးဆုံးအဘွားကြီးက သူတို့ကိုလှည့်ကြည့်က
မေးလိုက်ခြင်း ဖြစ်လေသည်။

"ဟုတ်ပါတယ် အဘွား"

ချာလီချမ်းက ဖြေလိုက်သည်။

"အို ...ကျွတ် ...ကျွတ် ...ငယ်ငယ်လေးတွေရှိသေး
တာကွယ်၊ ကြည့်စမ်းပါဦး၊ ငယ်ငယ်ချောချောလေးတွေပါလားကွယ်
ငါ့မြေးအရွယ်လေးတွေဟဲ့"

အဘွားကြီးပြောလိုက်သောစကားကြောင့် သရဖို့ရင်ထဲတ
ဆို့သွားလေသည်။ ငါ့အသက်ငယ်ငယ်လေး ရှိသေးတယ်၊ ငါ့မှာလုပ်
တွေရှိသေးတယ်၊ ငါသေပြီတဲ့လား။ မသေချင်သေးဘူး၊ မသေချင်သေး

"နင်တို့တွေဟာ အစိမ်းသေတွေပေါ့၊ ဟောဒီကလေးမ
ဟာလည်း အစိမ်းသေပဲ၊ သနားစရာကွယ်၊ သူ့ကိုမေးကြည့်တော့ သူ
မီးလောင်လို့ သေခဲ့ရတာတဲ့"

အဘွားအိုက ဆယ်နှစ်အရွယ်ကလေးမလေးကို ညွှန်ပြရင်း
လိုက်သည်။ ဒါ့ကြောင့် ကောင်မလေးတစ်ကိုယ်လုံး အသားနီတွေ





နေတာကိုး။ ခေါင်းမှာလည်း မီးလောင်ခံထားရ၍ ဆံပင်များမီးလောင်
ကျန်ကာ ငုတ်တိုလေးများ ကျန်ခဲ့ခြင်းဖြစ်သည်။

"ငါ့မြေး၊ နင့်နာမည် ဘယ်လိုခေါ်သလဲဟဲ့"

"ချစ်စုပါအဘွား"

"အင်း ...ငယ်ငယ်ကြီးကြီး သေချိန်တန်ရင် သေရတာပါ
အားနော်"

အဘွားအိုက သံဝေဂရသလို ပြောလိုက်သည်။

"ဒါနဲ့ ရှေ့ကမိန်းကလေးနှစ်ယောက်ကရော၊ ဘယ်လိုဖြစ်ပြီး
သေကြရတာလဲကွယ့်၊ ပြောပါဦး"

အဘွားအိုက စပ်စုလိုက်ပြန်သည်။

လှလှပပဝတ်စားထားသောအမျိုးသမီးက သက်ပြင်းကိုချရင်း
ဖြေလိုက်သည်။

"ကျွန်မ ရုတ်တရက် နှလုံးသွေးရပ်ပြီး ဘွယ်လွန်ခဲ့ရတာပါ
အဘွားရယ်"

"အြော် ...ရုတ်တရက်သေတာကိုး၊ ဒါကြောင့် ညည်းက
လှမပျက်ဘဲ ကြည့်ကောင်းနေတာကိုးအေ့"

"ဟုတ်ကဲ့၊ ကျွန်မ ခရီးတစ်ခုကပြန်အလာ အိမ်အရောက်မှာ
သေရတာပါအဘွား။ ခရီးထွက်လာတာဆိုတော့ ကောင်းကောင်းမွန်မွန်
ဝတ်စားထားတာလေ"

"အေး ... ဒါ့ကြောင့် ဒီလူတွေထဲမှာ ညည်းက အသပ်ရပ်
အလှဆုံးဖြစ်နေတာကိုး၊ ဒါနဲ့ ညည်းနာမည် ဘယ်လိုခေါ်လဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး''

''ခင်မေလွင်ပါအဘွား''

''ဒီဘက်ကမိန်းကလေးကရောကွယ်၊ ဘယ်လိုဖြစ်ပြီး သေရော
လဲ''

အဘွားအိုက ချမ်းလွန်း၍တုန်နေသော အမျိုးသမီးကိ
မေးလိုက်ပြန်လေသည်။

အမျိုးသမီးက ယခုထိ အချမ်းပြေသေးဟန်မတူ။ လက်နှစ်ဖက်
ကိုပိုက်ထားဆဲ။ ချမ်းလွန်း၍ အပေါ်သွားနှင့်အောက်သွားရိုက်က
တဂတ်ဂတ်မြည်သံကိုပင် လှေတစ်စင်းလုံးက ကြားနေရပေ၏။

''ကျ …ကျ …ကျွန်မ …အေး … အေး …
အေးလွန်းလို့ သွေး …သွေးခဲပြီး သေခဲ့ရတာပါ အဘွားရယ်၊ အဟ
ဟင်း … ဟင်း …''

စကားပြန်ပြောလိုက်ရာတွင် သူမပါးစပ်ထဲမှ ရေခိုးရေငွေ့မျ
ပင်ထွက်လာလေသည်။

''ဖြစ်ရလေအေ၊ သွေးခဲသေတယ်၊ ဟုတ်လား၊ အဲဒါကြော
ညည်းတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတာကိုး''

''ဟုတ် …ဟုတ်ပါတယ် …အမလေး … ချမ်း …
ချမ်းလိုက်တာနော် …ဟော်ဟော် …''

''ညည်းနာမည်ကရော''

''ထားဟားဟား …ချိုဟိုဟို …''

''ဘာ …''





အမျိုးသမီးက သူ့အသံကို တည်ငြိမ်အောင်ကြိုးစား၍ နောက်
တစ်ခါထပ်ပြောလိုက်သည်။

''**ထားထားချို** ပါ''

''ထားထားချို၊ အင်း …ခုလိုသိရတော့ နင်တို့တွေအား
လုံးဟာ ရုတ်တရက် အစိမ်းသေ သေခဲ့ကြတဲ့သူတွေချည်းပဲဆိုတာ
သိလိုက်ရပြီ အေး …ငါကတော့ အစိမ်းသေ မဟုတ်ဘူး၊ ဒီလှေပေါ်မှာ
ရောဂါဘယနဲ့ အသက်ကြီးပြီးသေတဲ့လူဆိုလို့ ငါတစ်ယောက်ပဲပါတယ်''

အဘွားအိုက ပြောလိုက်သည်။

''ငါသေတာလည်း ကောင်းပါတယ်၊ လူ့ပြည်မှာနေရတာလည်း
ငြီးငွေ့လှပါပြီ၊ မသေခင်ငါဟာ နှစ်ရှည်လများနာမကျန်းဖြစ်ပြီး ဆေးရုံ
တက်နေရတယ်၊ ဆေးမျိုးစုံကို သောက်ခဲ့ရတယ်၊ ငါ့ကိုယ်မှာ အခုထိ
ဆေးနံ့တွေနံနေတာသာ ကြည့်တော့၊ ငါ့သားသမီးတွေလည်း ငါ့ကို
ပြုစုရသရတာနဲ့ ကုန်လှကျလှပြီ၊ သူတို့လည်း ညည်းညူလှပြီ၊ ကြာရင်
အမေ့အတွက် ညည်းညူတဲ့သူတို့တွေ ငရဲရမှာစိုးရတယ်၊ ဒီတော့
သေလိုက်တာ ခပ်ကောင်းကောင်းပါလေ၊ မြန်မြန်သေတော့ နောက်ဘဝ
အသစ်တစ်ခု မြန်မြန်ကူးရတာပေါ့အေ''

အဘွားအိုက ရွှင်ရွှင်ပျပျလေသံဖြင့် ပြောလိုက်လေ၏။

''မှတ်ထားကြ၊ ငါ့နာမည်က **ဒေါ်စိန်ကြည်**တဲ့၊ ငါတို့တွေ
အသက်ရှင်စဉ်က တစ်ယောက်နဲ့တစ်ယောက် မသိခဲ့ကြဘူး၊ တွေ့တောင်
တွေ့ဖူးခဲ့ကြဘူး၊ တမလွန်ခရီးသွားမှ ကူးတို့လှေတစ်လှေတည်း အတူ
စီးရတာ ရေစက်ပါလို့ပဲ၊ **မသာရေစက်** ဆိုပါတော့လေ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့တုန်း ဆုံတုန်း ခင်ခင်မင်မင် နေကြတာပေါ့၊ ဒါနဲ့ ကားမှောက်သေခဲ့တဲ့ ကလေးတွေ၊ တို့ကတော့ နာမည်တွေဘာတွေပြော မိတ်ဆက်ပြီးပဟဲ့၊ နင်တို့ နာမည်တွေလည်း ပြောကြဦးလေ''

''ကျွန်တော့်နာမည်က ကိုဘသောင်း။ သူတို့စီးလာတဲ့ကားကို မောင်းတဲ့ဒရိုင်ဘာပါ''

ဒေါ်စိန်ကြည်မေးလိုက်သောကြောင့် ဒရိုင်ဘာကြီးက အရင်ဦးဆုံးဖြေလိုက်လေသည်။

သရဖီတို့အုပ်စုလည်း မိမိတို့ နာမည်များကို ပြောပြလိုက်၏။

သရဖီ၊ ချောချော၊ နွယ်နီ၊ စောဝေမိုး၊ ချာလီချမ်း။

''အေး . . . တို့တွေဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွား တမလွန်ခရီးသည်တွေပဲ၊ ခင်ခင်မင်မင်ရင်းရင်းနှီးနှီး နေကြတာပေါ့ကွယ်''

''ဟုတ်ကဲ့ပါ အဘွား''

သရဖီမှအပ လှေပေါ်မှာပါသူအားလုံးက အဘွားဒေါ်စိန်ကြည်စကားကို သံပြိုင်ထောက်ခံလိုက်ကြလေသည်။

ကူးတို့လှေပေါ်တွင် ပါလာသည့်သူများထဲတွင် သေခြင်းတရားကို လက်မခံနိုင်သူမှာ သူမတစ်ယောက်ပဲ ရှိမည်ထင်ပါသည်။

အားလုံးသည် ကူးတို့လှေခေါ်ဆောင်ရာသို့ တိတ်ဆိတ်စွာလိုက်ပါလာကြပြီး၊ သူမသူငယ်ချင်းများကတော့ သီချင်းများပင် ညည်းလို့နေပါသည်။

သူမသေချင်သေးပါ။

ငါမသေရဘူး။ ငါမသေရဘူး။

ဆုပြည့်စုံတွန်းစာပေ



သူမ သေလို့ မဖြစ်သေးပါ။

သူမတွင် လုပ်စရာအလုပ်များရှိသေးသည်။

သူမဘဝအတွက် အရေးကြီးသောစာမေးပွဲကိုလည်း ဖြေဆိုရဦးမည်။

ဖြေရမည်။ အဖြေ။

အဖြေဆိုသည်ကိုတွေးမိမှ သူမသည် လူတစ်ယောက်ကို အဖြေပေးရဦးမည့်ကိစ္စအား မှတ်မိလာပြန်လေသည်။

''ဒီခရီးကပြန်ရင်တော့ ကိုယ့်ကိုအဖြေပေးပါတော့ သရဖီရယ်''

သူမနားထဲမှာ ကြားယောင်လာသည်။

ထိုသူ့ကိုပေးရမည့်အဖြေမှာ ချစ်အဖြေဖြစ်ပါသည်။

မှန်ပါသည်။ သူမသည် သူမကိုချစ်ရေးဆိုထားသည့်လူတစ်ယောက်အား ချစ်အဖြေပေးရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## အတိတ် ( ၂ )

ချောချောက မြန်မာသံစဉ်သီချင်းတစ်ပုဒ်ကို သီဆိုနေပါသည်။ သီချင်းသီဆိုသည့်နေရာက စင်မြင့်မဟုတ်ပါ။ မင်္ဂလာဆောင်ဖြစ်သည့်အတွက် သတို့သားနှင့်သတို့သမီး ထိုင်သည့်စင်မြင့်ထက် နိမ့်သောနေရာမှာ သီဆိုနေခြင်းဖြစ်သည်။ သီချင်းသီဆိုဖျော်ဖြေသူက စင်၏ဘေးမှာ ရောက်နေသည်။

တကယ်တော့ သရဖီတို့ ဂီတကဗျာတူရိယာအဖွဲ့သည် မင်္ဂလာဆောင်များတွင် သီဆိုဖျော်ဖြေရမည်ကို အာသီသမရှိလှပါ။ မင်္ဂလာဆောင်တွင်သီဆိုရသည်က ပရိသတ်၏အာရုံစိုက်ခံရမှု နည်းသည်။ မရှိသလောက်ပင် နည်းပါသည်။

ပရိသတ်က အစားအသောက်တွေ စားသောက်နေကြသည်။ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်နေကြသည်။ သည်အထဲတွင် သီချင်းဆိုရသည်မှာ ဝေါင်းစင်းစင်းနိုင်လှသည်။ အနုပညာရှင်ဆိုတာက မိမိဖန်တီး





ပြသည့်အနုပညာကို ပရိသတ်က အာရုံစူးစိုက်ခံစားမှသာ ကျေနပ်မှုရတာမျိုး မဟုတ်လား။

အဲဒါကြောင့် သရဖီတို့ ဂီတကဗျာတူရိယာအဖွဲ့ဝင်များအားလုံးသည် မင်္ဂလာဆောင်တို့၊ မွေးနေ့ပွဲတို့တွင် ဖျော်ဖြေမှုမလုပ်လိုခြင်းဖြစ်သည်။

သို့သော် တီးဝိုင်းခေါင်းဆောင်လည်းဖြစ်၊ ပိုင်ရှင်လည်းဖြစ်သည့် ကိုနိုင်ကြီးက စီးပွားရေးအရလက်ခံထား၍ လာရောက်ဖျော်ဖြေနေရခြင်းဖြစ်ပါသည်။ တကယ်တမ်းကျတော့လည်း သရဖီတို့လိုနာမည်မရသေးသော တီးဝိုင်းအငယ်စားလေးတစ်ခုအဖို့ ပွဲရွေးမနေနိုင်ဘူး မဟုတ်လား။

ယခုပွဲကတော့ တောင်ပေါ်မြို့ကလေးက မန္တလေးအထိဆင်းလာကာ သရဖီတို့တီးဝိုင်းကို ငှားခဲ့ခြင်းဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် တစ်မြို့တစ်ရွာကပင် လာငှားရတယ်ဆိုတော့ ဂုဏ်ယူစရာကောင်းပါသည်။

ဘံသာတမ်းထိုင်
တျှိုရှိုင်ပြိုင် တူးမယ်လေ
ဆုထူးတို မောင်မယ်စုံခြွေ
ဟိုရှေးရေစက်တိုင်လေညီး ဖွဲ့မသွေ
ဖူးစာဖတ် ချစ်သတ်လေ ချစ်တဲ့သတ်လေ
မောင့်အသည်းဆိုင် မယ်ပဲလေ
မယ့်အသည်းဆိုင် မောင်ပါပဲလေ
စုံခြွေတညှာ တစ္စာတိုင်အောင်လေ
သူနိုင်ထိုယ်နိုင် သစ္စာမဏ္ဍိုင်ချစ်ချင်းပြိုင်တာတွေ ××× ×××



www.burmeseclassic.com

www.burmeseclassic.com



ချောချောသီဆိုနေသော မြန်မာသံသီချင်းလေး ဖြစ်ပါသည်။ မင်္ဂလာဆောင်နှင့်လိုက်ဖက်သော သီချင်းတစ်ပုဒ်လည်းဖြစ်ပါ၏။

ချောချောမှာ မြန်မာသံစည်သီချင်းများကိုသာ သီးသန့်သီဆိုသော အမျိုးသမီးအဆိုတော်ဖြစ်ပါသည်။

တီးဝိုင်း၌ အမျိုးသမီးအဆိုတော်သုံးယောက်ပါဝင်ရာတွင် နွယ်နီက စတီရီယိုသီချင်းများကိုသာ သီဆိုပါသည်။ သရဖီကတော့ မြန်မာသံရော စတီရီယိုပါ နှစ်မျိုးလုံးရသည်။

ယောကျ်ားလေးအဆိုတော်သုံးယောက်တွင် စောဝေမိုးနှင့် ချာလီမှာ စတီရီယိုသီချင်းများကိုသာ သီဆိုနိုင်သည်။ ရဲရင့်ကတော့ မြန်မာသံရော၊ စတီရီယိုပါ သီဆိုသည့် အဆိုတော်တစ်ယောက်ဖြစ်နေပြန်၏။

သူတို့အဖွဲ့တွင် မြန်မာသံနှင့်စတီရီယို နှစ်မျိုးလုံးကိုသီဆိုနိုင်သူမှာ ရဲရင့်နှင့်သရဖီတို့သာဖြစ်သည်။

ထို့ကြောင့် အလှူမင်္ဂလာပွဲများ၊ ဘာသာရေးပွဲများဆိုလျှင် ရဲရင့်၊ သရဖီနှင့် ချောချောတို့ကသာ အများဆုံးသီဆိုရလေ၏။ အလှူ မင်္ဂလာပွဲများနှင့် မင်္ဂလာဆောင်များမှာ ဆူညံသောသီချင်းများနှင့် မလိုက်ဖက်သောကြောင့်ဖြစ်သည်။

ချောချောသီဆိုပြီးလျှင် ရဲရင့်နှင့်သရဖီတို့က မင်္ဂလာဆောင်နှင့် လိုက်ဖက်သောစုံတွဲသီချင်းတစ်ပုဒ်ကို သီဆိုကြမည်ဖြစ်သည်။ ရဲရင့်နှင့် သရဖီစုံတွဲသီဆိုရန် ''သူနဲ့သာဆိုရင်''ဆိုသည့် မြန်မာသံသီချင်းကို ရွေးချယ်ထားပါသည်။





မောင် ရှေ့တိုထည်တည့် လျှောက်မယ်လေ ×××
မယ်လည်း ထည့်တည့်ရိုက်ကာ လျှောက်မယ် မောင်ရေ
တောထိုအရာ အဖြူပါပေ မြင်သားမေ
ဘော်သာအွာဖြူ ဝုလဲဖြူ မြင်သားပေါ့သတ်ခဲ
ဘုရားသွားကျောင်းတတ် စိတ်တူထိုယ်တူ
ဖြည်ဖြူပါတယ်စော မယ်တားလေယ်မြေ
မောင်ထား မိုးကောင်းရေ တောကီးအမြူတော
သီးပွင့်ဖြိုးစေ ရာသတ်ဝန်ဆုံး ရှုမ်တျော်စေ ××× ××× ×××

ချောချောဖျော်ဖြေနေစဉ်မှာပင် သရဖီနှင့်ရဲရင့်က တီးဝိုင်းနှင့် အနီးနားဖြစ်သော ဧည့်သည်များထိုင်သည့်စားပွဲတွင် ထိုင်စောင့်နေကြသည်။

ပွဲက မင်္ဂလာဆောင်ဖြစ်သည့်အတွက် ရဲရင့်သည် တိုက်ပုံအင်္ကျီကို ကျကျနနဝတ်ဆင်ထားပါသည်။ သို့သော် ခေါင်းကတော့ ခေါင်းတုံးလေးဖြစ်ကာ ပြောင်နေ၏။ ကိုရင်လူထွက်ထားတာ သုံးရက်ပဲ ရှိသေးသည့်ရဲရင့်အတွက် ဒီပွဲက ပထမဆုံးဆိုရခြင်းဖြစ်သည်။ စတိတ်ရှိုး ဆိုစရာရှိလျှင် ဆောင်းဖို့ဝယ်ထားသော လျှာထိုးဦးထုတ်ကလေးကို ဆောင်းလို့မရတော့။

ခေါင်းတုံးနှင့်တိုက်ပုံနှင့် ငေါ်းစင်းစင်းလေးဖြစ်နေသော ရဲရင့်ကို ကြည့်ကာ သရဖီက ပြုံးလိုက်သည်။

''မင်္ဂလာဆောင်မှာ သီချင်းဆိုရတော့ သရဖီ့စိတ်ထဲမှာ ဘယ်လိုနေလဲဟင်''

ရဲရင့်က သရဖီ့ကို မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ရဲရင့်"

"အားမကျဘူးလားလို့"

"အို ... ဘာလဲ၊ သွားပါ"

သရဖီက ရှက်သွားကာ စားပွဲပေါ်တင်ထားသော ရဲရင့်လက်ကို လှမ်းဆိတ်ဆွဲလိုက်သည်။

"တကယ်တော့ အားကျစရာပဲ သရဖီရဲ့၊ ကိုယ်တို့မင်္ဂလာဆောင်ရင်လည်း သူငယ်ချင်းတွေက ဒီလိုပဲသီချင်းဆိုပြီး အားပေးကြမှာပဲနော်"

"သွားသေလိုက်ပါလား၊ မင်္ဂလာဆောင်တဲ့အထိများ စဉ်းစားနေလိုက်တာ၊ ဟွန်း ..."

"သရဖီ၊ ကိုယ့်ကိုအဖြေပေးပါတော့လား သရဖီရယ်"

"တော်ပါ ရဲရင့်ရယ်၊ ပွဲခင်းကြီးထဲမှာ၊ ခဏနေရင် သီချင်းဆိုရတော့မယ့်ဟာကို၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ကိုယ်တောင်းတဲ့အဖြေက လက်ရှိပွဲနဲ့ လိုက်ဖက်ပါတယ် သရဖီ၊ သရဖီ့ဆီက အဖြေတောင်းထားတာ .."

"ဟော ... ချောချောသီချင်းက နောက်ဆုံးပိုဒ်ရောက်နေပြီ၊ တီးဝိုင်းဘေးမှာ အဆင်သင့်သွားရပ်နေရအောင်ရဲရင့်၊ ထ ... ထ ..."

သရဖီက ပြောရင်း ထရပ်လိုက်ကာ တီးဝိုင်းဘေးသို့ လျှောက်သွားသည်မို့ ရဲရင့်မှာ ပြောလက်စစကား အဆုံးမသတ်နိုင်ပဲ ဖြစ်သွားရသည်။ သရဖီ့ကို မျက်ထောင့်နီကြီးဖြင့် ကြည့်ရင်း နောက်က လိုက်လာ၏။





သရဖီတို့တီးဝိုင်းဘေးရောက်သည်နှင့် ချောချောသီချင်းပြီးဆုံးသည်မှာ အံကိုက်ပင်ဖြစ်သည်။

တီးဝိုင်းက အဆင်သင့်စဉ်ထားပြီးဖြစ်သော နုတ်စိစာရွက်ကို ကြည့်ကာ ရဲရင့်နှင့်သရဖီဆိုကြမည့် "သူနဲ့သာဆိုရင်"သီချင်းအတောပိုဒ်ကို တီးလိုက်သည်။

အတောပိုဒ်ဆုံးသည်နှင့် ရဲရင့်က သီချင်းကို စဆိုလိုက်သည်။

သူနဲ့သာဆိုရင် ×××

ဘယ်လိုဝေးဝေး

လိုက်မှာပဲ အမြဲမခွဲတမ်းပင်

သူနဲ့သာဆိုရင် ×××

ပန်းရနံ့လည်း မမွှေးတဲ့လမ်းအဝင်

နေပူစေ တွဲလက်လည်း မဖြုတ်ပေ

စမ်းရေလျှဉ်ပူ တောင်မီးလျှံအသွင်

အလှဆိုတာ အလျှင်းမတွေ့တောင်

ခံစက်လှစေ လျှောက်ချင်

တစ်ယောက်လက်တစ်ယောက်တွဲလို့

တစ်သက်မခွာမခွဲအစဉ်

လက်တွဲနိုင်ခိုင်ယှက်မယ်

သူနဲ့သာဆိုရင် ×××

ရဲရင့်အဆိုပိုဒ်ဆုံးသည်နှင့် သရဖီက နောက်တစ်ပိုဒ်ကို ဝင်ဆိုသည်။



www.burmeseclassic.com

အသည်းအသက်မကလချစ်ချင်
မြတ်နိုးယုယသနှောင်တည်းအစဉ်
တစ်ယောက်မရှိရင်တစ်ယောက်တွင်
မနေနိုင်အောင်စိတ်မှာဝင် . . .

သီချင်းဆိုနေသောသရဖီ့ကို ကြည့်နေသည့် ရဲရင့်မျက်ဝန်းမျ
က တောက်ပနေပါသည်။ သရဖီသည် ရဲရင့်မျက်လုံးအကြည့်ကို
လွှဲဖယ်ရင်း သီချင်းဆက်ဆိုနေသည်။

သူနဲ့သာဆိုရင် ×××
ဘယ်လိုပင်ဝေးစေ
လိုက်မှာပဲ အမြဲမခွဲတမ်းပင်
သူနဲ့သာဆိုရင် ×××
ပန်းရနံ့လည်း မမွှားတဲ့လမ်းအဝင်
နေပူစေ တွဲလက်လည်းမဖြုတ်ပေ
စမ်းရေရှာငြိစွ လောင်မီးလျှံအသွင်
အရှေ့ဆိုတာ အလျှင်းခတွေ့ တောင်
ခဲခက်လှစေ လျှောက်ချင်
တစ်ယောက်လက်တစ်ယောက်တွဲလို့
တစ်သက်မခွာမခွဲအစဉ်
လက်ကိုဒိုင်ခိုင်ယှက်မယ်
သူနဲ့သာဆိုရင် ×××

# ပစ္စုပ္ပန် ( ၂ )

သူနဲ့သာဆိုရင် ×××
ဘယ်လိုပင်ဝေးစေ
လိုက်မှာပဲ အမြဲမခွဲတမ်းပင်
သူနဲ့သာဆိုရင် ×××
သူနဲ့သာဆိုရင် ×××

သူနားထဲတွင် သီချင်းသံများကို ကြားယောင်နေသည်။ သီချင်း ဆိုသူက ဘယ်သူလဲမသိ၊ သူကိုယ်တိုင်ပင်လား။ တခြားတစ်ယောက်

သူနဲ့သာဆိုရင် . . .
ဘယ်လိုပင်ဝေးစေ
လိုက်မှာပဲ အမြဲမခွဲတမ်းပင်
သူနဲ့သာဆိုရင် . . .
သူနဲ့သာဆိုရင် . . .

ဆုပြည့်ရတွန်းစာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒါ သံရဖို့အသံလား။ ငါ့အသံပဲလား။ သူက သီချင်းကို ကိုး
တိုင်ဆိုကြည့်လိုက်သည်။

သူနဲ့သာဆိုရင် ...

အသံကထွက်မလာ။ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ
သည်။

ရဲရင့်သည် လက်ရှိအခြေအနေကို နားမလည်နိုင်အောင်
နေ၏။ သူဘယ်ရောက်နေတာလဲ၊ သူ ဘာဖြစ်နေတာလဲ။

သူက သီချင်းကို အားရပါးရ အော်ဆိုလိုက်သည်။

''သူနဲ့သာ ... အာ့ ... အာ ... အာ ... အား ... အာ

အသံက မပီမသထွက်လာသည်။

''ဟော ... သား ... သား ... လှုပ်လာပြီ၊ သား ...
သားရေ''

သတိလစ်မေ့မြောနေသောရဲရင့်ကို စောင့်ကြည့်နေသော
သူ့မိခင်က အားရဝမ်းသာ အော်လိုက်လေသည်။

''အစ်မကြီး အပြင်ကို ခဏထွက်နေပေးပါခင်ဗျာ၊ အစ်မ
သား အခြေအနေကောင်းပါတယ်၊ အသက်မသေနိုင်ပါဘူး''

ဆရာဝန်တစ်ယောက်က ရဲရင့်မိခင် ဒေါ်ကြွေကြွေ
ပြောလိုက်ခြင်းဖြစ်သည်။

''အို ... သားလေး ကျွန်မသားလေး''

ဒေါ်ကြွေကြွေက သားအနားမှထွက်မသွားချင်ဟန်
နောက်ဆံတင်းနေ၏။





''သူ့အသက်ကို ရအောင်လုယူဖို့ ကျွန်တော်တို့ကြိုးစားရပါဦး
မယ်၊ အစ်မကြီး အပြင်ကစောင့်ပါ''

''လာပါ ကြွေရယ် ဆရာဝန်တွေက သားအသက်မသေပါဘူး
ဆိုတာဝန်ခံနေမှပဲ အပြင်မှာ သွားစောင့်နေရအောင်နော်''

ဒေါ်ကြွေကြွေခင်ပွန်း ရဲရင့်၏ဖခင် ဦးအောင်ခန့်က ဇနီးသည်
ကိုချော့မော့ကာ အရေးပေါ်အခန်း အပြင်ဘက်သို့ ခေါ်သွားလေသည်။

အခန်းအပြင်ရောက်သည်နှင့် ကြေကွဲစွာအော်ငိုလိုက်သော
အသံများကို ကြားလိုက်ရလေသည်။

''ကိုယ်တို့သားလေးက အများကြီးအခြေအနေကောင်းပါ
သေးတယ် ကြွေရယ်၊ ကျန်တဲ့သူတွေအားလုံး ပွဲချင်းပြီး သေသွားကြပြီတဲ့
သားက မျှော်လင့်ချက်ရှိပါသေးတယ်ကွယ်''

♟ ♟ ♟

www.burmeseclassic.com

www.burmeseclassic.com

## တမလွန် ( ၃ )

''ရဲရင့် ရဲရင့် ဘာဖြစ်လို့ ပါမလာတာလဲဟင်''

သရဖီက မိမိဘာသာ ညည်းညူသလိုနှင့် နှုတ်မှ ရေရွတ်...

လေသည်။

''ရဲရင့်ပါမလာတာ မသေလို့ဖြစ်မှာပေါ့ သရဖီရယ်''

ချောချောက ပြောလိုက်ခြင်းဖြစ်သည်။ သွားများ...

ချောင်းမျှ မရှိတော့ဘဲ နှုတ်ခမ်းတစ်ခုလုံးပွဲထွက်နေသည့် ချော...

နှုတ်ပုအသံမှာ မပီပြင်တော့ပါ။

''ဘာလဲ၊ နင်က ရဲရင့်ကို လွမ်းနေတာလား၊ ထားလိုက်...

ဟာ၊ ငါတော့ ဒီကောင်ပါမလာတာ ပျော်တယ်၊ ကောင်းတယ်၊ ...

ငါ့ချိုကြားမှာ ဒီကောင် ဝင်မရှုပ်နိုင်တော့ဘူးလေ ဟား . . . ဟား ...





ညာဘက်လက်တစ်ဖက် တုံးတိကြီးပြတ်နေသော ချာလီချမ်းက ...င်ပြောလိုက်ခြင်း ဖြစ်ပါသည်။

''ချာလီ၊ နင်ဘာစကားပြောတာလဲ''

''နင်က ဒီကောင့်ကို ဦးစားပေးနေတာ မဟုတ်လား၊ နင့်ကို ...လည်း ချစ်ရေးဆိုထားတာပဲ၊ သူလည်း ချစ်ရေးဆိုထားတာပဲ၊ ဘာစ်ဖွဲ့ ...ည်းသားချင်းအတူတူမှာ နင်က သူ့ကိုဦးစားပေးချင်နေတာလေ၊ ...ကောင်းတယ်၊ အခုဒီကောင်ပါမလာတော့ တမလွန်မှာ နင်နဲ့ငါ ...စ်ယောက်တည်းရှိတော့တယ် ဟား . . . ဟား . . . ဟား . . .''

''ဟေ့ကောင်ရေ၊ ရဲရင့်ပါမလာတာကို မင်းဝမ်းသာရမှာ ...ဟုတ်ဘူး၊ ရဲရင့်ပါမလာတာ မသေလို့ပဲ၊ သူတစ်ယောက်တည်း မသေဘဲ ...ကျန်ခဲ့တာကို မနာလိုရမှာကွ၊ မနာလိုရမှာ''

စောဝေမိုးက ဝင်ပြောလိုက်ခြင်းဖြစ်ပါသည်။

''မနာလိုမဖြစ်ပါဘူးကွာ၊ ငါနဲ့သရဖီက သေလည်းအတူတူဆို ...တော့ သရဖီ့ကို ငါယောက်တည်း လွတ်လွတ်လပ်လပ် ချစ်လို့ရပြီ ...လေ၊ အဲဒီအတွက် ငါဝမ်းသာတယ်''

''နင့်ကို ဘယ်သူကချစ်မယ်လို့ပြောလို့လဲ၊ နင့်မှာ အဲဒီလိုစိတ် ...ားရှိမှန်းသိတဲ့အတွက် မုန်းတောင်မုန်းသေးတယ်၊ ထွီ . . .''

လေ့ပေါ်၌ သူဝဋ်အဖွဲ့တစ်ဖွဲ့တည်းသာ ရန်းရင်းဆန်ခတ် ...ဖြစ်နေကြ၏။ စကားတွေအချေအတင်ပြောကာ ဆူညံနေကြလေသည်။

ကျန်သောတမလွန်ခရီးသည်များမှာ တိတ်ဆိတ်လျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကလေးမှာလည်း ကမ်းမမြင်လမ်းမမြင် ရေပြင်ကျယ်၌ တည်ငြိမ်စွာသွားလျက်ရှိပေသည်။

မရဏကူးတို့ရှင်ကလည်း သူ့တာဝန်အတိုင်း လှေတက်ဖြင့် အချက်မှန်မှန် လှော်ခတ်လျက်ရှိပေသည်။

ထိုစဉ် သူတို့လှေနှင့်မျက်နှာချင်းဆိုင်မှ လှေတစ်စီးလှော်ခတ်လာသည်ကို တွေ့လိုက်ကြရသည်။ လှေမှာ လူမပါပဲ အလွတ်ဖြစ်လေသည်။ လှေကိုလှော်လာသူမှာ သူတို့လှေကိုလှော်လာသည့် မရဏကူးတို့ရှင်အတိုင်း ဦးခေါင်းတွင် ချိုနှစ်ချောင်းပေါက်နေသောလူတစ်ယောက်ဖြစ်နေ၏။

''ဟင် ••• အဲဒီလှေကရော ဘာလှေလဲဟင်''

သရဖီက မရဏကူးတို့ရှင်ကို နောက်သို့လှည့်၍ မေးလိုက်လေသည်။

''အဲဒါလည်း ဒီလှေလိုပဲ သေပြီးတဲ့လူတွေကို တမလွန်တစ်ဖက်ကမ်းကိုပို့ပေးတဲ့ ကူးတို့လှေတစ်စီးပဲပေါ့ မိန်းကလေးရယ်၊ သေသူတစ်သုတ်ကိုပို့ပေးပြီးလို့ နောက်ထပ် သေသူတွေကိုကြိုဆိုဖို့ တစ်ဖက်ကမ်းက ပြန်လာတာလေ''

''အို ••• ဒါဖြင့် မရဏလှေက နှစ်စီးတောင်ရှိတာပေါ့''

''ဟား ••• ဟား •••ဟား ••• နှစ်စီးဘယ်ကမလဲ မိန်းကလေးရယ်၊ အစီးပေါင်းများစွာရှိတယ်၊ မရဏကူးတို့လှေကို လှော်တဲ့ ငါတို့လို မရဏကူးတို့ ရှင်တွေလည်း အများကြီးရှိတယ်လေ''

''အို •••''





''တစ်နေ့တစ်နေ့ လူတွေဟာ မရေမတွက်နိုင်အောင်သေနေတာမဟုတ်လား၊ လှေတစ်စီးကို လူဆယ်ယောက်ပဲဆံ့တယ်၊ တစ်စီးတည်းနဲ့ ဘယ်လောက်ပေါ့မလဲကွယ်၊ လှေပေါင်းများစွာနဲ့ အခေါက်ခေါက်အခါခါ သယ်ပို့ပေးရတာပေါ့ မိန်းကလေးရဲ့၊ မင်းတို့ပြောနေတဲ့ မင်းတို့သူငယ်ချင်းဆိုတာကိုလည်း မသေဘူးလို့ တထစ်ချမမှတ်ကြနဲ့ဦး၊ မင်းတို့ထားအတူတူမှောက်ခဲ့ကြတာ မဟုတ်လား၊ မင်းတို့နဲ့အတူတူချက်ချင်းသေသေးလို့ဖြစ်မှာပေါ့၊ နောက်ကျမှသေပြီး တို့နောက်က တခြား မရဏလှေတစ်စင်းနဲ့ မင်းတို့သူငယ်ချင်း ပါချင်ပါလာမှာပေါ့ကွယ်၊ ဟားဟားဟား ••• ဟား •••''

''အို •••''

''တစ်ခုတော့ ရှိတာပေါ့လေ၊ မင်းတို့သူငယ်ချင်းဟာ သူတော်ကောင်းတစ်ယောက်ဖြစ်မယ်ဆိုရင်တော့ ဟောဒီလို ကူးတို့လှေကို စီးစရာလိုတော့ဘူးပေါ့၊ သူ နိဗ္ဗာန်ကို တန်းရောက်သွားမှာလေ''

''ရှင် ••• နိဗ္ဗာန်ကိုရောက်တဲ့လူတွေကတော့ ဒီကူးတို့လှေကို စီးရာမလိုဘူး၊ ဟုတ်လား၊ ကျွန်မတို့လို ကူးတို့လှေနဲ့ တမလွန်တစ်ဖက်ကမ်းကို သွားနေတဲ့လူတွေက တစ်ဖက်ကမ်းကိုရောက်ရင် ဘာဖြစ်ကြမှာလဲ ကူးတို့ရှင်ကြီးရယ်''

သရဖီက စိတ်ဝင်စားစွာ မေးလိုက်လေ၏။

သရဖီ့မေးခွန်းကို အားလုံးကပင် စိတ်ဝင်စားစွာ နားထောင်ကြလေသည်။

''တစ်ဖက်ကမ်းမှာ အသင့်စောင့်ဆိုင်းနေတဲ့ တမလွန်ဝန်ထမ်းရှိပါတယ်၊ မင်းတို့တွေ့ရပါလိမ့်မယ်မိန်းကလေး၊ အဲဒီတမလွန်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းတွေက သေပြီးရောက်လာတဲ့လူတွေကို သူတို့ပြုမူခဲ့တဲ့လုပ်ရပ်တွေ ကောင်းမှုဆိုးမှုတွေကိုစိစစ်ပြီး သူတို့နဲ့သင့်တော်ရာနေရာကို ဆက် ပေးကြလိမ့်မယ်လေ''

''သင့်တော်ရာနေရာ၊ သင့်တော်ရာနေရာဆိုတာ ဘယ် နေရာမျိုးလဲ ကူးတို့ရှင်ကြီးရယ်''

''တမလွန်တစ်ဖက်ကမ်းမှာ လမ်းမကြီးလေးခုရှိတယ်ကွယ့် ငရဲကိုသွားတဲ့လမ်း၊ ပြိတ္တာဘုံကိုသွားတဲ့လမ်း၊ တိရစ္ဆာန်ဘုံကို သွား လမ်း၊ လူ့ဘုံကိုသွားတဲ့လမ်းတွေပဲ''

''ဟင် ...''

''တမလွန်ဝန်ထမ်းတွေက ရောက်လာသူတွေရဲ့ ကောင်း မကောင်းမှုတွေကိုစိစစ်ပြီး သင့်တော်ရာလမ်းကို ဆက်ပြီးလျှောက် တာပေါ့ကွယ်''

''ကြောက်စရာ ကောင်းလှချည်လား၊ ဒါဖြင့် နို့ဗွာနို ရောက်တဲ့သူတွေသာ ဒီနေရာက လွတ်ငြိမ်းခွင့် ရကြတာပေါ့နော်''

''ဟုတ်တယ်''

မရဏကူးတို့ရှင်၏စကားကြောင့် အားလုံးတွေဝေငေး သွားကြလေသည်။

''ငါတော့ ဟိုကိုရောက်ရင် ကောင်းမှုကုသိုလ်တွေချည် လုပ်ခဲ့တယ်လို့ လိမ်ပြောမယ်ကွာ၊ အဲဒါမှ ငရဲမကျမှာ၊ ငရဲကျတာထ စာရင်တော့ တိရစ္ဆာန်ဖြစ်တာကမှ တော်သေးတယ်၊ ဟုတ်ဘူးလားကွာ''

ချာလီချမ်းက ပြောလိုက်သည်။

''အေးကွ ... ဟုတ်တယ်''





စောဝေမိုးက ထောက်ခံလိုက်လေသည်။

''မင်းတို့လိမ်ပြောတိုင်း ယုံမလားကွ၊ ဟိုမှာ သေပြီးလို့ ရောက်လာတဲ့လူတွေအားလုံးရဲ့ မှတ်တမ်းတွေ ရှိပြီးသားပါကွာ၊ အေး လေ ... ဒါတွေ ဟိုရောက်ရင် မင်းတို့ကိုယ်တိုင် သိရပါလိမ့်မယ်''

မရဏကူးတို့ရှင်က ပြောလိုက်လေသည်။

သရဖီခေါင်းတဲတွင် အတွေးများစွာဖြင့် နစ်မျောသွားလေ၏။

တမလွန်ကမ္ဘာ၏ ပတ်ဝန်းကျင်ကား စိတ်ပျက်ငြီးငွေ့ဖွယ် ကောင်းအောင် ဘိတ်ဆိတ်နေလေသည်။ ရေပြင်သည်လည်း ပကတိ တည်ငြိမ်နေ၏။ လေလည်းတစ်ချက်မျှ မတိုက်။ ကောင်းကင်တွင်လည်း ဘိမ်တိုက်တိမ်လိပ်မရှိသလို နေလိုလလိုအရာများလည်း မတွေ့ရချေ။ အလင်းရောင်ရနေသော်လည်း ဘယ်ကလာသည့်အလင်းရောင်ဟု မမှန်း ဆနိုင်ပေ။ ရေပြင်ပေါ်တွင်လည်း မည်သည့်ကျေးငှက်သတ္တဝါမျိုးမှ ဝဲပျံ နေသည်ကို မတွေ့မြင်ရချေ။ ယုတ်စွအဆုံး ငြိမ်သက်နေသောရေပြင် အောက်၌ပင် သက်ရှိရေသတ္တဝါ တစ်ခုတလေမျှ ရှိပုံမရပါ။

ပတ်ဝန်းကျင်တစ်ခုလုံးကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းအောင် ဘိတ်ဆိတ်ငြိမ်သက် လှပေတော့သည်။

ဤနေရာသည် လူတို့ရပ်ရွာ လူ့ကမ္ဘာမဟုတ်။ ထို့ကြောင့် သူတို့နေထိုင်ခဲ့ရာ လူ့လောကနှင့် တူညီမည် မဟုတ်ပေ။ မတူညီခြားနား နေတာလည်း မဆန်းပါပေ။

မရဏကူးတို့ရှင်ကြီးရှင်းပြသလိုဆိုရင်ဖြင့် သူမသည် တမလွန် တစ်ဖက်ကမ်းရောက်ပါက လမ်းကြီးလေးသွယ်အနက် ဘယ်လမ်းကို ဆက်လျှောက်လှမ်းရမည် မသိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သရဖီ့ရင်ထဲတွင် လောလောဆယ်ရှိနေသည်က မသေချင်သေးခြင်းပင်ဖြစ်လေသည်။

ငါသေသွားပြီလား။ ငါကြုံတွေ့နေရတာတွေဟာ အမှန်တွေလား။ ထင်ယောင်ထင်မှား အိပ်မက်မြင်မက်နေခြင်းလား။ အိပ်မက်သာဖြစ်လိုက်ပါတော့ဟု ဆုတောင်းမိသည်။ အိပ်မက်ဖြစ်လျှင် ဒီအိပ်မက်ထဲမှာ ရဲရင့်ဘာလို့ပါမလာတာလဲ။ ရဲရင့် ... ရဲရင့် ... ရဲရင့်ဘယ်ရောက်နေသလဲ။ ရဲရင့်ရေ ...

▲▲▲

# အတိတ် ( ၃ )

သီချင်းဆိုဝါသနာပါသောသရဖီ့ကို ဖေဖေက ဆယ်တန်းအောင် ချင်းဆိုခွင့်ပေးမည်ဟု ပြောခဲ့သည်။ သရဖီသည် သီချင်းဆိုဝါသနာ န်း၌ လမ်းထိပ်ကကာရာအိုကေဆိုင်မှာ အမြဲတမ်းသီချင်းသွားသွား ရှိသည်။

သရဖီ ဆယ်တန်းနှစ်က ဖြစ်ပါသည်။

ဖေဖေက သရဖီဆယ်တန်းမအောင်မည်စိုး၍ ဆယ်တန်းအောင် ချင်းဆိုခွင့်ပေးမယ်ဆိုကာ ကျောင်းပညာရေးကိုဖိအားပေးခဲ့ခြင်း သည်။

သရဖီကလည်း ပညာရေးကိုကြိုးစားခဲ့ရာ ဆယ်တန်းကိုနှစ် က်အောင်မြင်ခဲ့ပါသည်။

ဖေဖေကသူ့ကတိအတိုင်း အဆက်အသွယ်ရှာပေးရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖေဖေ့နံဘေးက မန်နေဂျာ၏ညီဖြစ်သူကိုနိုင်ကြီးက ဝါသနာ
အရ တီးဝိုင်းတစ်ခုထူထောင်ရန် တူရိယာပစ္စည်းများစုဆောင်းခဲ့
အတော်ပြည့်စုံနေပြီ။ တီးဝိုင်းထောင်တော့မည်။ တီးကြမှုတ်ကြမည့်
သူငယ်ချင်းများကတော့ ရှိပြီးဖြစ်သည်။ အဆိုတော်သာလျှင် လို
လောက်လောက် မရှိသေးခြင်းဖြစ်၏။

ဖေဖေနှင့်အဆက်အသွယ်ရပြီး ဖေဖေက သရဖီ့ကို ကိုနိုင်ကြ
ထံမှာ အပ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကိုနိုင်ကြီးက သရဖီ့အသံကိုစစ်ဆေးပြီး စိတ်တိုင်းကျပြီ
လက်ခံခဲ့ခြင်း ဖြစ်ပါသည်။

တီးဝိုင်းစထောင်တော့ အဆိုတော်အဖြစ် နွယ်နီ၊ ရဲရင့်
စောဝေမိုးတို့သာ ရှိသေးသည်။ သရဖီနှင့်မှ အဆိုတော် လေးယောက်
ရှိပါသေးသည်။ ချာလီချမ်းနှင့်ချောချောမှာ နောက်မှရောက်လာကြ
များဖြစ်သည်။

သရဖီသည် မြန်မာသံရော စတီးယိုကိုပါ သီဆိုနိုင်သူဖြစ်သ
သရဖီက အဆိုတော်ထဲတွင် မေဆွိနှင့်ဟေမာနေဝင်းကို အားကျ
ဖြစ်သည်။ မေဆွိတို့ ဟေမာတို့လို မြန်မာသံရော စတီရီယိုပါဆိုနိုင်အေ
လေ့ကျင့်ထားခဲ့သည်။ ကာရာအိုကေဆိုရာတွင်လည်း သီချင်းမျိုး
သီဆိုခဲ့ဖူးသည်။

သရဖီက နိုင်ငံသိအောင် သီချင်းခွေတွေ၊ သီချင်းစီဒီ
ထုတ်ချင်သည်။ သို့သော် ဖေဖေတို့ ဤမျှထိအရင်းအနှီး မစိုက်နိုင်
ပြီးတော့ သရဖီတို့က မန္တလေးမှာနေတာဆိုတော့ ရန်ကုန်က ဂီတလော
နှင့်အလှမ်းဝေးနေသည်။





သည်တော့လည်း သရဖီ့မှာ အရပ်တီးဝိုင်းမှာပင် ဝါသနာကို
ဖြေဖျောက်ရပါတော့သည်။

တီးဝိုင်းထောင်ခါစက သရဖီတို့ဝိုင်းသည် အတော်ပင် ရုန်းကန်
ခဲ့ရ၏။ တီးဝိုင်းအသစ်လေးကို ငှားရမ်းမည့်သူ သိပ်မရှိ။

အရပ်ထဲက ဘုံကထိန်ပွဲ၊ အလှူပွဲများတွင် အခမဲ့ဆိုတီးခဲ့ကြ
ရပါသည်။ ရိုးရာဘာသာရေးပွဲများဖြစ်၍ မြန်မာသံသီချင်းများကို ဦးစား
ပေးဆိုရသည်။ ထိုအခါ မိန်းကလေးနှစ်ယောက်တွင် မြန်မာသံကို
ပိုင်ပိုင်နိုင်နိုင်ဆိုတတ်သော သရဖီက ပို၍နာမည်ရလာခဲ့လေသည်။

သည်လိုနှင့် သရဖီတို့ဝိုင်းကို တဖြည်းဖြည်းလူသိများလာ ကာ
ဟိုမှသည်မှ ငှားရမ်းစပြုလာသည်။

ယခုဆိုလျှင် သရဖီတို့ ဂီတကဗျာတီးဝိုင်းမှာ မန္တလေးတွင်
အသင့်အတင့်ထင်ပေါ် ကျော်ကြားနေပါပြီ။

ရဲရင့်မှာ ဂီတကဗျာတီးဝိုင်းတွင် သရဖီစဝင်ကတည်းက အတူ
တူသီချင်းဆိုခဲ့ကြသူများဖြစ်သည်။ ရဲရင့်ကလည်း မြန်မာသံကို ပိုင်ပိုင်
နိုင်နိုင်ဆိုတတ်သည်။

ထို့ကြောင့် ဘာသာရေးပွဲများတွင် အဆိုပိုင်း၌ ရဲရင့်နှင့်
သရဖီကပဲ ဦးဆောင်ခဲ့ရလေတော့သည်။ ပြီးတော့ မန္တလေးသည်
မြန်မာ့ယဉ်ကျေးမှု ထွန်းကားရာနယ်မြေဖြစ်၍ မြန်မာ့ရိုးရာဂီတကို ပို၍
အားပေးကြလေသည်။

သရဖီ ဂီတကဗျာဝိုင်းထဲကိုရောက်တော့ ဥပဒေအဓိကဖြင့်
ဒုတိယနှစ်တက္ကသိုလ်မှာ တက်ရောက်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ဝိုင်းထဲက ရဲရင့်ကို ကျောင်းမှာတွေ့လိုက်တော့ သရဖီအံ့ဩသွားသည်။

''ဟယ် . . . ရဲရင့်၊ နင်ကလည်း ဒေးတက်နေတာလား''

''သရဖီပါလား၊ ဟုတ်တယ်၊ ငါမြန်မာစာမေဂျာနဲ့ တက်နေတာ''

''ကြည့်ပါဦးဟယ်၊ တစ်ဝိုင်းတည်းအတူတူဆိုနေပြီး စကားမစပ်မိဘူး''

သည်လိုနှင့် သရဖီနှင့်ရဲရင့်မှာ အခြားသူများထက် ခင်မင်မှုပိုခဲ့ရသည်။

ကျောင်းချိန်ချင်းတူသည်မို့ ရဲရင့်နှင့်အတူ ကျောင်းသွားဖြစ်သည်က များပါသည်။ ရဲရင့်က သရဖီ့ကိုဆိုင်ကယ်နှင့်လာကြိုပေးသည်။ ရတနာပုံတက္ကသိုလ်မှာ မြို့ထဲနှင့်ဝေးသည်။ တောင်သမန်အင်းအလွန်မှာရှိသည်မို့ ဆိုင်ကယ်မရှိလို့မဖြစ်ပါ။ သရဖီတို့အိမ်မှာ ဆိုင်ကယ်တစ်စီးရှိသော်လည်း ဖေဖေရုံးတက်ရာတွင် သုံးရသည်။ ရဲရင့်နှင့်မကြုံခင်က ဖေဖေရုံးသွားလျှင်လိုက်သွား၊ ဆိုင်ကယ်ကိုပြန်ယူခဲ့ကာ ကျောင်းသွားရသည်။ ဖေဖေရုံးဆင်းချိန်ကို သွားကြိုရသည်။ ဆိုင်ကယ်တစ်စီးကို သားအဖနှစ်ယောက်တွဲသုံးနေရ၍ အမြဲအဆင်မပြေချင်။ အတန်းချိန်နှင့် ဖေဖေ့ရုံးကိစ္စသွားစရာများတိုက်ဆိုင်နေလျှင် သရဖီသည် လိုင်းကားဖြင့် ပြေးရလေသည်။

ရဲရင့်နဲ့ရင်းနှီးလိုက်တော့ သရဖီ့အတွက် အဆင်ပြေသွားလေတော့သည်။ ရဲရင့်က သူတစ်ယောက်တည်းသုံးဖို့ သီးခြားဆိုင်ကယ်ရှိသူမို့ ကျောင်းသွားကျောင်းပြန် သရဖီ့ကို ကြိုလို့ ပို့လို့ရနေလေတော့သည်။





သည်သို့သော သံယောဇဉ်များ၊ ကူညီမှုများကြောင့်ပင် သရဖီနှင့်ရဲရင့်သည် ပို၍ခင်မင်ရင်းနှီးလာရခြင်း ဖြစ်ပါတော့၏။

တက္ကသိုလ်နောက်ဆုံးနှစ်မှာ ရဲရင့်က သူ့အချစ်ကိုဖွင့်ဟလာခြင်း ဖြစ်တော့သည်။

သို့သော် ရဲရင့်နှင့်အတူတူ သရဖီ့ကိုချစ်ရေးဆိုထားသူ တစ်ဦးရှိနေခဲ့ပြီဖြစ်သည်။

ဂီတကဗျာဝိုင်းတည်ထောင်ပြီး နှစ်နှစ်ရှိချိန်၊ နာမည်ရခါစအချိန်တွင် တီးဝိုင်း၌ အဆိုတော်နှစ်ယောက် ထပ်ပြီးထည့်လိုက်သည်၊

ချောချောနှင့် ချာလီချမ်းဖြစ်ပါ၏။

ချောချောမှာ မြန်မာသံအဆိုပိုင်သော အဆိုတော်လေးတစ်ယောက်ဖြစ်သည်။ ခေတ်ဟောင်းသီချင်းပေါင်းစုံကိုရသည်။ သူမဖခင်မှာလည်း ယခင်က မန္တလေးတီးဝိုင်းကြီးတစ်ခုတွင် ဂီတမှူးလုပ်ခဲ့သူဖြစ်သည်။

ချာလီချမ်းကတော့ သီချင်းဆိုဝါသနာပါသော သူဌေးသားတစ်ယောက်ဖြစ်ပါသည်။ တရုတ်သွေးစပ်သည်။ အသံလည်းကောင်းပါသည်။ သူက ခေတ်ပေါ်တေးများကိုသာ စိတ်ဝင်စားသူဖြစ်သည်။ ပေါ့ပ်ဂီတကို ပို၍စိတ်ဝင်စားသည်။ ရန်ကုန်ဆင်းပြီး သီချင်းအယ်လ်ဘန်တစ်ချပ်ထုတ်ရန် စီစဉ်နေသူဖြစ်သည်။

ပိုက်ဆံချမ်းသာသော သူဌေးသားတို့ထုံးစံအတိုင်း ချာလီချမ်းမှာ မြောက်ကြွကြွနိုင်လှသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသည်။

သရဖီနှင့်ရဲရင့်တို့ ပွင့်ပွင့်လင်းလင်း သမီးရည်းစားမဟုတ်သော်ငြား တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ရှိနေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းလုံးက သိသည်။ နောက်မှရောက်လာသောချာလီချမ်းလည်း သိသည်ပင်။ သည်ကြားထဲက ချာလီချမ်းသည့် သရဖီကို ချစ်ရေးဆိုခဲ့ပေ ၏။

ဘာသဘောလဲတော့ မသိ။ သူကိုယ်သူ ရဲရင့်ထက်သာတယ် လို့ တွက်လေသလား။ သရဖီက သူလိုလူဘက်ကိုပဲ ယိမ်းလိမ့်မယ်လို့ အထင်ရောက်နေသလား မသိနိုင်ပေ။

သရဖီကတော့ ရဲရင့်ရော၊ ချာလီချမ်းရော နှစ်ယောက်စလုံးကို အဖြေမပေးသေးပါပေ။

သရဖီ့နှလုံးသားကတော့ ရဲရင့်ဘက်မှာရှိနေတာအမှန်ပင်။

သို့သော် ချာလီချမ်းဘက်ကို ငဲ့ကွက်စရာရှိလာခဲ့သည်။

ချာလီချမ်းသည် အမှတ်မထင် သရဖီ့အသက်ကိုကယ်တင်ဖူးသည်။ သရဖီတစ်ယောက်တည်း မဟုတ်။ ရဲရင့်အသက်ကိုပါ ကယ်ခြင်းဖြစ်ပါသည်။ ထိုကျေးဇူးကြောင့် သရဖီမှာ ရဲရင့်ကို အဖြေပေးကိစ္စ တွန့်ဆုတ်ခဲ့ရခြင်းဖြစ်လေသည်။

♛♛♛♛♛

# ပစ္စုပ္ပန် ( ၃ )

တီးဝိုင်းခေါင်းဆောင်ကိုနိုင်ကြီးအပါအဝင် တူရိယာပစ္စည်းနှင့် အတီးသမားများပါလာသောကားသည် သုံးနာရီနောက်ကျ၍ လေးကို ရောက်လာသည်။

မန္တလေးကိုရောက်မှပင် သူ့အဆိုတော်များ ကားမှောက်သည့် ...င်းကိုသိရသည့်ကိုနိုင်ကြီးသည် ချက်ချင်းဆေးရုံကို ပြေးခဲ့လေ၏။

ဆေးရုံရောက်တော့ ကိုနိုင်ကြီးကိုတိုင်တည်ကာ ငိုယိုလိုက်... အသံများက ဘဝင်ညံ့သွားလေတော့သည်။

ကိုနိုင်ကြီးလည်း စိတ်မကောင်းခြင်းနှင့်အတူ သတင်းစုံကို ...မြန်းရလေသည်။

ကားဘယ်လိုမှောက်တယ်ဆိုတာ ဘယ်သူမှ ဂဃနဏမသိ ...ချိန်ဘာကိုယ်တိုင် သေဆုံးတဲ့အထိပါသွားသည်မို့ ဖြစ်ရပ်ကို ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြမည့်လူမရှိ ဖြစ်နေရသည်။

''ကိုယ့်လူထဲက လေးယောက်ပွဲချင်းပြီး ဆုံးသွားတယ် ကိုနိုင်

ကြီး''

''ဘယ်သူတွေလဲ''

''စောဝေမိုးရယ်၊ ချာလီချမ်းရယ်၊ မိန်းကလေးထဲက ချောချော

နဲ့နွယ်နီ''

''ဟင် . . .''

''သရဖီလည်း အခြေအနေမကောင်းဘူး၊ ရဲရင့်ကတော့ မသေ

နိုင်ဘူးလို့ ပြောတယ်''

ရင်ခွဲရုံထဲရောက်နေသောအလောင်းများကို ကိုနိုင်ကြ

ဝင်ကြည့်သည်။

သေသူမိဘများကို နှစ်သိမ့်စကားပြောကာ အရေးပေါ်အ

ထဲသို့ ပြေးခဲ့ရပြန်လေသည်။

အရေးပေါ်အခန်းထဲတွင် သရဖီ့အခြေအနေက မကောင်း

ခန္ဓာကိုယ်နေရာအနှံ့ကို ပိုက်များသွယ်တန်းခံထားရသည့်သရဖီသ

ခုတင်ထက်တွင် မလှုပ်မယှက်ရှိနေ၏။

ရဲရင့်ရှိသည့်အခန်းသို့ ကူးခဲ့သည်။

ရဲရင့်အခန်းထဲမဝင်မီ ရဲရင့်ဖခင်က ကိုနိုင်ကြီးကို ဟန့်တား

ပြောသည်။

''သားကတော့ သတိရနေပြီ မောင်နိုင်ကြီး၊ သူ့သူငယ်

တွေအကြောင်းတော့ အမှန်အတိုင်း ပြောလို့မဖြစ်လို့ ပြောမထား

အားလုံး ဒီဆေးရုံပေါ်မှာ ဆေးကုနေရတယ်လို့ ညာပြောထားရ





ယ်''

''ဟုတ်တာပေါ့ အန်ကယ်၊ ကျွန်တော် သဘောပေါက်ပါ

ယ်၊ ကျွန်တော်လည်း ဒီအတိုင်းပဲပြောမှာပါ''

ကိုနိုင်ကြီး အခန်းထဲဝင်ခဲ့သည်။

ရဲရင့်သတိရနေပေပြီ။

ရဲရင့်ခေါင်းမှာ ပတ်တီးအပြည့်ဖြစ်နေ၏။

ညာဘက်လက်ကိုလည်း ကျောက်ပတ်တီး စည်းထားရသည်။

ကျန်တာတွေအားလုံး အခြေအနေကောင်း၏။

''ဘယ်လိုဖြစ်ရတာလဲ ရဲရင့်ရယ်''

''ကျန်တဲ့လူတွေရော အခြေအနေဘယ်လိုရှိလဲ ကိုနိုင်ကြီး''

''သတိရနေကြပါပြီ၊ အခြေအနေကောင်းပါတယ်''

ကိုနိုင်ကြီးက မှာထားသည့်အတိုင်း လိမ်ပြောလိုက်၏။

ရဲရင့်မျက်နှာက ဖဝေဖဝါ ဖြစ်သွားလေသည်။

''ဟုတ်ရဲ့လား ကိုနိုင်ကြီးရယ်၊ ကားက ချောက်ထဲအထိကျ

တာ ကျွန်တော် မြင်လိုက်တယ်၊ ပြီးတော့ ကားမီးလောင်သွားတယ်၊

လွတ်ပါ့မလားဗျာ''

''မင်းတောင် သတိရနေပြီပဲ ရဲရင့်ရယ်၊ ဒဏ်ရာဒဏ်ချက်

တော့ ရှိကြတာပေါ့လေ''

''ကျွန်တော်က လမ်းပေါ်မှာတင် ကားပေါ်ကကျကျန်ခဲ့တာ

''

''ဟင် . . .''

''ကားထဲမှာနေရတာ မွန်းလို့ဆိုပြီး ကျွန်တော့်အပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



တွယ်စီးလာတာ၊ အဲဒါကြောင့် ကျွန်တော် သက်သာသွားတာပေါ့''

''ကားကဘယ်လို ချောက်ထဲကျရတာလဲ ရဲရင့်''

''နွားတစ်ကောင်ပါ၊ နွားတစ်ကောင်က ရုတ်တရက် အကွ
ကနေ ကားလမ်းပေါ်တက်လာတာလေ၊ နွားကိုရှောင်လိုက်ရင်း
လမ်းချော်ပြီး ချောက်ထဲကျသွားရတာပါ''

''ဖြစ်ရလေကွာ''

''သူတို့သတိရနေပြီ၊ အခြေအနေကောင်းတယ်ဆို
ဒ်အကြောင်းကို သူတို့ကိုပြန်မေးလို့လည်း ရတာပဲ ကိုနိုင်ကြီး ကျွန်
ပြောမှ သိရတာလား၊ ဒါဆိုရင် သူတို့အခြေအနေ ကောင်းတယ်ဆို
မဟုတ်ဘူးပေါ့၊ ကျွန်တော့်ကို မညာပါနဲ့ဗျာ၊ အမှန်အတိုင်းပြောစမ်း

ရဲရင့်က ချက်ကျလက်ကျ စစ်မေးနေလေပြီ။

''အို ... သားရယ်၊ သားသူငယ်ချင်းတွေအားလုံး ခေ
ပေါ်မှာရှိကြပါတယ်၊ အခြေအနေအကောင်းဆုံးဆိုတဲ့သားတောင် ခု
ပေါ်က ထလို့မဖြစ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုတွေ
ရမှာလဲ၊ သားထနိုင်တဲ့နေ့ကျ သူတို့ဆီကို သားကိုလိုက်ပို့ပေးမယ်

ရဲရင့်မိခင်က ရဲရင့်ကို ချော့မော့ဖျောင်းဖျနေသည်။

ကိုနိုင်ကြီး ဘယ်လိုပြောရမှန်းမသိတော့။

''ဒါတွေ စဉ်းစားမနေပါနဲ့ သားရယ်၊ ဘုရားတရားကို
ပြုနော်၊ စိတ်ငြိမ်ငြိမ်ထား၊ ငါ့သားလေးက သက်နှ်းဝတ်ထားတာ
သေးဘူးဆိုတော့ အဲဒီကုသိုလ်ကံက မေးမလိုက်လို့ အသက်သ
ဖြစ်သွားရတာကွယ်၊ သားသတိလစ်နေတုန်းကလည်းလေ မေမေ့





ရှင် ဝတ်ခဲ့တဲ့ကုသိုလ်ကောင်းမှုတွေကို အမျှဝေပြီး ဘုရားစာတွေ
တ်လိုက်ရတာ၊ ဘုရားတရားကို အာရုံပြုနော် သား၊ ဘာမှမစဉ်းစားနဲ့
မိမာပါတယ်ကွယ်''

ရဲရင့်မိခင်က ရဲရင့်၏ရင်ဘတ်ကိုပွတ်သပ်ပေးကာ နှုတ်မှတဖွဖွ
ပြောနေသည်။

''သရဖီ ... သရဖီ ...''

တဖြည်းဖြည်းအိပ်ငိုက်လာရင်းမှ နှုတ်မှယောင်၍ရွတ်လိုက်သံ
ထွက်ပေါ်လာသည်။

ဆရာဝန်ထိုးပေးခဲ့သောဆေးတန်ခိုးကြောင့် ရဲရင့် တဖြည်းဖြည်း
အိပ်ပျော်သွားလေ၏။

''အဖြစ်ကဆိုးလွန်းပါတယ် မောင်နိုင်ကြီးရယ်၊ အန်တီ့
သားလေး သေတွင်းကလွတ်လာပေမဲ့ ကျန်တဲ့လူတွေ ပိုးစိုးပက်စက်
ဖြစ်သွားတာ ဘယ်လိုမှ မြေလို့မရဘူးကွယ်၊ သားကိုလည်း အဖြစ်မှန်တွေ
ပြောရဲသေးတော့ ညာထားရတာလေ''

ရဲရင့်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားချိန်တွင် ရဲရင့်မိခင်က
ကိုနိုင်ကြီးကို ပြောလိုက်သည်။

''ကျန်တဲ့လူတွေပိုးစိုးပက်စက်ဖြစ်ပေမဲ့ သရဖီကတော့ သတိ
လစ်နေတုန်းပါ အန်တီ၊ သရဖီ့အခြေအနေကို စောင့်ကြည့်ရပါဦးမယ်''

''အို ... ဟုတ်လား၊ အန်တီလည်း သားဇောနဲ့အပြင်မထွက်
ဖြစ်ဘူး၊ သူများတွေအပြောနဲ့ အားလုံးပွဲချင်းပြီး ဖြစ်သွားကြတယ်လို့
ထင်နေတာ၊ ဘုရားသိကြားမလို့ သရဖီလေး သေတွင်းကလွတ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်''

သူတို့စကားပြောနေစဉ် အိပ်ပျော်နေသောရဲရင့်နှုတ်မှ ဗလုံ ဗထွေးနှင့် ယောင်လိုက်သောစကားသံများ ထွက်လာသည်။ တအင်းအင် တအဲအဲဖြင့် ယောင်၍ပြောလိုက်သော စကားလုံးများမှာ မပီသ။

ကိုနိုင်ကြီးက ရဲရင့်မျက်နှာနား ကပ်၍နားထောင်ကြည့်လိုက် သည်။

''ဟင် ...''

ကိုနိုင်ကြီး အံ့သြသွားသည်။

ရဲရင့်သည် အိပ်ပျော်ရင်းမှ ယောင်၍ သီချင်းဆိုနေခြင်းပါလား

ရဲရင့်ဆိုနေသည့်သီချင်းက မင်္ဂလာဆောင်တွင် သရဖီနှင့်စုံ ဆိုခဲ့သည့် ''သူနဲ့သာဆိုရင်''သီချင်း။

*သူနဲ့သာဆိုရင် ... လက်ကိုကွယ် ချိတ်တွဲကာ လိုက်မှာ အမြဲ မခွဲတမ်းပင် ... သူနဲ့သာဆိုရင် ... သူနဲ့သာဆိုရင် ...*

အသံမှာ ပီပီပြင်ပြင်မဟုတ်၊ ဗလုံးဗထွေးဖြစ်သော်လည်း ဂီ သမားကိုနိုင်ကြီးက နားလည်လိုက်လေသည်။

''သြော် ... ရဲရင့်ရယ်''

# တမလွန် (၄)

မရဏကျုးတို့လှေကလေးက မှန်မှန်ပင် ရွေ့လျားနေလေသည်။

လှေပေါ်မှလူများသည် ကိုယ့်အတွေးနှင့်ကိုယ် ငေးနေကြသည် ား၊ တမလွန်ရောက်နေသည့်အတွက် စိတ်ညစ်နေကြလေသလား သိ၊ တစ်လှေလုံး တိတ်ဆိတ်မှုကသာ မင်းမူနေလေ၏။

အဘွားအိုဒေါ်စိန်ကြည်က ''ဝါး''ခနဲသမ်းလိုက်သည်။

''ပျင်းစရာကောင်းလိုက်တာ''

အဘွားအိုနှုတ်မှ ညည်းညူလိုက်လေ၏။

''တစ်ဖက်ကမ်းကို မရောက်သေးဘူးလား မရဏကျုးတို့ရှင်ကြီး ရေ ...''

ဒေါ်စိန်ကြည်က နောက်ကိုလှည့်ကာ မေးလိုက်လေသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''အချိန်တန်ရင်ရောက်မှာပေါ့ အဘွားကြီးရယ်၊ ဟိုရောက်ရင် ခင်ဗျားကို ငရဲပို့နေရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်လေ့ပေါ်မှာ အေးအေးဆေးဆေး လိုက်လာစမ်းပါဗျာ''

''ပျင်းလွန်းလို့ပါ ကူးတို့ရှင်ကြီးရယ်၊ ကဲ-ကဲ- မပျင်းအောင် တစ်ယောက်အကြောင်းတစ်ယောက် ပြောရအောင်ဟော့၊ လုပ်ကြစမ်းကွယ်၊ ဘယ်သူက စပြောမလဲ''

''အဘွားပဲ အဘွားအကြောင်း ပြောလိုက်ပါလားဗျာ''

ကားဆရာကိုဘသောင်းက ဝင်ပြောလိုက်၏။

''ငါ့အကြောင်းက ဘာမျှစိတ်ဝင်စားစရာမကောင်းဘူးဟဲ့၊ ငါဟာ ကိုဖိုးတုတ်ဆိုတဲ့လူနဲ့အသက်၁၆နှစ်မှာ အိမ်ထောင်ကျခဲ့တယ်၊ ကလေး ဆယ့်ငါးယောက်မွေးခဲ့တယ်''

''များလှချည်လား အဘွားရဲ့''

''အိမ်ထောင်ကျပြီးနောက်ပိုင်း ငါလုပ်တဲ့အလုပ်က ကလေးမွေးတဲ့အလုပ်ပဲ၊ အဲဒီအလုပ်ကိုမလုပ်ချင်လို့လည်း မရဘူး၊ ငါ့ယောကျ်ားက ကလေးတားတာ မကြိုက်ဘူး။ သားသမီးဆိုတာ ရတနာတဲ့၊ ဘုရားပေးတာတဲ့၊ မတားကောင်းဘူးတဲ့၊ ရရင်ယူရမယ်တဲ့၊ ဒီလိုနဲ့ ငါကလေးဆယ့်ငါးယောက်မွေးခဲ့တာ ကိုးယောက်အဖတ်တင်တယ်လေ''

''ကလေးများတာ အဘွားစိတ်မညစ်ဘူးလား''

''စိတ်မညစ်ပါဘူး၊ ငါ့ယောကျ်ားက လုပ်အားကောင်းတယ်လေ''





''လုပ်အားကောင်းတယ်၊ အင်းလေ ‥ အဲဒါကြောင့်လည်း ကလေးဆယ့်ငါးယောက်ရတာပေါ့''

''ဟဲ့ … မသာကောင်၊ ဘာတွေလျှောက်တွေးနေတာလဲ၊ လုပ်အားကောင်းတယ်ဆိုတာ ငါ့ယောကျ်ားက အလုပ်အကိုင်ကောင်းကောင်းလုပ်နိုင်တယ်၊ ရှာနိုင်ဖွေနိုင်တယ်၊ ဝင်ငွေကောင်းတယ်လို့ပြောတာ၊ အဲဒါကြောင့် ကလေးများပေမဲ့ စိတ်မညစ်ဘူးလို့ ပြောတာဟဲ့''

''ဩော် … ဒီလိုလား၊ မသိပါဘူးဗျာ''

ကားဆရာကိုဘသောင်း အရှုန်းဖောက်လိုက်၍ လှေတစ်စီးလုံး ပြုံးရယ်ကြသည်။ မရဏကူးတို့ရှင်ကြီးပင် ရော၍ရယ်လေ၏။

''ဘာပဲဖြစ်ဖြစ် သားသမီးဆိုတာ မိဘတွေက သူတို့အပေါ် ကောင်းသလောက်တော့ မိဘအပေါ် ပြန်မကောင်းကြပါဘူးဟယ်၊ သားသမီးဆယ်ယောက်ကို မိဘနှစ်ယောက်က ဝအောင်ကျွေးနိုင်တယ်၊ မိဘနှစ်ယောက်ကို သားသမီးဆယ်ယောက်က ဝအောင်မကျွေးနိုင်ဘူးဆိုတာ ဆိုကြားမှုကြတယ် မဟုတ်လား၊ သိပ်မှန်တဲ့စကားပါပဲဟေ့၊ အဘိုးကြီးသေတော့ ငါ့မှာ အိမ်ထောင်ကျနေတဲ့ သားသမီးအိမ်တွေမှာ လှည့်နေရတယ်လေ၊ သူတို့ငါ့အပေါ်မှာ ငြိုငြင်ကြတယ်ဆိုတာ ငါသိတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ငါ့တာဝန်ယူဖို့လွှဲချကြတယ်၊ ဘယ်လောက်စိတ်ညစ်ညည်းနာစရာကောင်းသလဲ၊ အဲဒါကြောင့် ငါသေတာ ဝမ်းသာတယ်၊ ကောင်းတယ်လို့ နင်တို့ကိုပြောခဲ့တာပဲဟေ့''

အဘွားအို၏အတွေ့အကြုံစကားများကြောင့် လှေတစ်စီးလုံး ငြိမ်သက်ဆိတ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ နင်တို့စိတ်ညစ်သွားပြီ မဟုတ်လား၊ အဲဒါကြော ငါ့အကြောင်းက နားထောင်လို့မကောင်းပါဘူးလို့ပြောတာ၊ ကဲပါ နာ ထောင်ကောင်းတဲ့အကြောင်းမျိုး ဘယ်သူပြောနိုင်မလဲဟဲ့၊ ပြော စမ်းပါ''

အဘွားအိုဒေါ်စိန်ကြည်က သူ့ဘေးမှလူများ၏မျက်နှာများ တစ်ယောက်ချင်းလိုက်ကြည့်လိုက်သည်။

''ချစ်စုလေးက ကလေးဆိုတော့ ပြောတတ်မှာ မဟုတ်ဘူ ကားမှောက်သေတဲ့အုပ်စုကလည်း သူတို့ကားမှောက်တဲ့အကြောင်း ပြေ ပြီးပြီ၊ အင်း . . . ချမ်းလွန်းလို့ သေးခဲသေတဲ့ကလေးမကလည်း ခုထိ အချမ်းမပြေနိုင်ရှာသေးဘူး၊ ပြောခိုင်းလို့ မကောင်းပါဘူးလေ၊ ဒီတော ခင်မေလွင်၊ ညည်းနာမည် ခင်မေလွင် ဟုတ်ပါတယ်နော်''

''ဟုတ်ပါတယ် အဘွား''

လှလှပပ ဝတ်စားဆင်ယင်ထားသောအမျိုးသမီးကို အဘွာ အိုက မေးလိုက်ခြင်းဖြစ်သည်။

''ခင်မေလွင်ရယ် . . . ညည်းက သေသာသေတယ်၊ ခုထိ လှလှ ပပလေး၊ ညည်းအကြောင်းက စိတ်ဝင်စားစရာကောင်းမယ်ထင်တယ် အေ၊ ညည်းဘယ်လိုသေခဲ့တာလဲ၊ ငါတို့ကိုပြောပြပါလား ခင်မေလွင်''

ခင်မေလွင်၏မျက်နှာက မှိုင်းညို့သွားလေသည်။

''အဘွားအပျင်းပြေအောင်ပြောပြဆို ပြောပြပါမယ်လေ ရှက်စရာကောင်းပေမဲ့ ခုမှတော့ မထူးတော့ပါဘူး''





''ငါတို့ သေနေပြီပဲအေ၊ ထူးပြီးရှက်စရာ မလိုတော့ပါဘူး၊ ဒါနဲ့ ညည်းက ဘာတွေများရှက်စရာလုပ်ခဲ့လို့လဲ ခင်မေလွင်''

''ရှက်စရာလုပ်တာ ကျွန်မမဟုတ်ပါဘူး အဘွားရယ်၊ ကျွန်မ ယောကျ်ားပါ''

''ညည်းယောကျ်ား''

''ဟုတ်တယ်၊ အဘွားယောကျ်ားက အဘွားကို သေသည် အထိ သစ္စာရှိရှိပေါင်းသင်းခဲ့တယ် မဟုတ်လား၊ အဲဒါဟာ မိန်းမ တစ်ယောက်အတွက် ဂုဏ်ယူစရာအကောင်းဆုံးပါပဲ အဘွားရယ်၊ ကျွန်မ ကတော့''

ခင်မေလွင်က ရင်ဖတ်ကလေးကိုလက်နှင့်ဖိကာ ညည်းညူ လိုက်ရှာလေ၏။

အားလုံးက ခင်မေလွင့်ကို သနားသည့်အကြည့်များဖြင့် ငေးကြည့်ကြလေသည်။

ခင်မေလွင်နှင့် ဘေးချင်းယှဉ်ထိုင်နေသော ထားထားချိုဆိုသူ အအေးမိနေသည့် အမျိုးသမီးကလည်း ခင်မေလွင့်ကို လှည့်ကြည့် လိုက်သည်။

''အစ်မ . . . အစ်မသေခဲ့တာ ယောကျ်ားတစ်ယောက်ကြောင့် လားဟင်''

''ဟုတ်တယ်''

''ယောကျ်ားတွေဟာ မကောင်းပါဘူး အစ်မရယ်၊ ကျွန်မလည်း ယောကျ်ားတစ်ယောက်ကြောင့် သေခဲ့ရတာပဲ၊ သူတို့ဟာ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတွေကို လှည့်စားဖြားယောင်းဖို့ အသုံးချဖို့ လူဖြစ်လာကြတာ ထင်ပါရဲ့၊ ဟင်း . . .''

သွေးခဲသေခဲ့သည့် ထားထားချိုက ချမ်းအေးလွန်း၍ တုန်ယင်နေသည့်ကြားမှပင် အသံမှန်ဖြစ်အောင် ကြိုးစား၍ ပြောလိုက်သည်။

''အစ်မကတော့ အချစ်ရေးကိစ္စကြောင့် နှလုံးကွဲပြီး သေပွဲဝင်ခဲ့ရတာပါညီမရယ်''

''အို . . ဖြစ်မှဖြစ်ရလေ''

''ဒီအကြောင်းတွေ ပြန်ပြောရမှာ မပြောခင်ကတွင် ရင်တွေတုန်လာပြီ၊ ကျွန်မမှာ နှလုံးရောဂါအခံရှိတယ်လေ၊ ကျွန်မယောကျ်ားကျွန်မကို သစ္စာဖောက်တာသိလိုက်ရလို့ ကျွန်မနှလုံးသွေးရပ်ပြီး အသေဆိုးနဲ့ သေခဲ့ရတာပါ၊ အဖြစ်ကတော့ ဒီလိုပါရှင် . . .''

ခင်မေလွင်က သူမ၏ကြေကွဲဖွယ်ဇာတ်လမ်းကို စတင်ပြောပြလေသည်။

''ကျွန်မတို့အိမ်ထောင်ကျတာ ရှစ်နှစ်ရှိပြီ၊ ယူခါစက သူဟာကျွန်မကိုချစ်တယ်လို့ ကျွန်မထင်ခဲ့တယ်၊ တကယ်တမ်းကျတော့ မဟုတ်ဘူးရှင့်၊ သူဟာလူရှုပ်လူပွေတစ်ယောက်ပဲ ကျွန်မကွယ်ရာမှာ သူ့မှာမိန်းမတွေ ရှိနေခဲ့တယ်၊ မိန်းမကောင်းတွေရော၊ ကြေးစားတွေရော၊ အပျော်တွဲတဲ့ ခပ်လွယ်လွယ် မိန်းမတွေရောပေါ့ရှင်၊ သူကရုပ်လည်းချောအပြောလည်းကောင်းတော့ မိန်းမတွေက ကျတာပေါ့၊ ကျွန်မကသူ့အချိုးကိုပြင်ဖို့ အတန်တန် တားခဲ့ပါတယ်၊ ဒါပေမဲ့ မရဘူး''





သူ့သတင်းများကို ခင်မေလွင်နားနှင့် မဆံ့ကြားလာရသည်။ သူ့ကုမ္ပဏီတွင်လည်း သူနှင့်ငြိနေသည့် မိန်းမတစ်ယောက်ရှိသည်။ လူပျိုဘဝက ရည်းစားဟောင်းနှင့်လည်း ပြတ်ပြတ်စဲစဲမရှိဘူးဟု သိရသည်။ ယောကျ်ားနှင့်ကွဲနေသော ငယ်ရည်းစားနှင့်လည်း တိတ်တိတ်ပုန်းပြန်ဆက်နေသည်ဟု ကြားရသည်။

''ကျွန်မသူ့ကို သတိပေးခဲ့တယ်လေ၊ ဒီလိုသာဆက်လုပ်နေမယ်ဆိုရင် သည်းမခံနိုင်ဘူး၊ ကွာမယ်လို့၊ ဒီတော့လည်း သူကပြောင်ငြင်းတယ်ရှင့်၊ ကျွန်မအပြင် ဘယ်သူမှ မရှိပါဘူးတဲ့၊ သူကငြင်းပေမဲ့ ကျွန်မက သတင်းနိုင်နိုင်လုံလုံရပြီးပြီ၊ ကျွန်မအလုပ်က ခရီးကြာခဏ ထွက်ရတဲ့အလုပ်ကို၊ ကျွန်မခရီးထွက်တဲ့အချိန်မှာ သူ့ဟာမကိုအိမ်မှာခေါ်အိပ်သတဲ့ရှင်၊ အဲဒီလောက်ထိ အခြေအနေက ဆိုးလာတယ်'

ခင်မေလွင်က သူခင်ပွန်းကို ကွာရှင်းခွင့်တောင်းခဲ့သည်။ သူ့ခင်ပွန်းက ကွာမပေး။ သူ မဖောက်ပြန်ပါဘူးလို့သာ တွင်တွင်ငြင်းနေသည်။ သူဖောက်ပြန်တာကို သက်သေပြနိုင်ရင်ပြပါတဲ့၊ လက်ဆုပ်လက်ကိုင်ပြနိုင်ရင် ကွာပေးပါ့မယ်တဲ့။

''သူက စိန်ခေါ်ခဲ့တယ်လေ၊ ဒါနဲ့ ကျွန်မလည်း သူလုပ်ရပ်ကိုထင်ပင်မိအောင် ကြံစည်ရတော့တာပေါ့၊ ကျွန်မ အမေတို့ဆီ ခွင့်ယူပြီးတစ်လတိတိပြန်နေမယ်လို့ သူယုံအောင် သတင်းလွှင့်လိုက်တယ်၊ ရုံးကနေလည်း ခွင့်တစ်လတင်လိုက်တယ်၊ ကျွန်မခရီးထွက်သွားရင် သူ့ဟာမကို အိမ်ပေါ်ခေါ်တင်ထားမှာ သေချာသိနေလို့ ကျွန်မက အမိဖမ်းဖို့ ကြံစည်လိုက်တာပါ၊ အဲဒါဟာ မနေ့ကညကပေါ့၊ မနေ့ကညနေခင်းမှာပဲ ကျွန်မခရီးထွက်ဟန် ဆောင်ခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ခင်မေလွင်သည် အောက်ပြည်သို့ တစ်လကိုးသီတင်းပြန်နေမယ်ဆိုတာ သူခင်ပွန်းယုံကြည်အောင် စီစဉ်ခဲ့လေသည်။ အမေတို့အတွက် အညာလက်ဆောင်များဝယ်သည်။ ထိုမုန့် လမုန့်များ၊ လက်ဖက်များစသည့် အောက်ပြည်တွင်ရှားပါးသော မန္တလေးထွက်ပစ္စည်းများဖြစ်ပါသည်။

ညနေပိုင်းတွင် ခင်ပွန်းသည်ကို ထိုအထုတ်အပိုးများနှင့် ဘူတာကို လိုက်ပို့နိုင်းသည်။ ဘူတာမှရထားထွက်သည်အထိ သူ့ကိုစောင့်နိုင်းကာ ရထားပေါ်မှလက်ပြ၍ ခင်မေလွင်က အောက်ပြည်အောက်ရွာသို့ထွက်ခွာသွားပြီဖြစ်ကြောင်း အယုံသွင်းခဲ့လေသည်။

တကယ်တော့ ခင်မေလွင်သည် သာစည်ဘူတာတွင် ဆင်းနေရစ်ကာမန္တလေးသို့ ကားဖြင့် ပြန်လာခဲ့ပါသည်။ သူငယ်ချင်းအိမ်တွင် အထုပ်အပိုးတွေဝင်ထားလိုက်သည်။

ထို့နောက် ညဆယ်နာရီအချိန်တွင် အိမ်သို့ တိတ်တဆိတ်ပြန်ခဲ့လေ၏။

''ထင်တဲ့အတိုင်းပါပဲရှင်၊ ကိုယ်တော်ချောက သူ့ကောင်မကို အိမ်ပေါ်ခေါ်ထားပြီးပြီဆိုတာ ကျွန်မ သိလိုက်တယ်၊ တစ်အိမ်လုံး တိတ်ဆိတ်လို့၊ ကျွန်မဟာ အိမ်ပေါက်ဝကိုချွတ်နင်းသွားပြီး အနားရောက်မှ သူ့နာမည်ကို အော်ခေါ်လိုက်တယ်၊ အမယ် . . . မောင်မင်းကြီးသားက အလည်ပဲ၊ ကျွန်မ အသံလည်းကြားရော၊ ခဏနေတော့ အိမ်ထဲက ဣန္ဒြေမပျက်ထွက်လာလေရဲ့၊ မျက်နှာသုတ်ပဝါကြီးကို ကိုယ်မှာပတ်လို့လေ၊ သဘောကတော့ သူ ရေချိုးနေတာပေါ့လေ။





''ကျွန်မကိုမြင်တော့ အံ့သြတဲ့ဟန်နဲ့ ဘာဖြစ်လို့လဲတဲ့၊ ရထားပျက်လို့လားတဲ့၊ ကျွန်မက ရထားပျက်လို့ မဟုတ်ဘူး၊ ရှင်နဲ့ရှင့်ကောင်မကို လက်ပူးလက်ကြပ် ဖမ်းရအောင်လာတာလို့ ပြောလိုက်တယ်၊ အဲဒီတော့ သူက ကြဲကြဲဖန်ဖန် မိန်းမရယ်တဲ့၊ အိမ်ထဲမှာ ကိုယ်တစ်ယောက်တည်းပါ၊ ဘယ်သူမှ မရှိပါဘူးတဲ့၊ ကိုယ် ဗီရိုထိုင်ကြည့်နေတာပါတဲ့လေ၊ ဖွင့်ထားတဲ့ ဗီရိုကို လက်ညှိုးထိုးပြတယ်၊ တကယ်တော့ ကျွန်မအသံကြားမှ ဗီရိုကို ထဖွင့်လိုက်တာ ကျွန်မသိတာပေါ့။

''ကျွန်မကလဲ ဖိနပ်စင်ပေါ်က ဒေါက်ဖိနပ်ကို လက်ညှိုးထိုးပြီး ဒါ ဘယ်ကောင်မဖိနပ်လဲလို့ မေးလိုက်တယ်၊ တတ်လည်းတတ်နိုင်တဲ့သူရှင်၊ အဲဒါ မင်းဖိနပ်လေတဲ့၊ ပြောင်လိမ်တာ၊ ပြောင်လိမ်တာ၊ ကျွန်မဖိနပ်မဟုတ်ဘူးဆိုတော့ မင်းမမှတ်မိလို့ပါတဲ့၊ မင်းမှာဖိနပ်တွေအများကြီးရှိတာပဲ ဝင်နီရယ်တဲ့၊ ဩော် . . . ကျွန်မအိမ်နာမည်က ဝင်နီတဲ့ရှင့်၊ ကျွန်မယောကျာ်း ကိုတင့်အောင်က ကျွန်မကို ဝင်နီလို့ပဲခေါ်တယ်။

''ဒါနဲ့ ကျွန်မလည်း သူနဲ့တုပြီး စကားပြောမနေတော့ပဲ သူ့မယားငယ်မကို တွေ့အောင်ရှာမယ်ဆိုပြီး အိမ်ပေါ်ပြေးတက်သွားလိုက်တယ်၊ သူ့ဟာမဟာ ဘယ်နည်းနဲ့မှ အိမ်ထဲကထွက်ချိန်မရသေးဘူး၊ အိမ်ထဲမှာပဲ သူ့ဟာမကို ဝှက်ထားမယ်ဆိုတာ သေချာတယ်လေ''

ခင်မေလွင်သည် ပြောရင်းပြောရင်း ဒေါမာန်ပါလာသည်။ ဆက်ရှင်စဉ်က သူမယောကျာ်းအပေါ်မုန်းတီးမှုများက လတ်တလောပြန်ပေါ်လာလေသည်။ သေဆုံးပြီးဖြစ်သည့်တိုင် နှလုံးရောဂါ၏အရိပ်အယောင်များက သူမထံတွင် ထင်ဟပ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှလူအားလုံးက ခင်မေလွင်ပြောသမျှကို စိတ်ဝင်တစာ နားထောင်လျက် ရှိလေသည်။

ဘေးမှထားထားချိုက ခင်မေလွင်ဒေါနှင့်မောနှင့်ပြောပြနေ သည်များကို မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေရှာလေသည်။

"အပေါ်ထပ်ရောက်တာနဲ့ ကျွန်မဟာ ချောင်ကြိုချောင်ကြာ မကျန်ရှာတယ်၊ ဗီရိုတွေကို ဖွင့်ရှာတယ်၊ တစ်ခုနဲ့ တစ်ခုထပ်ထားတဲ့ သေတ္တာတွေကိုတောင် တစ်ခုချင်းချပြီး ဖွင့်ရှာတယ်ရှင်၊ ဒါပေမဲ့ အိမ်ပေါ်ထပ်မှာ မတွေ့ဘူးရှင့်၊ ဒါနဲ့ ကျွန်မ အိမ်အောက်ထပ်ကို ပြေးဆင် လာလိုက်တယ်၊ ကိုယ်တော်ချောကတော့ ခပ်အေးအေးပဲ တီဗီရှေ့မှာ လေလေးချွန်လို့ရှင့်၊ ကျွန်မဟာ မြေအောက်ထပ်ကိုပြေးဆင်းသွား လိုက်တယ်၊ ကျွန်မတို့အိမ်မှာ မြေအောက်ခန်းရှိတယ်လေ၊ သူ့ကောင်မက မြေအောက်ခန်းမှာ ဝှက်ထားမလားလို့ပေါ့၊ ဒါပေမဲ့ မြေအောက် ခန်းမှာလည်း ဘယ်လိုရှာရှာ မတွေ့ပါဘူးရှင်။

"နောက်တော့ ကျွန်မဟာ အပေါ်ထပ်မှာ ထပ်ခိုးရှိတာကို သတိရသွားတယ်၊ ထပ်ခိုးပေါ်မှာ ဝှက်မယ်ဆိုရင် ဖွက်ထားနိုင်သေး တာကိုး၊ ကျွန်မလည်း ထပ်ခိုးပေါ်ကို ပြေးတက်ခဲ့ပြန်တယ်၊ ထပ်ခိုးပေါ်က ဗီရိုတွေ၊ စားပွဲတွေ၊ ခုတင်တွေအောက်ထိအောင် လှန်လှောရှာပေမဲ့ သူ့ကောင်မကို မတွေ့ပြန်ဘူးရှင်၊ ဘယ်လိုများ ပိပိရိရိဝှက်ထား လိမ့်မလဲ၊ ကျွန်မဟာ အဲဒီအချိန်မှာ စိတ်လှုပ်ရှားရလွန်း၊ ဒေါသထွက် လွန်းလို့ ရင်တွေတဆတ်ဆတ် တုန်နေပြီလေ။

ဆုပြည့်မုံထွန်းစာပေ



"ဒါနဲ့ပဲ ကျွန်မဟာ နောက်ဆုံး အိမ်အောက်ထပ်မြေညီထပ် ရှာဖို့ ပြေးဆင်းလာခဲ့ပြန်တယ်၊ အောက်ထပ်မှာလည်း ဘယ်လိုရှာရှာ တွေ့ပါဘူး၊ သူကတော့ တီဗီရှေ့မှာထိုင်ရင်း လေကလေးတချွန်ချွန် ပြုံးစိစိလုပ်နေပုံဟာ ကျွန်မကို သရော်နေတာပေါ့လေ၊ ကျွန်မလည်း ဒေါသတွေအလိပ် လိုက်ထွက်လာပြီ"

ခင်မေလွင့် အပြောကိုနားထောင်ရင်း အအေးမိနေသော ထားထားချို၏မျက်လုံးများက တလက်လက်တောက်လာသည်။ စိတ်ဝင် စားလွန်း၍ သူခံစားနေရသောအချမ်းဒဏ်ကိုပင် မေ့သွားဟန်တူသည်။ သွားများ ခိုက်ခိုက်တုန်မနေတော့ပေ။

ထားထားချိုက ခင်မေလွင့်စကားများကို မျက်တောင်မခတ် ဘဲ နားစိုက်ထောင်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အတိတ် (၄)

ပထမဆုံး . . . အိမ်အပေါ်ထပ်၊

ထို့နောက် . . . မြေအောက်ခန်း၊

ပြီးလျှင် . . . အထပ်ခိုး၊

အကြိုအကြားမကျန် ရှာဖွေခဲ့သောခင်မေလွင်မှာ မောဟို
နေပေပြီ။

ခင်မေလွင်က တိဗီရှေ့တွင် ကုန္ဓြေမပျက်ထိုင်နေသ
သူ့ယောက်ျား ကိုတင့်အောင်ရှေ့သို့ လာခဲ့လေသည်။

''ဒီမယ်ကိုယ်တော်ချော၊ ရှင့်ကောင်မကို ဘယ်မှာဝှက်ထ
သလဲ၊ မှန်မှန်ပြောစမ်းပါ''

ကိုတင့်အောင်ရှေ့တွင် ခါးထောက်ရပ်နေသော ခင်မေ
ရင်ပတ်မှာ ဖားဖိုတစ်ခုလို နိမ့်မြင့်လှုပ်ရှားနေလေ၏။





''ဝင်နီကလည်းကွာ၊ မင်းဘာတွေ ဖြစ်နေတာလဲဟင်၊ ဘယ်က
ာင်မလဲ၊ ဘယ်ကကောင်မရှိရမှာလဲ၊ ကိုယ့်မှာ မင်းခရီးထွက်သွားလို့
မ်းဆွေးနေရတာပါ မိန်းမရယ်''

''တော် . . . မယုံဘူး၊ ရှင့်စကားကို မယုံဘူး၊ ရှင့်ကောင်မ
အိမ်ထဲမှာ ရှိကိုရှိရမယ်''

''ခက်ပါလား ဝင်နီ''

''ဒေါက်မြင့်ဖိနပ်တစ်ခုလုံး သက်သေရှိနေပြီလေ၊ အဲဒီဖိနပ်
ရှင်ကောင်မ ဘယ်မှာလဲ''

''အဲဒါ မင်းဖိနပ်ဆိုတာ ဘယ်နှစ်ခါပြောရမလဲ၊ မင်းဟာမင်း
ပ်တွေ မလိုဘဲနဲ့ ဝယ်ချင်တိုင်းဝယ်ထားပြီး ငါ့ကိုမတရားလာစွပ်စွဲ
နေနဲ့ကွ''

''လူတစ်ယောက်ဟာ ကိုယ့်ဖိနပ်ဟုတ်မဟုတ်ကို စွပ်ကြည့်
နဲ့သိတယ်၊ သိရဲ့လား၊ ကျွန်မ အဲဒီဖိနပ်ကို စီးကြည့်ပြီးပြီ၊ ဖိနပ်ပေါ်
အငွေ့အသက်က ကျွန်မအငွေ့အသက် မဟုတ်ဘူး''

ကိုတင့်အောင်က ဟက်ခနဲ ရယ်လိုက်လေသည်။

''ဝင်နီ၊ မင်းရူးနေပြီ ထင်တယ်''

''ရှင့်ကောင်မကို တွေ့အောင်ရှာမယ်၊ တွေ့အောင်ရှာပြီး
မ သက်သေပြမယ်''

''ရှာစမ်းကွာ၊ တွေ့ရင် ကိုယ့်ကို သတ်ပစ်လိုက်''

''ရှင့်ကိုလည်း သတ်မယ်၊ သူများလင် ကြောင်တောင်နိုက်တဲ့
ောင်မကိုလည်း သတ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ခင်မေလွင်က အသားကုန်ကြုံးဝါးကာ မြေညီထပ်တစ်ခုလုံး[...]လှန်လှောရှာဖွေလေတော့သည်။

ညှော့ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချော[...] အိမ်သာပါမကျန်ရှာသည်။ ခုတင်အောက်လည်း ငုံ့ကြည့်သည်။ အိပ်[...] ထဲက အဝတ်ဟောင်းထည့်သည့်ခြင်း၊ မီးဖိုခန်းထဲက မီးသွေးထည့်သ[...] ခြင်းတောင်းအစုတ်၊ စာကြည့်ခန်းထဲက စာအုပ်ဟောင်းများထည့်သ[...] ထင်းရှူးသေတ္တာ၊ လိုက်ကာအကြိုအကြားမကျန် လှန်လှောရှာ[...] လေသည်။

ရှာရလွန်းလို့ ခင်မေလွင့်မှာ မောဟိုက်နေပါပြီ။ မျက်လုံး[...] လည်း ပြာလာသည်။ ခေါင်းတစ်ခုလုံးလည်း တရိပ်ရိပ်ဖြင့် မူးဝေ[...]

မတွေ့၊ ဘာမှမတွေ့ရပါလား။

ခင်မေလွင် ဇဝေဇဝါဖြစ်သွားလေသည်။ ဖိနပ်တစ်ရ[...] သဲလွန်စတွေ့ထားပါလျက် သူမ အရှုံးပေးလိုက်ရတော့မှာလား။ ရက်[...] လများ ကြိုတင်ကြံစည်ထားသည့် အကြံအစည်တစ်ခုကို လွယ်လွယ်[...] အရှုံးပေးလိုက်ရတော့မှာလား။

ခင်မေလွင်သည် ဒေါသထွက်ထွက်ဖြင့် ညှော့ခန်းထဲမှာ[...] ထိုင်ကြည့်နေသည့် ကိုတင့်အောင်ရှေ့သို့ လာခဲ့ပြန်သည်။

ကိုတင့်အောင်က တီဗီကထုတ်လွှင့်သောသီချင်းကို လို[...] လေချွန်နေသည်။ မျက်နှာကစပ်ဖြဲဖြဲ။

ခင်မေလွင့်ဒေါသများက အထွတ်အထိပ်သို့ရောက်သွား[...] တော့သည်။





ဒေါသကြောင့် သွေးများတိုးလာကာ မျက်လုံးများပြာဝေနေ[...] အခံရှိသောနှလုံးရောဂါကြောင့် ရင်တစ်ခုလုံး ဖြောင်းဆန်အောင်[...]ရှားနေလေ၏။

သူမက ကိုတင့်အောင်ကို မီးဝင်းဝင်းတောက်သော မျက်လုံး[...]ဖြင့်ကြည့်လိုက်ကာ ရန်တွေ့ရန်အတွက် ခါးကိုထောက်လိုက်လေ[...]သည်။

www.burmeseclassic.com

www.burmeseclassic.com

# ပဏ္ဍုပြန် (၄)

ကိုတင့်အောင်က မြို့နယ်ရဲစခန်းမှ စခန်းမှူးရှေ့တွင် ခေါ် စိုက်ချထိုင်နေလေသည်။

"ခင်ဗျားမိန်းမကို ခင်ဗျားသတ်ခဲ့တယ်ဆိုတာ ဝန်ခံပြီ ကိုတင့်အောင်"

စခန်းမှူးက မေးလိုက်သည်။

"ကျွန်တော် မသတ်ဘူး၊ ကျွန်တော် မသတ်ဘူး၊ သူ့ သေသွားတာ"

"ဒေါ်ခင်မေလွင်သေဆုံးမှုကို နှလုံးရောဂါ အလွန်အ ဖောက်လာလို့ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး သေ တယ်လို့ ဆရာဝန်ကမှတ်ချက်ရေးထားပါတယ် ကိုတင့်အောင်၊ အ ခင်ဗျားဟာ ဒေါ်ခင်မေလွင်ရဲ့ ခင်ပွန်းဖြစ်တယ်၊ ဒေါ်ခင်မေ





လုံး ရောဂါရှိတယ်ဆိုတာ ခင်ဗျားမသိပဲ မနေဘူး၊ ဒေါ်ခင်မေလွင် သေဆုံးတဲ့ အထိ စိတ်အနှောင့်အယှက်ဖြစ်အောင် ခင်ဗျားလုပ်ခဲ့လို့သာ တ်တရက် သေဆုံးရတာပဲ၊ ဒီတော့ ခင်ဗျားဘာတွေ လုပ်ခဲ့တယ်၊ ဒေါ်ခင်မေလွင့်ကို စိတ်ဆင်းရဲပြီး သေတဲ့အထိဖြစ်အောင် ဘယ်လို ပ်စက်ခဲ့တယ်ဆိုတာ ဖြောင့်ချက်ပေးပေတော့ ကိုတင့်အောင်"

ကိုတင့်အောင်က ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ့ကိုကျွန်တော် မသတ်ဘူး၊ ကို လက်နဲ့တောင် မထိဘူး၊ သူဟာသူသေတာ၊ သူဟာသူသေတာ"

"မဖြစ်နိုင်ဘူး"

"သူဟာ ဒီနေ့ညနေပဲ သူ့မိဘတွေရှိတဲ့ ရန်ကုန်ကိုပြန်မယ်ဆို ရထားနဲ့ထွက်သွားတာပါ စခန်းမှူးကြီး၊ ညကျတော့ သူပြန်ရောက် တယ်၊ သူဘာလို့ပြန်လာတယ်ဆိုတာ ကျွန်တော်မသိဘူး၊ သူ့ခေါ်သံ ကြားလို့ ကျွန်တော်အိပ်နေရာက ထလာပြီး အောက်ကိုဆင်းလာတော့ င်မေလွင်ဟာ ဧည့်ခန်းထဲမှာရောက်နေတယ်၊ သူသိပ်ပြီးမောနေဟန် တယ်၊ ကုလားထိုင်နောက်မှီကို လက်ထောက်ပြီး တစ်ကိုယ်လုံးတုန် တယ်စခန်းမှူးကြီး၊ ဒါနဲ့ ကျွန်တော်က ဝင်နီ၊ ဝင်နီဆိုတာ ခင်မေလွင် အိမ်နာမည်ပါ၊ ဝင်နီ မင်းဘာဖြစ်လို့ပြန်လာတာလဲလို့ မေးလိုက်ရုံရှိ တယ်၊ ဝင်နီဟာ ရပ်နေရာကပိုင်းခနဲလဲကျသွားပြီး အသက်ကုန် တာပါပဲဗျာ"

"ဒေါ်ခင်မေလွင် ရထားနဲ့ ခရီးထွက်သွားတယ်ဆိုတာတော့ တော်တို့လည်း စုံစမ်းလို့သိပြီးပါပြီ ကိုတင့်အောင်၊ ခင်ဗျားပြောသလို



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရုတ်တရက်အိမ်ပြန်ရောက်လာတယ်ပဲ ထားပါတော့၊ ခင်ဗျားကို လှမ်းခေါ်ပြီး ခင်ဗျားအိပ်ရာက ထလာတဲ့အချိန်မှာ ဧည့်ခန်းထဲရောက်နေ တယ်ဆိုတာ ဘယ်လိုရောက်နေတာလဲ၊ အိမ်ထဲကခင်ဗျားက တံခါးဖွင့် မပေးပဲ သူ့အလိုလိုဧည့်ခန်းထဲ ဘယ်လိုရောက်နေတာလဲ''

စခန်းမှူးက အချက်ကျကျ မေးလိုက်လေသည်။

''အဲ ... အဲဒါ ... ဟို ... သူ့မှာ ... သူ့မှာ သော့အပို တစ်ချောင်းရှိနေလို့ပါ စခန်းမှူးရယ်''

''အိမ်သော့ အပိုရှိတယ်ဆိုရင်လည်း သော့ခတ်ထားမှသာ တံခါးကိုဖွင့်ဝင်နိုင်မှာလေ၊ ခင်ဗျားက အိမ်ထဲမှာရှိနေတာပဲ၊ တံခါးကို အတွင်းက ချက်ထိုးပိတ်ထားတာ မဟုတ်လား။ ခင်ဗျားဖွင့်ပေးမှ သူအတွင်းထဲ ဝင်နိုင်မှာပေါ့၊ ခင်ဗျားပြောတဲ့စကားတွေဟာ သဘာဝ မကျဘူး။ ရှေ့နောက် မညီညွတ်ဘူး ကိုတင့်အောင်''

ကိုတင့်အောင်နဖူးမှာ ဇောချွေးများပြန်လာသည်။

''စခန်းမှူးကြီးရယ်၊ ကျွန်တော်သူ့ကိုသတ်ရိုးမှန်ရင် ဆေးရုံကို ပို့ပါ့မလားဗျာ၊ သူလဲကျသွားတာနဲ့ ဆေးရုံက လူနာတင်ကားကို ဖုန်းဆက်ပြီး ဆေးရုံကိုအချိန်မီရောက်အောင် ကျွန်တော်ပို့ခဲ့ပါတယ်ဗျာ''

ကိုတင့်အောင်က သူ့အပြစ်လွတ်ရာလွတ်ကြောင်း လျှောက်ထား ချက်ပေးနေသည်။

ထိုစဉ် ခင်မေလွင်သေဆုံးမှုအတွက် ကိုတင့်အောင်အိမ်ကို စစ်ဆေးရန်တာဝန်ပေးထားသော ဒု–ရဲအုပ်နှင့်အဖွဲ့ စခန်းသို့ပြန်ရောက် လာလေသည်။





ဒု–ရဲအုပ်က စခန်းမှူးကို ဆလုရိုက်အရိုအသေပေးလိုက် သည်။

''ဘာထူးခြားသလဲ ဒု–ရဲအုပ် ကိုကျော်ဇော''

''ဟုတ်ကဲ့ စခန်းမှူးကြီး၊ ဦးတင့်အောင်အိမ်ထဲမှာ နောက်ထပ် မိန်းမတစ်ယောက်ရဲ့ အလောင်းတစ်လောင်းကို ထပ်တွေ့ရပါတယ်''

''ဟင် ...''

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com

## တမလွန် ( ၅ )

သူမ၏နောက်ကြောင်းများကို ပြန်လည်ပြောပြနေသော ခင်မေလွင်၏ရင်များက လှိုက်ဖိုလျက်ရှိလေသည်။ ပြောရင်းမျက်ရည်များ လည်း ကျလာသည်။ အသက်ရှင်စဉ် နောက်ဆုံးအချိန်က အဖြ အကြုံများကို ပြန်ပြောရင်း လက်ရှိဖြစ်နေသည့်သဖွယ် ခံစားလာ ထင်သည်။

မရဏကျူးတို့လေ့ပေါ်မှလူအားလုံးသည် ခင်မေလွင်ပြောပြ သောနောက်ကြောင်းများကို စိတ်ဝင်စားစွာဖြင့် တိတ်ဆိတ်စွာနားထော နေကြလေ၏။

'ရှင်တို့စဉ်းစားကြည့်လေ ကျွန်မမှာ ဒီအခွင့်အရေးရဖို့ ကြိုးစားလိုက်ရတာ၊ သူ့ကောင်မအိမ်ထဲ ရောက်နေတယ်ဆိုတာလည်း ဖိနပ်ကြီးတစ်ခုလုံး သက်သေရှိနေပြီ၊ လူကိုတွေ့အောင်မရှာနိုင်တာ ကျွန်မ အရှုံးပေးရတော့မှာလား၊ ပြီးတော့ ကျွန်မဟာ နှလုံးမြော





ခိုနေတာကိုမေ့လျော့ပြီး ဖောနဲ့ အပေါ်တက်လိုက် အောက်ဆင်းလိုက်၊ ပစ္စည်းတွေမ,ရွှေ့လိုက်နဲ့ ယောက်ယက်ခတ်နေလိုက်တာ အတော်ကို မောနေပြီ . . .

"နောက်ဆုံးတော့ ကျွန်မဟာ သူ့ရှေ့မှာ သွားရပ်လိုက်တယ်၊ ကောင်းကောင်းကြီး ဆဲဆိုရန်တွေ့ပစ်မယ်ဆိုပြီး ခါးကိုထောက်လိုက် တယ်၊ အဲဒီတုန်းမှာပဲ ကျွန်မရင်ခေါင်းထဲက စူးခနဲအောင့်တက်လာပြီး ကျွန်မ ကိုယ်ဟာ ကြမ်းပြင်ပေါ် ဗိုင်းခနဲလဲကျသွားတော့တာပဲရှင်-- ဟင်း . . ."

ခင်မေလွင်က သက်ပြင်းကိုချရင်း စကားကိုအဆုံးသတ်လိုက် လေသည်။

"ဟင်း . . ."

လှေပေါ်ရှိလူအားလုံး သက်ပြင်းကိုယ်စီ ချလိုက်ကြလေ၏။

ခင်မေလွင့်ဘေးမှ ထားထားချိုက ခင်မေလွင်၏လက်မောင်းကို ကိုင်လှုပ်ရင်း မေးလိုက်သည်။

"အစ်မ အသက်ထွက်သွားတာပေါ့နော်၊ ဖြစ်မှဖြစ်ရလေ . . . ဖြစ်မှဖြစ်ရလေ . . ."

ထားထားချိုက ခင်မေလွင့်အတွက် မချိတင်ကဲရရှုတ် နေဟန်ရှိသည်။

"ဖြစ်မှဖြစ်ရလေ အစ်မရယ်၊ အစ်မတို့အိမ်မှာ ရေခဲသေတ္တာ ကြီး ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထားထားချိုက မေးလိုက်သည်။ ထားထားချိုမျက်လုံးများက တဖျတ်ဖျတ်လင်းလက်လျက်ရှိလေ၏။

"ရေခဲသေတ္တာ . . ."

"ဟုတ်တယ်လေ၊ ထမင်းစားခန်းမှာထားတဲ့ ရေခဲသေတ္တာကြီးလေ၊ အစ်မ အဲဒီရေခဲသေတ္တာကြီးကိုတော့ ဘာလို့ ဖွင့်မရှာခဲ့တာလဲ ဟင် . . ."

"ဘယ်လို . . ."

"အစ်မသာ ရေခဲသေတ္တာကြီးကို ဖွင့်ကြည့်ခဲ့ရင်လေ . . . အစ်မရော ကျွန်မပါ ဒီနေရာကိုရောက်လာမှာ မဟုတ်ဘူး။ ကျွန်မတို့နှစ်ယောက်စလုံး လူပြည်မှာ အသက်ရှင်လျက် ရှိနေကြဦးမှာ အစ်မရဲ့၊ သိရဲ့လား အိး . . . ဟီး . . . ဟီး . . ."

စကားအဆုံးတွင် ထားထားချိုက ရှိုက်ကြီးတငင်အော်ငိုချလိုက်လေတော့သည်။

ထားထားချိုစကားကြောင့် အားလုံးကြက်သေ သေသွားကြလေ၏။

ပြီးမှ အေးလွန်း၍ သေခဲသေခဲ့ရပါသည်ဆိုသော ထားထားချို၏ ယခုထိချမ်းအေးနေဟန်၊ ပြာနှမ်းနေသောအသားအရေများ၊ ပဲကြီးရေစိမ်လို့တွန့်ရှုံ့နေသည့် လက်ချောင်းထိပ်ဖျားလေးများကို ကြည့်ကာ သဘောပေါက်သွားကြသည်။

အသက်အငယ်ဆုံး လူမမယ်ကလေး ချစ်စုပင်လျှင် သဘောပေါက်နားလည်လိုက်လေသည်။





"ဟင် . . . ဒါဖြင့် အန်တီခင်မေလွင်ရှာနေတဲ့ မယားငယ်မဆိုတာ အန်တီထားထားချိုပေါ့နော်၊ ဟုတ်လား"

ချစ်စုက ရှင်းအောင် မေးလိုက်လေသည်။

ဒေါ်စိန်ကြည်၊ ကိုဘသောင်းနှင့် သရဖီအပါအဝင် ကျန်လူများအတော့ ရုတ်တရက် ဝါးလုံးကွဲ ရယ်လိုက်မိကြလေ၏။

မရဏာကူးတို့ရှင်ကြီးကလည်း မအောင့်နိုင်ဘဲ ဝင်ရယ်လေတော့သည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဩော် . . . ငါ့ယောကျ်ားကိုတင့်အောင်ရဲ့ မယားငယ်ဆိုတာ င်ကိုး"

ခင်မေလွင်က ထားထားချိုကို ရူးရူးစိုက်စိုက်ကြည့်ရင်း မေးလိုက်လေသည်။

"ဟုတ်ပါတယ် အစ်မရယ်၊ ဟုတ်ပါတယ်၊ ကိုတင့်အောင်နဲ့ အောက်ပြန်ခဲ့တာ ကျွန်မပါ၊ အစ်မ ကျွန်မကိုသတ်ချင်တယ် မဟုတ်လား ဒင်၊ သတ်လိုက်ပါတော့ အစ်မရယ်၊ ကျွန်မကို သတ်လိုက်ပါတော့"

ခင်မေလွင်သည် ကြက်သေသေကာ ထားထားချိုကို အတန်ကြာ စိုက်ကြည့်နေလေ၏။

ရယ်သံများက မဆုံးသေး။ အားလုံးပင် အတောမသတ်နိုင်အောင် ရယ်မောနေကြဆဲဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေလွင်က သက်ပြင်းကို ချလိုက်သည်။

''မသတ်ချင်တော့ပါဘူးအေ၊ မသတ်ချင်တော့ပါဘူး။ ဟိုအချိန် ကများ ညီမကိုတွေ့ရရင် သတ်ချင်သတ်မိမှာ အမှန်ပဲ၊ ခုတော့ သတ်ချင် စိတ်လည်း မရှိတော့ပါဘူး။ ညီမကိုလည်း ဘယ်လိုမျှသဘောမထား တော့ပါဘူး''

''အို . . . အစ်မရယ်''

''တကယ်တော့ . . . ငါတို့နှစ်ယောက်ဟာ ယောကျ်ား တစ်ယောက်ရဲ့လှည့်စားမှုကြောင့် နှစ်ယောက်စလုံး အသက်ဆုံးခဲ့ရတာ မဟုတ်လားအေ၊ မကောင်းတာက ကိုတင့်အောင်ပါ၊ သူ့ကိုသာ သတ်ချင်တယ်၊ သူ့ကိုမသတ်ခဲ့ရလို့ပဲ ယူကျုံးမရဖြစ်မိတယ်''

''အစ်မရယ် ကျွန်မလည်း ကိုတင့်အောင်က အပြောကောင်း ယုံမိတယ်၊ သူကလေ အစ်မနဲ့ကွာရှင်းတော့မှာတဲ့၊ အစ်မ ခရီးထွက်တ ဆိုတာ အခုအစ်မပြောပြမှ ကျွန်မသိရတာပါ အစ်မရယ်၊ ကိုတင့်အော ကပြောတော့ သူနဲ့အပြီးကွာရှင်းပြီး အစ်မမိဘအိမ်ကို ပြန်သွားတာ အဲဒါကြောင့် ကျွန်မလည်းသူခေါ်တဲ့နေရာကို စိတ်ချလက်ချ လာခဲ့မိတ ပါ၊ အစ်မ ရုတ်တရက် ပြန်ရောက်လာတဲ့အသံကြားတော့ သူ ဒီထဲမှာပုန်းနေဆိုပြီး ကျွန်မကို ရေခဲသေတ္တာကြီးထဲ အတင်းဝင်ခိုင်းတ လေ၊ ကျွန်မလည်း အစ်မကိုကြောက်ကြောက်နဲ့ ဝင်ပုန်းနေမိတ ပြန်လည်းမထွက်ရဲဘူး၊ ကျွန်မ အေးလွန်းလို့ သွေးခဲသေတာ အစ်မရယ်၊ ကျွန်မကိုယ်ကျွန်မ သေပြီဆိုတာတောင် ဟောဒီကူးတို့လှေ ရောက်မှ သိရတာပါ အစ်မရယ် . . . အီး . . . ဟီး . . . ဟီး . . .''





ထားထားချိုက နောက်တစ်ချီ အော်ဟစ်ငိုယိုလိုက်ပြန်လေ၏။

ထားထားချို၏ ဝမ်းပန်းတနည်းငိုရှိုက်သံကြောင့် ရယ်သံများ ည်း တိခနဲတိတ်ဆိတ် သွားလေတော့သည်။

''ဩော် . . . ဒုက္ခ . . . ဒုက္ခ . . . ငါမေးမိတာ မှားပါတယ်''

ဒေါ်စိန်ကြည်က ညည်းညူလိုက်လေသည်။

''ဒါဖြင့် ထားထားချိုက ခင်မေလွင့်ထက် အရင်သေတာပေါ့''

''ဟုတ်တယ် အဘွား၊ ဒီကူးတို့လှေပေါ်ကို ကျွန်မအရင်ဆုံး က်တာလေ၊ ဒီလူတွေထဲမှာ ကျွန်မအရင်ဆုံးသေလို့ပေါ့ အဘွားရယ်''

''ဒါနဲ့ ညည်းက ခင်မေလွင်ကိုတွေ့တော့ ညည်းနဲ့ဖြစ်ခဲ့တဲ့ တင့်အောင်မိန်းမမှန်း မသိဘူးလား''

''ကျွန်မ မခင်မေလွင်ဆိုတာကို မမြင်ဖူးခဲ့ဘူးလေ၊ ကိုတင့် င်မိန်းမနာမည်ကိုလည်း ကိုတင့်အောင်ပြောလို့ ဝင်နီလို့ပဲသိထား ပါအဘွား၊ မခင်မေလွင်က သူ့နာမည်ပြောပြီး မိတ်ဆက်တဲ့အထိ မ မသိသေးပါဘူး။ အဖြစ်အပျက်ကိုပြောပြမှ ဆက်စပ်မိတာပါ''

''ဖြစ်ရလေအေ . . .''

''ဩော် . . . ယောကျ်ားတွေစကားကို ယုံစားမိလို့ အသက်ပါ ရတာပါလား။ ''**အချစ်ကိုယုံ ပုံပါနဲ့အလုံး**''တဲ့၊ သိပ်မှန်တဲ့စကား ကိုတင့်အောင်ကို ယုံပြီးပုံမိလို့ အသက်ပါဆုံးရပါပြီရှင်၊ ကျွန်မ ောင်းကြီးကိုတွေ့ရင် မေမေတို့ ဘယ်လိုများ ခံစားရမှာပါလိမ့်၊ တွေကို အရှက်ကွဲအောင်လုပ်မိပါပြီရှင်''

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com

## အတိတ် (၅)

ထားထားချိုသည် ကိုတင့်အောင်တို့ကုမ္ပဏီမှ ကွန်ပျူ
အော်ပရေတာမလေးဖြစ်ပါသည်။

ကိုတင့်အောင်က ကွန်ပျူတာစာစီရန်စာကြမ်းများကိုပေးသ
အခါတိုင်း သူ့အခန်းထဲကိုခေါ်ပြီးပေးသည်။

ထားထားချိုအနေဖြင့် ကိုတင့်အောင်၏ ချောမောခန့်ညားသေ
ရုပ်ရည်ကို သဘောကျမိသည်တော့အမှန်ပါ။ သို့သော် မိမိထက် အသ
လည်းကြီး၊ အထက်အရာရှိလည်းဖြစ်၊ အိမ်ထောင်သည်လည်းဖြစ်သ
မို့ အစပိုင်းတွင် စိတ်မဝင်စားမိပါ။

ကိုတင့်အောင်က စာရိုက်ရန်ကိစ္စဖြင့် အခန်းထဲကိုခေါ်ထ
ချက်ချင်းပြန်မလွှတ်ပေ။ သူ့ရှေ့က ကုလားထိုင်မှာ ထိုင်စေသည်။
အကြမ်းရေးထားသောစာကို အစအဆုံး ဖတ်ခိုင်းသည်။ မရှင်းတာ





ပြန်မေးပါဟု ပြောတတ်သည်။ တကယ်တော့ စာကြမ်းမှာ ဘာမျှမရှင်းရာမရှိပေ။ ကိုတင့်အောင်က ထားထားချိုနှင့် နှစ်ယောက်တည်းစကားပြောချင်လို့ အကြံအဖန်လုပ်ခြင်းသာဖြစ်လေ၏။

ဒါကို ကြာတော့မှ ထားထားချိုရိပ်မိလာတော့သည်။

ရိပ်မိလာသည့်အချိန်တွင် ထားထားချိုသည် ဆရာကိုတင့်အောင်ကို သနားနေမိပြီးဖြစ်ပါသည်။

သနားစရာကောင်းအောင်လည်း ကိုတင့်အောင်က သူ၏ အိမ်ထောင်ရေးအဆင်မပြေမှုများကို ထားထားချိုရှေ့တွင် ညည်းည ခဲ့သောကြောင့် ဖြစ်သည်။

"ဆရာအိမ်ထောင်ပြုလိုက်တာ မှားတယ်ကွယ်၊ တကယ်တော့ ဝင်းနီဟာ ကိုယ့်ချစ်သူရည်းစားလည်း မဟုတ်ပါဘူး။ မိဘတွေကပေးစားလို့ယူခဲ့ရတာပါ"

"ဟုတ်လား ဆရာ၊ မမဝင်းနီက ဘာတွေဆိုးလို့လဲဟင်"

ထားထားချိုကလည်း စပ်စုမိသည်။

"ဝင်းနီဟာ အပြင်ပန်းကြည့်ရင်တော့ သိပ်လှတဲ့မိန်းမတစ်ယောက်ပါပဲ၊ ဒါပေမဲ့ အိမ်ထောင်ရေးမှာ ရုပ်ရည်လှပမှုတစ်ခုတည်းနဲ့ မပြီးပါဘူး ထားရယ်၊ ဝင်းနီဟာ အိမ်မှုကိစ္စတွေကို မနိုင်နင်းဘူးကွယ်၊ ဘာလည်းမလုပ်ချင်ဘူး၊ သူ့ကိုယ်သူ ငွေရှာနိုင်တဲ့ပညာတတ်မိန်းမတစ်ယောက်အနေနဲ့ ဒါတွေလုပ်တတ်စရာမလိုဘူးလို့ ထင်နေတယ်လေ"

"အို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝင်နီဟာ သူ့ကိုယ်သူလုအောင် အလှပြင်နေပေမဲ့ အိမ်မှာကတော့ ညစ်ပတ်ရှုပ်ပွနေတာပါပဲ၊ အိမ်မှာနေရတာ ကြာတော့ ဆရာစိတ်ညစ်လာမိတယ်ထားရယ်"

"မမဝင်နီကို အိမ်မှုကိစ္စတွေလုပ်ဖို့ ဆရာကမတိုက်တွန်းဘူးလားဟင်"

"အဲဒီလိုစကားမျိုးပြောမိတာနဲ့ ရန်ဖြစ်ရတာပါပဲ ထားရယ်၊ ကြာတော့ ဆရာလည်းစိတ်ပျက်လာပါပြီ၊ ကိုယ်ကြိုက်လို့ယူမိတဲ့မိန်းမဆိုရင်လည်း သည်းခံရသေးရဲ့၊ မိဘပေးစားလို့ယူခဲ့ရတဲ့မိန်းမလည်းဖြစ်တော့ ပိုပြီးယူကျုံးမရဖြစ်မိတာပေါ့၊ ဆရာဟာ အိမ်ထောင်ရေးကံမကောင်းတဲ့ လူတစ်ယောက်ပါ ထားရယ်"

ကိုတင့်အောင်က ထားထားချိုကို အိမ်ထောင်ရေးအဆင်မပြေကြောင်း၊ ဇနီးဖြစ်သူအပေါ်ကို မကျေနပ်ကြောင်း၊ ဝင်နီနှင့်ပေါင်းသင်းနေရသည့်အတွက် မပျော်ပိုက်ကြောင်းများကို အခွင့်သင့်တိုင်း ပြောခဲ့ရင်ဖွင့်ခဲ့လေသည်။

ထိုစဉ်တုန်းကတော့ ထားထားချိုသည် ကိုတင့်အောင်၏အပြောကောင်းမှု၊ အမူအရာကောင်းမှုများကြောင့် သူ့စကားများကို ယုံကြည်ခဲ့လေသည်။ ကိုတင့်အောင်ကို သနားလည်း သနားမိလေသည်။

ကိုတင့်အောင်ကလည်း တဖြည်းဖြည်းဖြင့် ထားထားချိုကိုသူ့ဖက်ပါအောင် စည်းရုံးခဲ့လေ၏။ ရုံးအားရက်များတွင် စစ်ကိုင်း၊ အင်းဝပြင်ဦးလွင်တို့လိုမြို့များသို့ အလည်အပတ်သွားခြင်း၊ ရုံးအဆင်းမှာ ညစာကျွေးပြီးမှအိမ်ပြန်ပို့ခြင်း စသည်တို့ဖြစ်လေ၏။





သည်လိုနှင့်ထားထားချိုသည် ကိုတင့်အောင်ရုပ်ရည်ကို [illegible]ဘာကျွန်စိမ်ခြိုက်ရင်းစွဲရှိပြီးပြီမို့ အသနားဖက်ကာ ကိုတင့်အောင်[illegible]ကို ယုံကြည်စွာဖြင့် ပုံအပ်မိလေတော့သတည်း။

"ဝင်နီဟာ အလကားမိန်းမပါ၊ ကိုကိုက သားသမီးတွေနဲ့[illegible]ပျော်ပါးပါး နေချင်တယ်၊ သူကအလှပျက်မှာစိုးလို့ ကလေးမမွေးချင်[illegible]လေ၊ ထားနဲ့အတူတူနေရင်တော့ ကိုကိုတို့ ကလေးတွေအများကြီး[illegible]ယ်နော်"

"အို . . . ကိုကိုကလည်း ဘာတွေပြောမှန်းလည်း မသိဘူး၊ [illegible]ကြီး"

အိမ်ကိုခေါ်တဲ့နေ့ကတော့ ကိုတင့်အောင်က ဝင်နီအိမ်ပေါ်က[illegible]သွားပြီ၊ သူနှင့်အပြီးအပြတ်ကွာရှင်းပြီး ရန်ကုန်ကသူ့မိဘတွေဆီ[illegible]ပြီဟုပြောကာ ခေါ်ခဲ့ခြင်းဖြစ်လေသည်။

"အို . . . လက်မထပ်ရသေးဘဲနဲ့ ကိုကိုနဲ့ညအိပ်ညနေအတူ[illegible]ဘယ်လိုဖြစ်မှာလဲ ကိုကိုရယ်"

"လွယ်ပါတယ် ထားရယ်၊ ထားအိမ်ကို နယ်ဖက်ကိုစာရင်း[illegible]ရုံးကတာဝန်ပေးတယ်၊ တခြားမိန်းကလေးအဖော်တွေလည်း[illegible]လို့ ပြောလိုက်ပေါ့"

"အို . . . ထားကြောက်တယ်"

ကြောက်တတ်သော ထားထားချိုစိတ်ကို ကိုတင့်အောင်အပေါ်[illegible]စိတ်က လွှမ်းမိုးသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကင့်အောင်ကလည်း အပြောကောင်း၊ စည်းရုံး
ကောင်းလွန်းလှသည်။ စားနေကျကြောင်ဖားကြီးက အတွေ့အကြုံ
ရင့်ကျက်လှပြီဆိုတာကို အဲသည်တုန်းကတော့ အချစ်မှောင်ဖုံးနေသ
ထားထားချို မရိပ်မိခဲ့ပေ။

ထားထားချိုသိလိုက်သည့်အချိန်မှာ သိပ်နောက်ကျသွား

အဲသည်ညက ကိုတင့်အောင် သင်ဉာဏ်ပေးတဲ့အတိုင်း
အိမ်ကိုစာရင်းစစ်သွားဖို့ ခရီးထွက်ရမည်ဆိုကာ လိမ်ထွက်ခဲ့သ
ကိုတင့်အောင် အိမ်အထိ လိုက်အိပ်မိသည်။

အိမ်မှာကိုတင့်အောင်ဖနိုးနှင့် ပတ်သက်သည့်အထော
အထား အငွေ့အသက်တွေမတွေ့ရတာ ကိုတင့်အောင်စီစဉ်ထား
ဖြစ်လိမ့်မည်။ အိမ်ထဲ၌ ဝင်နီဓာတ်ပုံလေးတစ်ပုံပင် မတွေ့ခဲ့ရပါ။

သူတို့နှစ်ယောက် အိပ်ရာထဲမှာ ချစ်ခွန်းဖွဲ့နေကြ
အောက်ထပ်မှ အော်ခေါ်သံကို ကြားလိုက်ရခြင်းပင်ဖြစ်လေ၏။

''ကိုတင့်အောင်၊ ကိုတင့်အောင်၊ တံခါးဖွင့်စမ်းပါ၊ တံခါး
မြန်မြန်ဖွင့်စမ်းပါ''

''ဟိုက် ကိုယ့်မိန်းမပြန်လာပြီ၊ ဒုက္ခပဲ''

''ဟင် . . . ကိုကိုပြောတော့ သူအပြီးထွက်သွားတာဆို''

''ကိုတင့်အောင်၊ တံခါးဖွင့်စမ်းပါဆို၊ ဒီမှာ ရှင့်မိန်းမပြန်
ပြီရှင့်''

အပြင်ကအသံက ထွက်လာပြန်သည်။

''ပုန်းနေ၊ ပုန်းနေ ထား၊ ပြဿနာတက်လိမ့်မယ်''

ဆုပြည့်စုံထွန်းဆာပေ



''အမလေး . . . ထားကြောက်တယ်၊ ကိုကိုပြောတော့တစ်မျိုး
သူကဘယ်လို ပြန်ရောက်လာတာလဲ၊ ထားကြောက်တယ်''

''ကိုတင့်အောင်၊ တံခါးဖွင့်ပါဆိုတာ မကြားဘူးလား၊ ရှင်ဘာ
နေတာလဲ''

''ဒါတွေနောက်မှပြော၊ လောလောဆယ် ပုန်းနေစမ်းထား၊
အဝတ်အစားတွေပါယူပြီး ပုန်းနေပေတော့''

''ထား . . . ထားဘယ်နေရာမှာ ပုန်းရမှာလဲ ကိုကို''

''ဒုက္ခပါပဲ၊ လာ လာ၊ ကိုကိုပြမယ်၊ ကိုကို့နောက်လိုက်ခဲ့''

ကိုတင့်အောင်က ထားထားချိုကို ထမင်းစားခန်းထဲဆွဲခေါ်
လေသည်။ ရေခဲသေတ္တာကြီးရှေ့အရောက်တွင် ရေခဲသေတ္တာ
ကို ဖွင့်လိုက်သည်။ ရေခဲသေတ္တာက လူတစ်ကိုယ်ဝင်သာအောင်
ကြီး။

ကိုတင့်အောင်က ထားထားချိုကို ရေခဲသေတ္တာထဲ အတင်း
သွင်းလိုက်၏။ အဝတ်အစားအိတ်ကိုပါ တစ်ပါတည်း ထည့်လိုက်
ပြီး ရေခဲသေတ္တာကြီးကို ဆောင့်ပိတ်လိုက်လေတော့သည်။

အဲသည်နောက်တော့ ထားထားချိုသည် အပြင်ဘက်တွင်
တွေဆက်ဖြစ်ကြသည်ကို မသိတော့ပါ။ ရေခဲသေတ္တာထဲတွင်သာ
ဒဏ်ကို ကြိတ်မှိတ်ခံရင်း ကိုတင့်အောင်ပြန်ဖွင့်ပေးမည့်အချိန်ကို
နေမိသည်။ ကိုယ့်ဘာသာကိုယ်တော့ ဖွင့်မထွက်ရဲပါ။ ကိုတင့်အောင်
ကြီးကိုမျက်နှာချင်းဆိုင်ရမှာ ကြောက်လှပါသည်။

ဆုပြည့်စုံထွန်းဆာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေခဲသေတ္တာထဲမှ ထားထားချိုသည် တစ်စတစ်စအေး
သည့် အချမ်းဒဏ်ကိုခံစားရင်း တံခါးပြန်ဖွင့်ပေးမည့်အချိန်ကို စော
နေခဲ့လေသည်။

အအေးဒဏ်က သူမတစ်ကိုယ်လုံးကို ဝါးမျိုလိုက်သည်
တွင်ကား . . .

ထားထားချို၏အသိဉာဏ်များ လွင့်ပါးသွားရလေတော့

ထားထားချို ဘာမှုမသိတော့၊ ဘာဆိုဘာမျှ မသိတော့

## ပစ္စုပ္ပန် ( ၅ )

မန္တလေးပြည်သူ့ဆေးရုံကြီး၏ရေခဲတိုက်မှတစ်ဆင့် သုသာန်သို့ပို့ဆောင်မည့် အသုဘများမှာ အဆင်သင့် ဖြစ်နေပေပြီ။

ပထမဆုံးထွက်ခွာမည့် အသုဘမှာ မထားထားချို၏အသုဘပင်ဖြစ်လေသည်။

ထားထားချို၏ အသုဘကိုပို့ဆောင်ရန် သူမအလုပ်လုပ်သည့် ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဆွေမျိုးသားချင်းများ ရောက်ရှိနေကြပေပြီ။

အသုဘပို့ပရိသတ်သည် တိတ်ဆိတ်နေကြလေ၏။

ထားထားချိုသေဆုံးရပုံကိုတွေးရင်း သနားသူက သနားကြသလို၊ အံ့ဩသူကလည်း အံ့ဩနေကြသည်။ ကုမ္ပဏီမှအရာရှိဦးတင့်အောင်အိမ်တွင် သေဆုံးခြင်းဖြစ်ရာ တချို့ကလည်း ဖြစ်ပုံကိုသဘောပေါက်ကြ၏။ သို့သော် လူတစ်ယောက်လုံးသေဆုံးနေပြီမို့ စကားတင်းဆိုရမှာ မဝံ့အောင် ဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ ထားထားချိုကိုတော့ အားလုံးက သနားေ ကြလေ၏။ သေဆုံးရပုံကလည်း ထူးဆန်းလွန်းလှပေရာ အသုဘသတင် မေးရမှာပင် မေးမထွက်အောင် ရှိကြလေသည်။ ထို့ကြောင့်ပင် အသုဘ ပို့ပရိသတ်မှာ တိတ်ဆိတ်နေကြခြင်း ဖြစ်ပါ၏။

''အမလေး ...သမီးရဲ့ အဖြစ်ဆိုးလှချည်လား ထားထာ ရယ်၊ အမေဘယ်လိုဖြေရမှာလဲ၊ သမီးအကြောင်းကို အမေဘယ်လို ပြောရမှာလဲ အမိုက်မကြီးရဲ့''

အသုဘကို နိဗ္ဗာန်ယာဉ်ပေါ်သို့တင်ဆောင်ချိန်၌ ထားထားချ ၏မိခင်ကြီးက အော်ဟစ်ငိုယိုရင်း တက်ချက်သွားလေတော့သည်။

ဒုတိယပို့ဆောင်မည့်အသုဘမှာ ဒေါ်ခင်မေလွင်၏ အသုဘပ ဖြစ်လေသည်။ ရန်ကုန်မှ ဒေါ်ခင်မေလွင့်မိဘများနှင့် ဆွေမျိုးမျာ ရောက်ရှိနေကြသည်။ ခင်မေလွင့်ခင်ပွန်း ဦးတင့်အောင်ကိုမူ မတွေ့ရပါ

ထိုအချိန်တွင် ကိုတင့်အောင်မှာ အိမ်အတွင်း၌ အမျိုးသမီ နှစ်ဦးတစ်ချိန်တည်းသေဆုံးမှုအတွက် ရဲစခန်း၌ အချုပ်ခံနေရချိန် ဖြစ်သည်။

ကိုတင့်အောင်ကိုယ်တိုင်အဖမ်းခံနေရခြင်း၊ ကိုတင့်အောင်တို့ ကုမ္ပဏီမှဝန်ထမ်းများက ထားထားချိုအသုဘကို ပို့ဆောင်နေကြခြင်းတို့ ကြောင့် ခင်မေလွင်၏နာရေးတွင် ကိုတင့်အောင်ကုမ္ပဏီမှပို့ဆောင်သူ မရှိတော့ပါ။

ခင်မေလွင့်ရုံးမှ အသိမိတ်ဆွေများသာ ပို့ဆောင့်ကြလေ သည်။





အကြောင်းမသိသူများက မရှေးမနှောင်းချသွားသောအသုဘ ခု၏ဆက်စပ်မှုကို သိကြမည် မဟုတ်ပါပေ။

ထိုအသုဘနှစ်ခုအပြီး၌ ပို့ဆောင်မည့် အသုဘအခမ်းအနားမှာ စည်ကားသိုက်မြိုက်လှပေသည်။

ပြင်ဦးလွင်အဆင်းလမ်းတွင် ကားမှောက်၍ကွယ်လွန်ခဲ့သော ယ်အဆိုတော်လေးဦး၏ ရုပ်အလောင်းများကို တစ်ချိန်တည်း ဆောင်မည့် အသုဘအခမ်းအနားဖြစ်ပါ၏။

ကွယ်လွန်သူ စောဝေမိုး၊ ချာလီချမ်း၊ ချောချောနှင့်နွယ်နီတို့ ဆွေမျိုးသားချင်းများ ရေခဲတိုက်ရှေ့၌ စုံလင်စွာရောက်နေပေပြီ။

သေဆုံးသူအဆိုတော်များမှာ မန္တလေးဂီတလောကတွင် ဆိုက်အလျောက် လူသိများသူများမို့ ပို့ဆောင်မည့်သူများစည်ကား သည်။

''ခြောက်ယောက်ပြန်လာတာ လေးယောက်က ပွဲချင်းပြီးပဲတဲ့၊ ယောက်ပဲ လွတ်တယ်''

''နှစ်ယောက်ထဲမှာ တစ်ယောက်က အခြေအနေမကောင်းဘူး ၊ သရဖီဆိုတဲ့အဆိုတော်မလေးပေါ့၊ သူကတော့ စောင့်ကြည့်ရတဲ့ ခြေအနေမှာရှိနေတယ်တဲ့''

''ရဲရင့်ကတော့ မသေနိုင်တော့ဘူး ပြောတယ်၊ လက်ကျိုးရုံ ခေါင်းကွဲရုံပဲတဲ့''

''ရဲရင့်လည်း မမြင်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



“ရဲရင့်ဆေးရုံပေါ်မှာပဲ ရှိသေးတယ်လေ၊ သူ့ကို သူ့သူ ချင်းတွေသေတဲ့အကြောင်း မပြောရဲသေးဘူးတဲ့”

“သရဖီလည်း မသေပါနဲ့၊ သရဖီက အသံလည်းကောင်း ချောလည်း ချောတယ်နော်”

“တို့လည်း သရဖီမသေပါစေနဲ့လို့ ဆုတောင်းပါတယ်ဟ”

အသုဘပို့ပရိသတ်ထဲမှ ဝေဖန်ပြောဆိုနေသောစကား ဖြစ်ပါသည်။

အချိန်ကျသည့်အခါ အသုဘယာဉ်လေးစီးတန်းစီ၍ သုသာန် သို့ ထွက်ခွာသွားကြလေ၏။

• • •

## တမလွန် ( ၆ )

“လောကလေးကိုလော်မည့် ဘေးမသန်းဘဲ အေးချမ်းတော့သည် မြစ်ကမ်းခြေရေနဒီ စိမ်းလဲ့လဲ့ကြည်”

ချောချောက ရုတ်တရက် သီချင်းတစ်ပုဒ်ကို သီဆိုလိုက်ခြင်း ဖြစ်ပါသည်။

“ကျွန်းငွေသောင်ကမ်းမြင့်ဆီ ငွေစင်ရော် တူပျော်သည် မိုင်းဝေဝေရီ . . . လွမ်းလောက်ပေသည် . . .”

သီချင်းသံကြောင့် ချောချောကို လေ့ပေါ်ပါသူအားလုံးက ဝိုင်းကြည့်လိုက်ကြသည်။ ချောချောအပေါ်နှုတ်ခမ်းမှာ ကွဲနေပြီး သွားများ မရှိတော့သောကြောင့် သူမနှုတ်မှ ထွက်လာသောအသံမှာ ပီပီပြင်ပြင် မရှိပါပေ။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ပန်းပေါင်းစုံယှိမ်းနွဲ့ကာပင် စိမ်းလဲ့ကြည်အေးမွှေးသည် သင်းပျံ့ပျံ့အားလုံးစုံညီ . . . မြူးထူးပျော်ပါးကြသည် တိမ်ညိုတိမ်ဝါ တိမ်နီ . . . တချို့ကတော့ အဝါရောင်ချီ . . . အမျိုးမျိုးအလှတွေ ပြောင်းလဲကြတော့သည် . . . လှေကလေးကို လှော်မည်''

''တော်ပါတော့၊ တော်ပါတော့ ချောချောရယ်''

သရဖီက ချောချောကို ဟန့်တားလိုက်လေသည်။

''ဘာဖြစ်လို့လဲ''

''နင်ဆိုတဲ့သီချင်းနဲ့ လက်ရှိအခြေအနေနဲ့ တခြားစီပဲ၊ ဘယ်မှာလဲ . . . ပန်းပေါင်းစုံ၊ ဘယ်မှာလဲ . . . တိမ်ညို တိမ်နီ တိမ်ဝါ၊ ဘယ်မှာလဲ . . . ငွေစင်ရော်''

''ငါက အလိုက်ဖက်ဆုံးထင်တဲ့သီချင်းကို ရွေးဆိုလိုက်တာပါဟာ၊ ငါတို့ လှေစီးနေကြတယ်လေ၊ ငါ့သီချင်းလေးက ငါတို့အဖြစ်နဲ့ မလိုက်ဖူးလား၊ လှေကလေးကိုလှော်မည် . . . ဘေးမသန်းဘဲအေးချမ်းတော့သည် . . .''

ချောချောက သီချင်းဆက်ဆိုရင်း သူမ၏လက်ကို ရေထဲသို့ ချလိုက်သည်။ ရုပ်ရှင်ထဲကမင်းသမီးလို ရေထဲကိုလက်နှစ်ပြီး အမူအရာ လုပ်လိုက်ခြင်းဖြစ်ပါ၏။

''မြစ်ကမ်းခြေရေနဒီ . . . အား . . . ပူတယ် . . . ပူလိုက်တာ''

ရေထဲသို့လက်ချလိုက်သည်နှင့် ချောချောသည် သီချင်းအဆို ရပ်သွားကာ အလန့်တကြား အော်လိုက်လေသည်။ ရေထဲမှလက်ကို ပြန်ရုပ်ရင်း လက်တခါခါ ဖြစ်နေလေ၏။

''ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ ချောချော''





''ပူလိုက်တာ၊ ပူလိုက်တာ၊ ရေတွေက ပူလိုက်တာ၊ စမ်းကြည့်ကြစမ်း''

သရဖီနှင့်နွယ်နီက ပူတယ်ဆိုသည့်ရေထဲသို့ လက်ကိုမဝံ့မရဲ ထည့်ကာ စမ်းကြည့်လိုက်သည်။

''အား . . .''

နှစ်ယောက်သား ချက်ချင်းလက်ကို ပြန်ရုပ်လိုက်ရ၏။

ရေများမှာ ကျွက်ကျွက်ဆူနေသော ရေနွေးပူများကဲ့သို့ ပူပြင်းလောင်မြိုက်လျှက် ရှိပါသည်။

''ဒါတမလွန်ပဲ အကောင်းဆိုတာ ဘယ်ရှိမှာလဲ၊ အဆိုးပဲ ရှိမှာပေါ့ဟယ်''

သရဖီက ပူသွားသောလက်တစ်ဖက်ကို ပွတ်သပ်ရင်းပြော လိုက်လေသည်။

ချောချောသီချင်းဆိုသံလည်း ရပ်သွားလေ၏။

''ဟုတ်တယ်ကွ၊ ဒီအချိန်မှာ သီချင်းတစ်ပုဒ်လောက်ဆိုရရင် ကောင်းမှာပဲ''

စောဝေမိုးက ပြောလိုက်သည်။

''ဟစ်ဟော့သီချင်းတစ်ပုဒ်လောက် စပ်စမ်းကွာ၊ မင်းနဲ့ငါ သီချင်းတစ်ပုဒ် လက်တန်းစပ်ဆိုရအောင်''

ချာလီချမ်းနှင့်စောဝေမိုး ခေါင်းချင်းဆိုင်သွားကြသည်။

လူမပါသောလှေအလွတ်နှစ်စီးက သူတို့မျက်နှာချင်းဆိုင်မှ လှော်ခတ်လာကာ သူတို့လှေကိုကျော်လွန်၍ ကမ်းစပ်သို့ လှော်ခတ်သွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ မသာတွေကို တမလွန်တစ်ဖက်ကမ်း ပို့ခဲ့တဲ့လှေတွေပဲ။ နောက်ထပ် သေလူတွေကိုခေါ်ဖို့ သွားနေပြီ။ တစ်နေ့တည်းမှာ လူတွေ ဘယ်နှစ်ယောက် သေနေကြသလဲ။

သရဖီက နောက်ကိုလည်ပြန်ကာ လှည့်ကြည့်လိုက်သည်။ မိမိတို့နောက်ဘက် အတော်လှမ်းလှမ်းမှ လူအပြည့်တင်ကာ လှော်ခတ်လာသော လှေတစ်စီးကို တွေ့လိုက်ရလေသည်။ ငါတို့နောက်မှ သေတဲ့လူတွေပေါ့။

သရဖီက နောက်လှေထဲတွင် ရဲရင့်ပါလာလေးမလားလို့ မျှော်လင့်လိုက်မိလေသည်။ ဝေးလွန်း၍ လှေပေါ်မှလူများကိုတော့ သဲသဲကွဲကွဲ မမြင်နိုင်ပါ။

ထိုစဉ်အခိုက်တွင် ချာလီချမ်းနှင့်စောဝေမိုးတို့နှစ်ယောက် သီဆိုလိုက်သောသီချင်းသံက ပျံ့လွင့်လာလေ၏။

တောင်ခေါ်မြို့ကမင်းတောင့်မှာ ယိမ်းချိုးဆိုပြီးဆိုင်းအပြင်မှာ
ဖြူဖြူဦးထွေးဆိုဖြတ်တော ရာသီဥတုသိပ်ထားတော
ရှုခင်းလေးတွေမှာထာထမျှ စိတ်မှာကြည်နူးမိတော
ကျွန်တော်တို့ရဲ့ထားမလေးတော
တောင်ဆပ်းလေးအတိုင်း ပြေးနေတော
ဒီဝေမှဲ့ တံဆိုးထေထမျှ
ကြမ္မာဆိုးနဲ့တိုးမိတော

သူတို့နှစ်ယောက်က လှေနံနှစ်ဖက်ကိုလက်များဖြင့်ပုတ်၍ စည်းချက်လိုက်ကာ သံပြိုင်သီဆိုနေကြလေသည်။ သီချင်းက မြူးမြူးသွက်သွက်မို့ အားလုံးက မရိုးမရွှဖြစ်လာကြ၏။





လေစီးခေါ်ထို နွားကြီးထ ထတ်တော ×××
ဓထပြီဆရာ
ဒရိုင်ဘာကြီးတော ရုတ်ထရုတ်မို့ ဗျာမျှားဆိုသွားတော ×××
ဓထပြီဆရာ
ထားတိုင်ဧတွေ့ပြီးရှောင်အခါးမှာ ×××
ဓထပြီဆရာ
ချောင်ထဲထိုးထိုးဆင်းသွား ထိုထစ်ပွဲ့လုံးမာသေတီးသား ×××
ဓထပြီဆရာ
ထမွေ့နံသွားတဲ့ထူးတို့ရှော့ခေါ် ဝါထိုချောထ်ခံရတော ×××
ဓထပြီဆရာ
ထွန်း ×××အားလုံးတို့ ရှုပ်နေတာပဲ

စိုင်းစိုင်းနဲ့အနဂ္ဂတို့ရဲ့ "သေပြီဆရာ"သီချင်းကို ဖျက်ဆိုနေကြ။ စောဝေမိုးနှင့်ချာလီချမ်းတို့သီချင်းမှာ အတိုင်အဖောက်ညီညီနှင့် တတ်နေကြလေသည်။

ရေထာရှေ့ခေါ်းထိုးဒီး
ခရီးဖော်တွေထမျိုးကြီး
ရှော့ရုပ်ကြီးတပြုံးဖြီးဖြီး
ချော်ထထိခထ်ဘဲ ထအီးအီး
မိုက်ဆာထထ်ဖျဲ ထငိုးငိုး



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သီချင်းက မြှူးသွက်လွန်းသည့်အတွက် အားလုံးပင် သီချင်းထဲ၌ မျောပါသွားကြလေတော့၏။

အသက်အကြီးဆုံးအဘွားကြီး ဒေါ်စိန်ကြည်ပင် လှေနံ... လက်ဖြင့်ပုတ်ရင်း စည်းချက်လိုက်လို့ပါလား။

ခင်မေလွင်နှင့်ထားထားချိုကလည်း လူ့ဘဝတုန်းကအဖြစ်မျာ... ကိုမေ့ပစ်လိုက်ပြီ ထင်ပါသည်။ နှစ်ယောက်သားပခုံးချင်းကပ်ရ... ကိုယ်ကို ဘယ်ညာယိမ်းနွဲ့နေကြသည်။ "*သေပြီဆရာ . . . သေပြီဆရာ*" နှင့် နှုတ်မှလိုက်ဆိုနေကြသည်။

ကားဆရာကိုဘသောင်းကလည်း သီချင်းအလိုက်အတိုင်း လက်ခုပ်တီးပေးနေ၏။

ကိုဘသောင်းက ချစ်စုလေးကို ထိုင်ရာမှထစေပြီး ကဖို့အ... အရာပြလိုက်သည့်အတွက် ချစ်စုလေးက လက်ကလေးကိုမြှောက်က... မြှောက်ကာ ရက်ပ်ပါတို့ကနည်းအတိုင်း ကလိုက်ပြန်လေသည်။

မရဏကူးတို့လှေပေါ်မှ သေပြီးသူလူတစ်သိုက်မှာ အတိတ်... ဖြစ်ရပ်များကိုမေ့ပစ်ပြီး မရဏကမ္ဘာတွင် အပျော်ကြီးပျော်နေကြလေ...

သူတို့နှင့်ရောပြီးမပျော်နိုင်သူမှာ သရဖီပင်ဖြစ်လေသည်။

သရဖီသည် သူမ သေဆုံးခဲ့ပြီဆိုတာကို ယခုထိလက်မ... နိုင်သေး။ ဒါဟာအိပ်မက်တစ်ခုပဲဖြစ်လိုက်ပါတော့။

ထိုစဉ် မရဏကူးတို့ရှင်ကြီးက ပြောလိုက်လေသည်။

"မင်းတို့ဆိုတဲ့သီချင်းက သိပ်နားထောင်လို့ကောင်းတာပဲဟေ့..."

♣ ♣ ♣

## အတိတ် ( ၆ )

"သီချင်းက မင်းတို့နှစ်ယောက်အသံနဲ့ သိပ်လိုက်တယ်ကွာ၊ ...နားထောင်လို့ကောင်းတာပဲ"

တီးဝိုင်းခေါင်းဆောင်ကိုနိုင်ကြီးက ပြောလိုက်ခြင်းဖြစ်ပါသည်။

ရဲရင့်နှင့်သရဖီက မင်္ဂလာဆောင်တစ်ခုတွင်သီဆိုရန် စုံတွဲသီ...ကို တိုက်နေကြခြင်းဖြစ်သည်။ သီချင်းက ဝင်းဦးနှင့်ရီရီသန့်တို့ ...ဆိုခဲ့သော "ကြင်စဦး" သီချင်း။ ထိုသီချင်းမှာ ကောင်းသော်လည်း ...နည်းသည်။

ကိုနိုင်ကြီးက မူရင်းသီချင်းကိုရှာဖွေလာကာ ရဲရင့်နှင့်သရဖီကို ...ဘဆောင်တွင်ဆိုဖို့ လေ့ကျင့်ခိုင်းနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ကျား) ခင် ××× ရွှေနှင်းဆီသွေးနဲ့ရွှေးရေအောင်ပင်
ဆေးဝတော်ဝင် အလှဗိုလ်ဖြူဘဇင် ×××

(မ) မောင်ထိုသာထာဝစဉ်
အသက်သောက်ချစ်မယ်အမြဲဝင်
ဗိုလ်ခေါင်မောင်တြင်စဦး ရှုးရှုအောင်ဝင် ×××

(ကျား) ချစ်မဝလို့အမြဲအစဉ်
လိုက်ချော့မယ်ခင်
အတြို့တ်သဘောကိုဝင်
လိုက်ချော့မယ်အစဉ် ×××

(မ) တမ္ဘာမြေအသျှော်
ဘယ်လိုပဲပြောင်းစေ
တကယ်ကိုပဲ မထောင်းဖို့ရာပင် ×××

သီချင်းလေးက မင်္ဂလာဆောင်နှင့်လိုက်ဖက်သော သီချင်း
ဖြစ်ရုံမက သစ္စာတိုင်စာသားများပါနေသည့်အတွက် သီဆိုသူရဲ
မျက်လုံးများသည် သရဖီ့ကိုကြည့်ကာ ရွှန်းလက်နေပေသည်။ သီ
ထဲကစာသားများအတိုင်း သရဖီ့ရှေ့မှာ သစ္စာဆိုတိုင်တည်နေသ
ထင်မှားမိလေသည်။

သရဖီကလည်း ရဲရင့်၏အကြည့်များတွင် နစ်မျောကာ
နှင့်အကြည့်ချင်းဆုံမိတိုင်း ရှက်မျက်လွှာချနေမိလေ၏။





သီချင်းဆုံရင်း ရှာန်ဝင်နေသောသူတို့နှစ်ယောက်အဖြစ်ကို
စောင့်ကြည့်နေသည့် ချာလီချမ်းက မြင်ဖြစ်အောင်မြင်လိုက်လေသည်။

ချာလီချမ်းက တောက်မခေါက်မိအောင်သတိထားပြီး သီချင်း
တိုက်နေသည့်အခန်းထဲမှ အသာလေးလစ်ထွက်သွားလေတော့သည်။

သီချင်းအဆုံးတွင် ကိုနိုင်ကြီးက ရဲရင့်နှင့်သရဖီ့ကိုချီးကျူးလိုက်
ခြင်းဖြစ်ပါသည်။

ကြင်စဦး သီချင်းတိုက်အပြီးတွင် ရဲရင့်တာဝန်ပြီးဆုံးပေပြီ။
ရဲရင့် သီချင်းများအားလုံးတိုက်ပြီးသွားပြီ။ သရဖီသာလျှင် နောက်ထပ်
သီချင်း တစ်ပုဒ်ထပ်တိုက်ရန် ကျန်နေသေး၏။

သရဖီက တီးဝိုင်းခေါင်းဆောင်ကိုနိုင်ကြီးဆီလျှောက်သွားပြီး
အကျိုးအကြောင်းပြောပြလိုက်သည်။

''ကိုနိုင်ကြီး၊ သရဖီသိပ်နေမကောင်းလို့ ကျန်တဲ့သီချင်းတစ်ပုဒ်
ကို နက်ဖြန်မှတိုက်လို့ဖြစ်မလား''

''နင်ဘာဖြစ်လို့လဲ သရဖီ''

''ခေါင်းကိုက်နေတယ်၊ ရင်ထဲမှာလည်း ကတုန်ကယင်ကြီးနဲ့
တစ်မျိုးပဲ''

''ဟေ ... ရဲရင့်နဲ့ ကြင်စဦးသီချင်းဆိုလိုက်ရလို့ ဖီလင်တက်
သွားတာလားဟ''

''အို ... ကိုနိုင်ကြီးကလည်း၊ သရဖီတကယ်နေမကောင်း
လို့ပါ''

''စတာပါဟာ၊ နေမကောင်းရင်လည်း မဆိုနဲ့၊ ထိုင်နေလေ၊
င့်အဖေ အပြန်ဝင်ကြိုမှာ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို မစောင့်တော့ဘူး ကိုနိုင်ကြီး၊ သရဖီ ရဲရင့်ကိုပဲ လိုက်ပို့နိုင်းတော့မယ်"

"ဟ . . . တယ်ဟုတ်ပါလား၊ နင်တို့နှစ်ယောက်က ကြိုပြီး ချိတ်ဆက်ထားကြတာပေါ့လေ"

"ဟာ . . . ကိုနိုင်ကြီးကလည်း၊ တော်ပြီ၊ ဒါဆို ရဲရင့်နဲ့ပြန် မလိုက်တော့ဘူး၊ ဖေဖေ့ကိုပဲ စောင့်နေတော့မယ်"

"စတာပါဟာ၊ သွားပါ၊ သွားပါ၊ ပြန်ကြပါ"

ကိုနိုင်ကြီးခွင့်ပြုလိုက်၍ သရဖီက ရဲရင့်ကို သူ့ဆိုင်ကယ်ဖြင့် အိမ်လိုက်ပို့နိုင်းရန် ထွက်လာခဲ့ကြသည်။ သရဖီတကယ်ပဲ ခေါင်းကိုက် နေခြင်းဖြစ်ပါသည်။ ဖေဖေက ရုံးအဆင်းမှာ သရဖီ့ကိုဝင်ကြိုဖို့မှာထား ပြီးသားဖြစ်သည်။ ခေါင်းကိုက်နေ၍ ဖေဖေ့ကိုမစောင့်တော့ဘဲ ရဲရင့်ကို လိုက်ပို့နိုင်းခြင်းဖြစ်ပါ၏။

ခြံဝင်းထဲမှာရပ်ထားသည့် ဆိုင်ကယ်ကို ရဲရင့်က သော့ဖွင့်က စက်နှိုးသည်။

သရဖီက နောက်ခုံတွင် တက်ထိုင်လိုက်သည်။

ဆိုင်ကယ်မောင်းထွက်လာခဲ့၏။

ခြံအဝတွင် လမ်းထိပ်ဆိုင်မှ စီးကရက်ဝယ်ပြီးပြန်လာသော ချာလီချမ်းနှင့် ဆုံမိလေသည်။

ချာလီချမ်းက သူတို့နှစ်ယောက် ဆိုင်ကယ်အတူစီးပြီးထွက်လာ တာအမြင်တွင် အံ့ဩဟန်ဖြင့် ကြည့်နေသည်။

"ချာလီ . . . ငါတို့ပြန်ပြီနော်"





သရဖီက ချာလီ့ကို နှုတ်ဆက်လိုက်၏။

ရဲရင့်၏ဆိုင်ကယ် ခြံရှေ့အရောက်တွင် နောက်မှချာလီချမ်းက လှမ်းအော်လိုက်သည်။

"ဟေ့ကောင် . . . ရဲရင့် . . . ရပ်– ရပ်– မင်းဆိုင်ကယ်ကို ချက်ချင်းရပ်"

ချာလီချမ်းက အရေးတကြီးအသံဖြင့် ရူးရူးဝါးဝါးအော်ပြော လိုက်ခြင်းဖြစ်သည်။

ရဲရင့်က ဆိုင်ကယ်လမ်းမပေါ်ရောက်ပြီးမှ . . . လမ်းဘေးကို ပြန်ကပ်ကာ ရပ်လိုက်လေသည်။

ချာလီချမ်းပြေးလိုက်လာသည်။

"ငါမျက်စိလျင်လို့ပေါ့၊ မင်းဆီပေါက်ခလုတ်ကို ပြန်ကြည့်စမ်း"

ချာလီချမ်းအပြောကြောင့် ရဲရင့်ရော သရဖီပါ ဆိုင်ကယ် အောက်ဖက်မှ ဆီစီးဆင်းရာပိုက်ကို အဖွင့်အပိတ်လုပ်သည့် ခလုတ်က လေးကို ငုံ့ကြည့်လိုက်ကြသည်။

"ဟာ . . ."

"အို . . ."

ခလုတ်ကလေးသည် အောက်ဘက်သို့ စိုက်ကျနေရမည် ဖြစ်သည်။ သို့မှသာ ဆီစီးဆင်းမှုမှန်ကန်ပြီး ဆိုင်ကယ်ကို မောင်းနှင်နိုင် မည်ဖြစ်သည်။ ယခုတော့ ခလုတ်ကလေးက ဘေးဘက်သို့ ရောက်နေ ၍ ဆီပိုက်ကို ပိတ်ထားခြင်းပင် ဖြစ်ပါသည်။

ထိုအတိုင်း ဆီပေါက်ပိတ်ရက်အတိုင်း ဆက်မောင်းသွားပါက မိပ်မကြာခင်တွင် ဆီကုန်သွားမည်ဖြစ်သည်။ ပိုက်ထဲမှဆီကုန်ပါက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်မှာ အလိုအလျောက်ရပ်သွားမည် ဖြစ်သည်။ မောင်းနေ့စဉ် ထိုးရပ်သွားပါက နောက်မှပါလာသောယာဉ်များက အရှိန်ဖြင့်ဝင်တိုက် နိုင်သည်။ အလွန်အန္တရာယ်ကြီးမားလှပါသည်။

"တောက် ဆီပေါက်ကို ဘယ်သူက ပိတ်သွားပါလိမ့်"

ရဲရင့်က ဒေါသတကြီး ပြောလိုက်သည်။

မှန်ပါသည်။ ဆီပေါက်ခလုတ်မှာ လူတစ်ယောက်ယောက်က လက်ဖြင့်လှည့်၍ပိတ်ထားသောကြောင့်သာ ပိတ်နေခြင်းဖြစ်သည်။ သူ့အလိုအလျောက် ဖြစ်စရာမရှိပါ။

"ချာလီရယ် ... နင်မြင်လိုက်လို့ တော်သေးတာပေါ့"

သရဖီက ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း ပြောသည်။

"ကျေးဇူးတင်ပါတယ် ချာလီရာ မင်းသာမမြင်ရင် ငါရော သရဖီရော ယာဉ်တိုက်မှုဖြစ်ပြီး လမ်းမပေါ်မှာသေသွားနိုင်တယ်၊ ကျေးဇူးတင်တယ် သူငယ်ချင်း"

ရဲရင့်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"အေး ... ငါ့မျက်စိကလည်း ကြဲကြဲဖန်ဖန်လှမ်းမြင်လိုက်မိ တယ်၊ တကယ်ဆို ... ဆီပေါက်ခလုတ်ကိုမြင်ဖို့ဆိုတာ မလွယ်ဘူး မဟုတ်လား၊ မင်းတို့ကံကောင်းသွားတာပေါ့ကွာ"

ရဲရင့်နှင့်သရဖီသည် ထိုနေ့က သူတို့အသက်ကိုအမှတ်မထင် ကယ်လိုက်သည့် ချာလီချမ်း၏ကျေးဇူးကို အခွင့်သင့်တိုင်း ထုတ်ဖော်ပြော ဆိုခဲ့ပါသည်။ ချာလီ့ကိုတကယ်ကို ကျေးဇူးတင်ခဲ့သည်။

ထို့ကြောင့်ပင် သရဖီသည် ရဲရင့်ကိုအဖြေပေးရန်ဆုံးဖြတ် ပြီးခါမှ အဖြေမပေးဖြစ်သေးဘဲ ဆိုင်းငံ့ထားမိခြင်းဖြစ်ပါသည်။ အဘယ်





ကြောင့်ဆိုသော် ချာလီသည်လည်း ရဲရင့်ကဲ့သို့ပင် သူမကိုချစ်ရေးဆို းသူဖြစ်နေသောကြောင့်ပင်။

ချာလီချမ်းက သူတို့နှစ်ယောက်ကို အသက်အန္တရာယ်မှ ယ်တင်လိုက်ခြင်းကြောင့် ချာလီချမ်းကျေးဇူးကိုထောက်ထားဖို့လိုအပ် သည်။ အသက်သခင်ကျေးဇူးရှင်ကို စိတ်မချမ်းမသာ မဖြစ်စေလို၍ င့်ကိုအဖြေမပေးသေးဘဲ တွံဆိုင်းသွားခဲ့ရခြင်း ဖြစ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပစ္စုပ္ပန် ( ၆ )

ညနေပိုင်းတွင် ရဲရင့်ရှိနေသောသီးသန့်ခန်းထဲသို့ သတင်းမေ ရန် သူငယ်ချင်းနှစ်ယောက်ရောက်လာလေသည်။

ထိုသူငယ်ချင်းနှစ်ယောက်ဝင်အလာတွင် ရဲရင့်မိခင်အိမ်သာ တက်နေ၍ အခန်းထဲ၌ရှိမနေပါ။

သူငယ်ချင်းနှစ်ယောက်ကိုအမြင်တွင် ရဲရင့်က အားရဝမ်းသာ ခေါ်လိုက်သည်။

"ဟာ . . . သီဟနဲ့ရွှေသွေး လာကွာ၊ မင်းတို့ ဘယ်ကသတင်း ရတာလဲ"

"ဟ . . . ရဲရင့် မင်းတို့သတင်းက တစ်မြို့လုံးနာမည်ကျော်နေ တာကို၊ သိတာပေါ့၊ အခု ငါတို့ အသုဘပို့ပြီး အပြန်ဝင်လာတာ၊ မင်း သိပ်ကံကောင်းတယ်နော် ရဲရင့်"

"မင်းတို့ ဘယ်သူ့အသုဘကိုပို့ပြီး ပြန်လာတာလဲ"





"ဟ . . . မင်းတို့အဖွဲ့သားတွေ အသုဘပေါ့ကွ၊ လေးလောင်း တောင် တစ်ပြိုင်တည်းချတာ၊ အဲဒီထဲ မင်းမပါတာ သိပ်ကံကောင်းတယ် ကွာ"

"ဘာ . . . ငါ့အဖွဲ့သားတွေ၊ လေးလောင်း၊ ဟုတ်လား၊ ဒါတွေ ငါမသိသေးဘူး၊ မေမေတို့ငါ့ကို ဖုံးထားတယ်၊ ဟော့ကောင်တွေ . . . ပြော စမ်းပါ . . . ပြောစမ်းပါ၊ ဒါဆို သေတဲ့လူတွေရှိတယ်ပေါ့၊ လေးယောက်က ဘယ်သူတွေလဲဟင်၊ ဘယ်သူတွေလဲ"

ရဲရင့်က ခုတင်ပေါ်မှဝုန်းခနဲထကာ သီဟပခုံးကိုကိုင်လှုပ်ရင်း မေးလိုက်ခြင်းဖြစ်သည်။

ထိုအခါမှ သီဟနှင့်ရွှေသွေးသည် သေဆုံးသည့်သတင်းကို ရဲရင့်မသိအောင်ဖုံးထားမှန်းသိရကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ထိုစဉ် အိမ်သာမှပြန်လာသော ရဲရင့်မိခင် အခန်းထဲသို့ ဝင်လာ လေသည်။

"မေမေ မေမေတို့ပြောတော့ တစ်ယောက်မှမသေဘူးဆို၊ ဒီဆေးရုံထဲမှာပဲ ဆေးကုနေကြတယ်ဆို၊ ဘယ်မှာဟုတ်လို့လဲဗျ၊ မေမေတို့ သားကို လိမ်ထားကြတယ်၊ လေးယောက်သေတယ်ဆို၊ အဲဒါ ဘယ်သူ တွေလဲ၊ ဘယ်သူတွေလဲ မေမေ"

"အို . . ."

ရဲရင့်မိခင်က ရင်ဘတ်ကိုလက်ဖြင့် ဖိလိုက်သည်။

"မင်းတို့ပြောလိုက်တာပေါ့၊ ဟုတ်လား၊ သားရယ် . . . မေမေ တို့က မင်းခံနိုင်ရည်မရှိမှာစိုးလို့ သားသူငယ်ချင်းတွေ သေတာကို ဖုံးဖိ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာပါကွယ်၊ သားစိတ်ဆင်းရဲပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ၊ သားကိုယ်တိုင် ဝေဒနာခံစားနေရတာ မဟုတ်လား''

''သား ကလေးလေးမဟုတ်တော့ပါဘူး မေမေရယ်၊ သား နားလည်မှုရှိပါတယ် မေမေ၊ သူတို့ကား ချောက်ထဲကျသွားပြီး မီးလောင်သွားတဲ့အထိ သားမြင်ခဲ့ရတာပဲ၊ တစ်ယောက်မှ ဘာမှမဖြစ်ဘူးဆိုတာ မဖြစ်နိုင်မှန်း သားသိပြီးသားပါ''

''သားရယ် . . .''

''ပြောပါဦး မေမေ၊ ဟောကောင်တွေ ပြောပါဦး၊ သေသွားတဲ့ လေးယောက်က ဘယ်သူတွေလဲဟင်''

ရဲရင့်မိခင်က သက်ပြင်းကို ချလိုက်သည်။

သီဟနှင့်ရွှေသွေးက ပြောလိုက်ရမလားဆိုသည့်သဘောဖြင့် ရဲရင့်မိခင်ကို လှည့်ကြည့်သည်။

ရဲရင့်မိခင်ကပင် ပြောပြလိုက်ပါသည်။

''တကယ်တော့ သေသွားတာ အားလုံးငါးယောက်ပဲသား၊ ဒရိုင်ဘာလည်း သေတဲ့အထဲပါတယ်၊ လေးယောက်ဆိုတာက သားသူငယ်ချင်းတွေ''

''ဟင် . . . ဒါဖြင့် တစ်ယောက်တည်း အသက်ရှင်ကျန်တာပေါ့''

''ချောချောနဲ့ နွယ်နီရယ်၊ ချာလီချမ်းနဲ့စောဝေမိုးတို့ ဆုံးသွားကြတယ်ကွယ်၊ ကားမှောက်ကတည်းက ပွဲချင်းပြီးဆုံးခဲ့ကြတာ''

''ဒါဖြင့် . . . သရဖီ . . . သရဖီကော မေမေ''





''သရဖီ မသေသေးပါဘူး၊ ဒါပေမဲ့ သတိလည်မလာသေးဘူး၊ သား စိတ်ကိုထိန်းနော်''

''သား စိတ်ထိန်းနိုင်ပါတယ် မေမေ၊ သရဖီ့အခြေအနေမှန်ကို သားကိုပြောပြပါ မေမေ''

''ဆေးရုံကိုယူလာကတည်းက သတိလစ်နေတာပဲ သား''

''ဟုတ်တယ် ရဲရင့်၊ ငါတို့ သရဖီ့ကိုဝင်ကြည့်ခဲ့ပြီးပြီ၊ ဆေးတွေသွင်းထားရတယ်၊ သတိမရသေးဘူး၊ အခြေအနေက ဖစ်ဖတီ/ဖစ်ဖတီ ဆိုပြောတယ် ရဲရင့်''

''သား သရဖီ့ကို သွားကြည့်ချင်တယ် မေမေ၊ ဟောကောင်တွေ သရဖီဘယ်အခန်းမှာလဲ''

''ဟိုဖက်ခန်းတွင်ပဲ ရဲရင့်''

''သား မင်းသွားကြည့်လို့ ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် မေမေ၊ သားသက်သာနေပါပြီ၊ သားစိတ်ထိန်းနိုင်ပါတယ်၊ သရဖီ့အခြေအနေကို သားသိပါရစေ မေမေ''



www.burmeseclassic.com

www.burmeseclassic.com

## တမလွန် ( ၇ )

မရဏာကူးတို့လှေက ခရီးအတော် ပေါက်လာခဲ့လေပြီ။

"ရောက်တော့မယ်ဟေ့ . . . ရောက်တော့မယ်"

မရဏာကူးတို့လှေရှင်ကြီးက လှေပေါ်ပါသူများအားလုံးကို သတ[illegible] ပေးလိုက်သည်။

သူတို့အားလုံးပင် ဆိုလက်စသီချင်းများကို ရပ်ပစ်လိုက်ကြကာ တိတ်ဆိတ်သွားကြလေ၏။

လှေပေါ်ပါသူအားလုံးသည် ရှေ့တူရူသို့ မျှော်ကြည့်လိုက်ကြလေသည်။ ထိုအခါ ရှေ့ခပ်လှမ်းလှမ်းတွင် ကမ်းစပ်တစ်ခုကို ခပ်ရေးရေး[illegible] တွေ့မြင်လိုက်ရလေ၏။

ရေပြင်၏အနားသတ်ဖြစ်သောကုန်းမြေ၌ တောင်ကုန်းကြ[illegible] တစ်ခုနှင့်အတူ လှုပ်လှုပ်ရှရှအရာများကို ရေးရေးဝါးဝါးမြင်တွေ့လာကြရလေသည်။





"ရောက်တော့မယ်၊ အခုမြင်နေရတာ တမလွန်လောက[illegible]တစ်ဖက်ကမ်းပဲ"

ကူးတို့ရှင်ကြီးက ထပ်၍ပြောလိုက်လေသည်။

မြင်နေရသောကမ်းစပ်ဆီမှ ပြန်လည်ထွက်ခွာလာသော လှေ[illegible]လွှတ်များ အများအပြားပင် သူတို့လှေဘေးမှလျော်ခတ်ကာ တစ်ဖက်[illegible]ကမ်းဆီသို့ ပြန်လည်ထွက်ခွာသွားကြလေသည်။ ထိုလှေများမှာ ကွယ်လွန်[illegible]သူများကို တစ်စီးလျှင် ဆယ်ယောက်စီသယ်ပို့ပေးနေသော မရဏာကူးတို့[illegible]လှေများပင်ဖြစ်ပါ၏။

လှေတွေကလည်း အများကြီး။ ကမ်းစပ်တွင်လည်း လှုပ်လှုပ်[illegible]ရှနှင့်မြင်နေရသောအရာများမှာ တမလွန်တစ်ဖက်ကမ်းသို့ရောက်[illegible]သွားကြပြီဖြစ်သော ကွယ်လွန်သေဆုံးသူများပင် ဖြစ်တော့သည်။

"ဟိုတက်ကမ်းကို ရောက်တော့မယ်တဲ့ သရဖီ . . . ဟိုတက်ကို [illegible]ရောက်ရင် နှင်နဲ့ငါနဲ့အတူ နေရအောင်နော်"

ချာလီချမ်းက သရဖီ့ကိုလှည့်ကြည့်ရင်း ပြောလိုက်ကာ [illegible]ရဖီဘေးသို့ နေရာရွှေ့၍ ထိုင်လိုက်သည်။

"နော် . . . သရဖီ၊ နှင်နဲ့ငါနဲ့ ဟိုတက်ကမ်းကိုရောက်ရင် အတူ [illegible]ကြမယ်"

ချာလီချမ်းက ပြောပြောဆိုဆို သူ၏ တုံးတိပြတ်နေသော [illegible]ဖက်လက်ကြီးဖြင့် သရဖီ့ကို လှမ်းဖက်လိုက်လေ၏။

"အို . . . ဘာလုပ်တာလဲ ချာလီ၊ ဖယ်ပါ၊ ဟင် . . . နင့်လက်[illegible]ကသွေးတွေ ငါ့ကိုပေကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နှင့်ကိုချစ်တယ် သရဖီ၊ ဟိုရောက်ရင် တို့အတူတူနေ ကြမယ်နော်"

ချာလီ့အပြုအမူကြောင့် သရဖီရှက်သွားလေသည်။ လှေပေါ် ပါသူအားလုံးက သူတို့နှစ်ယောက်ကို ကြည့်နေကြလေ၏။

"ဘာလို့အတူတူနေရမှာလဲ၊ နှင်နဲ့ငါနဲ့ဘာဆိုင်လို့လဲ၊ အို … နှင့်လက်ကြီး ဖယ်စမ်းပါ"

"ရဲရင့်မရှိတော့ပါဘူးဟာ၊ နှင် ရဲရင့်ကိုသတိရနေတာမဟုတ် လား။ ဟော့ … ရဲရင့်မသေပဲကျန်ခဲ့တော့ နှင့်အချစ်ကိုရဖို့ ငါတစ်ယောက် တည်း ပြိုင်ဘက်မရှိဖြစ်သွားပြီ၊ နှင် ငါ့ကိုချစ်ရမယ်၊ ငါနဲ့အတူတူနေ မယ် သရဖီ"

"အို … နှင့်ကိုဘယ်သူက ချစ်တယ်ပြောလို့လဲ၊ ချာလီနော်"

"နှင့်မှာရွေးစရာ ငါတစ်ယောက်ပဲကျန်တော့တာပဲ၊ ဟား … ဟား … ဟား … ဟိုတုံးက ရဲရင့်ကို ငါတို့နှစ်ယောက်ကြားမှာ နေလို့ သေစေချင်လိုက်ရတာဟာ၊ သူသေအောင် ငါလုပ်ခဲ့သေးတယ် နှင့်ကြောင့် ငါ့အကြံမအောင်ပဲ ဖြစ်သွားရတာ"

"ဘာ … ဘာပြောတယ်"

"နှင်မှတ်မိသေးလား၊ နှင်နဲ့ရဲရင့်နဲ့ သီချင်းတိုက်ပြီးအပြန် ဆိုင်ကယ်ဆီပေါက် ပိတ်နေတာလေ"

"ဟင် …"

"အေး … အဲဒါ ငါတမင်လုပ်ထားတာ၊ ရဲရင့်သီချင်းတိုက် ပြီးတာနဲ့ သူတစ်ယောက်တည်း ပြန်မယ်ဆိုတာသိလို့ ဆီပေါက် ငါပိတ်ထားလိုက်တာ"





"ကြည့်စမ်း၊ ဒါ ရဲရင့်ကို တမင်သေအောင်လုပ်တာပေါ့၊ ဟုတ်လား ချာလီ၊ နှင် နှင်ယုတ်မာလှချည်လား"

"အချစ်နဲ့စစ်မှာ မတရားတယ်ဆိုတာ မရှိဘူး၊ နှင်နဲ့ငါနဲ့ကြား မှ ဒီကောင်ရှုပ်နေတာ ပျောက်သွားအောင် ငါလုပ်ခဲ့တာပဲ သရဖီ"

"အေး … နှင့်အကြံကယုတ်မာလွန်းပြီး ရဲရင့်က သူတော် ကောင်းဆိုတော့ နှင်လုပ်သလို မဖြစ်ခဲ့ဘူးလေ၊ ဒါပဲပေါ့"

"ငါကတော့ အသေလုပ်တာပဲ၊ ဒီကောင်အပြန်လမ်းမှာ ဆီပေါက်ပိတ်ပြီး ကားတိုက်သေအောင် လုပ်ထားတာ၊ အဲဒီနေ့က နှင့်ကို နှင့်အဖေက လာကြိုမယ်ဆိုတာသိထားတော့ ရဲရင့်ဆိုင်ကယ်နဲ့လိုက် သွားစရာအကြောင်းမရှိဘူးလို့ ထင်တာပေါ့၊ နှင်က သူ့ဆိုင်ကယ်နောက် မှာပါသွားတာမြင်မှ နှင်ပါရောပြီးသေမှာစိုးလို့ ငါလှမ်းအော်ပြီး သတိပေး လိုက်တာ"

"လူယုတ်မာ၊ ငါတို့ကတော့ နှင့်ကို အသက်သခင်ကျေးဇူးရှင် ဆိုပြီး ကျေးဇူးတွေတင်လို့၊ နှင်ဟာလူယုတ်မာပဲ ချာလီ"

"ဘာပဲဖြစ်ဖြစ် … ခုအချိန်မှာ ငါ့အတွက်ပြိုင်ဘက်မရှိတော့ ဘူးလေဟာ၊ နှင်ငါ့ကိုပဲ ချစ်ရတော့မှာပေါ့ သရဖီရယ်"

"ဝေးသေးတယ်၊ နှင်လိုကောင်မျိုးကို ဘယ်တော့မှ မချစ်ဘူး၊ နှင့်လုပ်ရပ်ကိုသိရလို့ ရွံတောင်ရွံသွားပြီဟဲ့၊ သိရဲ့လား၊ ငါ့နားမှာ မနေနဲ့ ဖယ်စမ်း"

သရဖီက ချာလီ့ကို တွန်းပစ်လိုက်သည်။

"ဟော့ … ဟော့ … ငြိမ်ငြိမ်ဆိမ်ဆိမ်နေကြစမ်း၊ ရောက်တော့ မယ်၊ အားလုံးပဲ ကမ်းစပ်ကိုလှမ်းပြီး ကြည့်လိုက်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မရဏာကူးတို့ရှင်ကြီး၏အော်သံကြောင့် ချာလီနှင့်သရဖီကို ဝိုင်းကြည့်နေကြသူများ၏အကြည့်က ကမ်းစပ်ဆီရောက်သွားကြလေ၏။

သရဖီကလည်း ကမ်းစပ်သို့လှမ်းကြည့်လိုက်လေသည်။

လှေနှင့်ကမ်းသည် တဖြည်းဖြည်းနီးကပ်လာပြီး ကမ်းစပ်ပေါ်မှမြင်ကွင်းများကို ထင်ထင်ရှားရှားမြင်နေရလေပြီ။

ကမ်းစပ်တွင် လူများစုပြုံကျပ်ညပ်အုံခဲနေကြသည်။ မဏ္ဍပ်ကြီးတစ်ခုရှေ့တွင် တန်းစီစောင့်ဆိုင်းနေသော လူအုပ်စုကြီးတစ်ခုကိုတွေ့ရလေ၏။

''သူတို့ ဘာလုပ်နေကြတာလဲဟင်''

''အဲဒါတွေဟာ ကူးတို့လှေနဲ့ရောက်လာကြတဲ့ သေပြီးသူတွေပဲ''

''အို . . . များလှချည်လား''

''မဏ္ဍပ်ထဲမှာ တမလွန်ဝန်ထမ်းတွေရှိတယ်၊ တမလွန်ဝန်ထမ်းတွေက ရောက်လာတဲ့ မသာတွေကိုစစ်ဆေးပြီး သူတို့နဲ့သင့်တော်ရာ လမ်းအသီးသီးကို ဆက်လျှောက်ဖို့ စေလွှတ်ကြတာပဲ''

''ဟင် . . .''

''ဟိုးနောက်က တောင်ကုန်းပေါ်ကို ကြည့်လိုက်ကြစမ်း''

ကူးတို့ရှင်ကြီးညွှန်ပြသည့် တောင်ကုန်းပေါ်သို့ အားလုံး၏အကြည့်များ ရောက်သွားကြပြန်လေသည်။

တောင်ကုန်းပေါ်တွင်တော့ လူတွေ . . . လူတွေ . . .။ လူပေါင်းများစွာတို့သည် တောင်ကုန်းပေါ်သို့တန်းစီကာ တက်နေကြသည်။ လူတန်းရှည်ကြီးက တောင်ကုန်းပေါ်သို့ အတန်းလိုက်စီတန်းပြီးတက်





ရောက်နေပုံမှာ ပရွက်ဆိတ်များ တန်းစီရွေ့လျားနေပုံနှင့်ပင် တူလှပေတော့သည်။

သေပြီးသူလူများတို့သည် တောင်ကုန်းအထက်သို့ လမ်းကြောင်း လေးကြောင်းခွဲ၍ တစ်ယောက်နှင့်တစ်ယောက်တန်းစီကာ တက်ရောက် နေသောမြင်ကွင်းကို ထင်ထင်ရှားရှား မြင်နေရပေသည်။

''တောင်ကုန်းပေါ်ကို လမ်းမကြီးလေးခုနဲ့ တက်သွားနေကြတာတွေ့တယ် မဟုတ်လား၊ အဲဒါဟာ ကိုယ်ဆက်ပြီးသွားရမယ့် ဘဝတွေအတိုင်း လမ်းကြောင်းခွဲပြီး လွှတ်လိုက်တာပဲ၊ ဒီဘက်အစွန်ဆုံးလမ်းကြောင်းကလူတွေက ငရဲပြည်ကိုသွားရမယ့်လူတွေ၊ သူတို့ဟာ တောင်ရဲ့ တစ်ဖက်ကိုရောက်တာနဲ့ တောင်ခြေက မီးပုံကြီးထဲကို ခုန်ဆင်းကြရလိမ့်မယ်၊ သူတို့ကိုနှိပ်စက်မယ့်ငရဲသားတွေဟာ မီးပုံဘေးမှာ စောင့်နေကြတယ်''

''အမလေး . . .''

''နောက်လမ်းကြောင်းတစ်ခုက တိရစ္ဆာန်ဘဝကိုလားရမယ့်သူတွေရဲ့လမ်းကြောင်းပဲ၊ နောက်ထပ်လမ်းကြောင်းတစ်ခုက ပြိတ္တာဘုံကိုရောက်မယ့်လူတွေရဲ့လမ်း''

''အို . . .''

လမ်းကြောင်းအားလုံးတွင် လူများမှာ တစ်ယောက်နှင့်တစ်ယောက် အကြားမလပ်အောင်တန်းစီပြီး တောင်ကုန်းအထက်သို့ ရွေ့ရွေ့ တက်ရောက်နေကြလေသည်။

''ဒီဘက်အစွန်ဆုံးလမ်းကြောင်းကတော့ လူအဖြစ်နဲ့လူ့ဘဝကို ပြန်ပြီးဝင်စားမယ့်သူတွေရဲ့လမ်း၊ ကဲ . . . ကဲ . . . ခင်ဗျားတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝက ကိုယ်လုပ်ခဲ့တဲ့ကုသိုလ် အကုသိုလ်အလျောက် ကိုယ်နဲ့သက်ဆိုင်ရာ လမ်းတွေအတိုင်း သွားကြရလိမ့်မယ်၊ လေ့လည်း ကမ်းစပ်ကိုရောက်လို့ပြီ၊ ကဲ . . . ကဲ . . . ကျုပ်ကို လှေစီးခ ကူးတို့ခတွေပေးကြပေတော့

"ကူးတို့ခပေးရမယ် . . ."

"ဟုတ်တယ်လေ၊ ခင်ဗျားတို့ကို ဒီနေရာအရောက်လိုက်ပို့ပေးတဲ့အတွက် ကျုပ်ကို ကူးတို့ခ တစ်ယောက်တစ်မတ်စီပေးရမယ်၊ ဒါ . . . ထုံးစံပဲ"

"ကူးတို့ခ၊ တစ်ယောက်တစ်မတ်"

"ကူးတို့ခလေ . . . ကူးတို့ခ၊ ခင်ဗျားတို့ပါးစပ်ထဲကို နှိုက်ကြည့်လိုက်ကြပါ၊ ခင်ဗျားတို့ကို အသုဘချတုန်းက ထည့်ပေးလိုက်တဲ့ ကူးတို့ခတစ်မတ်စေ့ ထွက်လာပါလိမ့်မယ်၊ နှိုက်ကြည့်ကြ၊ နှိုက်ကြည့်ကြ၊ ပြီးတော့ . . . ကျုပ်ကိုပေး"

မရဏကူးတို့ရှင်ကြီး၏စကားကြောင့် လှေပေါ်ပါသူအားလုံးသည် ပါးစပ်ထဲသို့ လက်ညှိုးဖြင့်နှိုက်ကာ ကလော်ထုတ်လိုက်ကြ၏။

လက်ထဲတွင် တစ်မတ်စေ့လေးတွေ အသီးသီးပါလာကြလေသည်။

သရဖီကလည်း သူမပါးစပ်ထဲသို့ လက်ထိုးထည့်ကာ တစ်မတ်စေ့ကို နှိုက်ထုတ်လိုက်သည်။

သို့သော် သရဖီ့ပါးစပ်ထဲမှ ဘာတစ်ခုမျှ ထွက်မလာပါ။

"ကဲ . . . ကဲ . . . ကူးတို့ခတစ်ယောက်တစ်မတ်၊ ပေးကြ ပေးကြ"

ဆုပြည့်စုံထွန်းစာပေ



ကူးတို့ရှင်ကြီးကတောင်းလိုက်သည့်အခါ ပါးစပ်ထဲမှထွက်လာသော တစ်မတ်စေ့လေးများကို ကူးတို့ရှင်ကြီးဆီ ကမ်းပေးလိုက်ကြလေသည်။

သရဖီ့ပါးစပ်ထဲမှ ကူးတို့ခကိုရှာမတွေ့ပါ။ တခြားသူတွေ ကူးတို့ခတစ်မတ်စေ့ကို ရှာတွေ့ပါလျက် သရဖီတစ်ယောက်တည်း ဘာလို့ ရှာမတွေ့ပါလိမ့်။

သရဖီက ပါးစပ်ထဲမှာရှာမတွေ့သောတစ်မတ်စေ့ကို အင်္ကျီအိတ်ထဲမှာ တွေ့လိုတွေ့ငြား ရှာကြည့်သည်။ သရဖီဝတ်ထားသောအင်္ကျီမှာ ယောက်ျားရှပ်အင်္ကျီပုံစံ ဖြစ်ပါသည်။ အပေါ်ဘက်တွင်ရော၊ အောက်ဘက်တွင်ပါ အိတ်ကပ်များပါသည်။

သရဖီက အောက်ဘက်အိတ်ကပ်နှစ်လုံးထဲ နှိုက်ကြည့်လိုက်သည်။ ဘာမျှမတွေ့ရပါ။

အပေါ်ဘက်မှ အိတ်ကပ်ထဲသို့ နှိုက်ကြည့်လိုက်ပြန်၏။ ဘယ်ဘက်အိတ်ကပ်ထဲမှာ စာရွက်တစ်ရွက်ကို စမ်းမိလိုက်သည်။

သရဖီက ဆွဲထုတ်လိုက်သည်။

ငွေစက္ကူမဟုတ်ပါ။ စာရွက်ဖြတ်ပိုင်းလေးတစ်ခုသာ ဖြစ်ပါသည်။

သရဖီက ထိုစာရွက်ပိုင်းလေးကို ဖြန့်ကြည့်လိုက်သည်။

"အို . . ."

စာရွက်ပေါ်မှစာသားများကိုအမြင်တွင် သရဖီ့စိတ်များ ကြည်လင်သန်းဆန်းသွားလေသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလှူငွေဖြတ်ပိုင်းလေးပါလား၊ ငါ ဘုရားမှာရွှေသကန်း
ခဲ့တဲ့ အလှူငွေဖြတ်ပိုင်းလေး"

တောင်ပေါ်မြို့မှအပြန်လမ်းတွင် ဘုရားကိုဝင်ကာ ရွှေသက
ကပ်ခဲ့သည့်အဖြစ်ကို သရဖီ ပြန်ပြီးသတိရလိုက်မိလေတော့သည်။

♟ ♟ ♟

# အတိတ် ( ၇ )

မင်္ဂလာဆောင်တွင် သီချင်းဆိုပြီးအပြန်လမ်းတွင် အဝေးပြေး
မ်းမကြီးဘေးမှ "မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီး"တွင်
းခေတ္တရပ်ကာ ဘုရားဝင်ဖူးခဲ့ကြပါသည်။

သရဖီတို့တစ်အုပ်စုလုံး ကားပေါ်မှဆင်းကာ ဘုရားပရိဝုဏ်
င်ခဲ့ကြသည်။

"ရှခင်းသိပ်လှတာပဲနော်၊ စောဝေမိုး တို့ကို ဓာတ်ပုံရိုက်ပေး
နော်"

ချောချောက လှမ်းပြောလိုက်သည်။

စောဝေမိုးနှင့်ချာလီချမ်းတွင် ကင်မရာများ ပါလာခဲ့ကြပါသည်။

"နင်တို့ဘုရားရှိခိုးပြီးရင် တောင်ဘက်စောင်းတန်းကိုလာခဲ့၊
ရိုက်ကွင်း ကြိုကြည့်ထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ချာလီချမ်းက မှာထားခဲ့ပြီး ဘုရားတောင်ဘက်ကို ထွက်သွား လေသည်။

ချာလီချမ်းနှင့်စောဝေမိုးက ဘုရားကိုဝင်မဖူးကြပါ။ ဓာတ်ပုံ ရိုက်ဖို့သာ သူတို့စိတ်စောနေကြ၏။ ဘုရားမှာ တောင်ကုန်းပေါ်တွင် တည်ထားသည့်အတွက် ရှုခင်းတော်တော်လှပါသည်။

ဘုရားဖူးဖို့ သရဖီနှင့် ရဲရင့်ရယ်၊ ချောချောနှင့်နွယ်နီတို့သာ ဘုရားရင်ပြင်ထဲသို့ ဝင်ခဲ့ကြသည်။

သရဖီက ဘုရားတစ်ဆူကိုရောက်လျှင် ကြာမြင့်စွာဘုရား တတ်သူဖြစ်သည်။ သည်ဘုရားမျိုးက ကြုံလို့သာဖူးရတဲ့ဘုရားမို့ သရ စိတ်ထဲမှာ ကြည်နူးနေမိလေသည်။

မဟာမြတ်မုနိရုပ်ပွားတော်ပုံစံထုလုပ်ထားသည့် ဗုဒ္ဓဆင်း တော်ကြီးမှာ သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းလွန်းလှ၍ သရဖီ အကြာကြီးမော်ကြည့်ကာ ကြည်ညိုနေမိသေးသည်။

သရဖီဘုရားစမရှိခိုးခင်မှာပင် ချောချောနှင့်နွယ်နီက ဘုရား ပုဂ္ဂဆိန်ပေါက်ဦးချကာ ဓာတ်ပုံရိုက်ဖို့ ထထွက်သွားကြလေပြီ။

သရဖီသည် ဘုရားကိုကြာမြင့်စွာ ဝတ်ပြုနေခဲ့၏။

ဘုရားဝတ်ပြုအပြီးတွင် ရွှေသက်န်းဆက်ကပ်ရန်အတွက် ရွှေသက်န်းရောင်းသော ကောင်တာသို့သွားကာ ရွှေသက်န်းငါးဆိုင်းဝယ် လိုက်လေသည်။ ရွှေသက်န်းတစ်ဆိုင်းလျှင် ၁၂၀၀ကျပ်ကျသည်။ ကျသင့်ငွေ၆၀၀၀ကျပ် ထုတ်ပေးရာ ကောင်တာက သရဖီ့နာမည် မေးပြီး အလှူငွေဖြတ်ပိုင်းလေး ရေးပေးလိုက်လေသည်။

ဆုပြည့်ဝံထွန်းစာပေ



သရဖီက အလှူငွေဖြတ်ပိုင်းလေးကို အင်္ကျီအပေါ်အိတ်ထဲ ထည့်ထားလိုက်သည်။

ရွှေသက်န်းများ လက်ထဲတွင်ရလာပြီဖြစ်သော်လည်း သရဖီ တို့လိုမိန်းကလေးများမှာ ဘုရားကျောင်းဆောင်ထဲဝင်၍ ရွှေသက်န်း ကပ်လှူခွင့်မရှိပါ။

ကံအားလျော်စွာပင် ရွှေသက်န်းကပ်ပြီးဆင်းလာသော ရဲရင့်နှင့် တိုးလိုက်မိလေသည်။

''ရဲရင့် . . . ငါ့အတွက် ရွှေသက်န်းကပ်ပေးပါဦး''

ရဲရင့်ကိုပင် အကူအညီ တောင်းလိုက်ရသည်။

ရဲရင့်က သရဖီ့လက်ထဲမှရွှေသက်န်းများကိုယူကာ ဘုရားပေါ် တက်တစ်ခါတက်ပြီး သက်န်းများကပ်ပေးပါသည်။

ရဲရင့် ရွှေသက်န်းကပ်ပေးနေသည်ကိုကြည့်ကာ သရဖီ ကြည်နူး နေခဲ့လေသည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com

## ပစ္စုပ္ပန် ( ၇ )

''သရဖီ မသေပါစေနဲ့၊ သရဖီ မသေပါစေနဲ့''

ရဲရင့်ကဆုတောင်းလိုက်သည်။

''သရဖီသေမှာမဟုတ်ပါဘူး မေမေ၊ သရဖီက အပြန်လမ်းမှာ ဘုရားကိုဝင်ပြီး ရွှေသက်န်းကပ်ခဲ့သေးတယ်''

ရဲရင့်က သရဖီရွှေသက်န်းကပ်ခိုင်းပုံကိုသတိရကာ ပြန်ပြောပြလိုက်သည်။

''သရဖီက ဘုရားတရား သိပ်ကြည်ညိုတဲ့မိန်းကလေးပါ မေမေ သူ ကံကောင်းမှာပါနော်''

''သားရယ် ဘုရားတရားမမေ့တဲ့လူက သေရင်လည်း ကောင်းရာမွန်ရာကို ရောက်မှာပါကွယ်''

''ဟင့်အင်း . . . သရဖီမသေရဘူး၊ သရဖီမသေရဘူး''

''သားရယ် . . .''

''သား သရဖီ့ကို သွားကြည့်ပါရစေ မေမေ၊ သားစိတ်ကို သား ထိန်းနိုင်ပါတယ် မေမေ၊ သား သွားကြည့်မယ်နော်''

▲ ▲ ▲

# ကာလ ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

( က )

"ကဲ . . . ကဲ . . . ကူးတို့ခတွေ ထုတ်ကြ၊ ထုတ်ကြ၊ ပေးကြ" မရဏာကူးတို့ရှင်ကြီးက ထပ်၍လောဆော်လိုက်ပြန်သည်။

ကူးတို့လှေပေါ်ပါလာသောလူဆယ်ယောက်တွင် ကိုးယောက်က ကူးတို့ခမတ်စေ့များကို ထုတ်ပေးပြီးကြလေပြီ။

သရဖီတစ်ယောက်သာ ပါးစပ်ထဲတွင် တစ်မတ်စေ့ရှာမတွေ့သဖြင့်မပေးနိုင်ခြင်းဖြစ်ပါသည်။

သူတို့အားလုံးပါးစပ်ထဲမှာ ကူးတို့ခတွေပါလာပါလျက်နဲ့ ငါတစ်ယောက်တည်းကျမှ ဘာလို့မပါတာပါလိမ့်။

ငါ့ပါးစပ်ထဲမှာ ကူးတို့ခမပါဘူးဆိုတော့ ငါမသေသေးလို့ပဲပေါ့ဟုတ်တယ်၊ ငါဟာ မသေသေးဘူး။

"ဟိုကောင်မလေး၊ လုပ်လေ၊ ပေးလေ ကူးတို့ခ၊ နှင့်ပါးစပ်ထဲကိုနှိုက်လိုက်၊ ကူးတို့ခထွက်လာလိမ့်မယ်"





မရဏာကူးတို့ရှင်ကြီးက သရဖီကို တိုက်ရိုက်ရည်ညွှန်း၍ ပြောလိုက်လေသည်။

ငါ့မှာ ကူးတို့ခမပါဘူး။ ကူးတို့ခမပေးနိုင်ရင် ဘာဖြစ်သွားနိုင်သလဲ။

သရဖီသည် အင်္ကျီအိတ်ကပ်ထဲမှထွက်လာသောစာရွက်ပိုင်းလေးကို ငုံ့ကြည့်လိုက်သည်။

မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားတွင် ရွှေသင်္ကန်းကပ်လှူခဲ့သည့်အတွက် ဂေါပကအဖွဲ့မှထုတ်ပေးလိုက်သော အလှူငွေဖြတ်ပိုင်းလေး ဖြစ်ပါသည်။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ

မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီး

ရွှေသင်္ကန်းအလှူတော်ဖြတ်ပိုင်း

| | |
|---|---|
| အလှူရှင်အမည် | မသရဖီ(စတီရီယိုအဆိုတော်) |
| ရွှေသင်္ကန်းအရေအတွက် | ၅–ဆိုင်း |
| တန်ဖိုး | ၆၀၀၀ကျပ် |

ဂေါပကအဖွဲ့

ဖြတ်ပိုင်းပေါ်တွင် မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီး၏ ပုံကို ရေစာဖြင့် နောက်ခံရိုက်နှိပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖီသည် ကြည်ညိုဦးခိုက်ခဲ့သော ဘုရားပုံတော်ကိုမြင်လိုက်သည့်အခါ ရင်ထဲ၌အတိုင်းမသိ အေးငြိမ်းမှုကိုရလိုက်ကာ လက်ရှိဖြစ်ရပ်များကိုပင် မေ့လျော့သွားမိလေတော့၏။ ဘုရားတွင် ရွှေသက်န်းကပ်လှူခဲ့သည့် အလှူဒါနအတွက်လည်း ဝမ်းသာပီတိဖြစ်မိလေသည်။

သရဖီက အလှူငွေဖြတ်ပိုင်းပေါ်မှ ဘုရားဆင်းတုပုံတော်ကို စိုက်ကြည့်ကာ ကြည်ညိုဦးခိုက်နေမိသည်။

နှုတ်မှလည်း ပြေစာဖြတ်ပိုင်းထိပ်တွင်ရေးထားသည့်

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**" ဆိုသည့်စာသားကို မပြတ်ရွတ်ဖတ်နေမိသည်။ ထိုစာသားကို ဖြတ်ပိုင်းပေါ်တွင်တွေ့ရ၍သာ ရွတ်ဆိုနိုင်ခြင်းဖြစ်ပါသည်။ စာသားအဖြစ်သာ မတွေ့ရပါက လက်ရှိအဖြစ်တွင် သရဖီဦးနှောက်မှ စဉ်းစားနိုင်မည် မဟုတ်ပါ။

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

သရဖီက ဘုရားစာကို နှုတ်မှမပြတ် ရွတ်ဖတ်နေမိလေ၏။

ဘုရားစာရွတ်ဖတ်နေစဉ်တွင် လက်ရှိအဖြစ်၏မနှစ်မြို့ဖွယ်ရာများကို သရဖီမေ့သွားပါသည်။

ဆုပြည့်စုံတွန်းစာပေ



လေပြည်လေညင်းကလေးများသည် သရဖီ့တစ်ကိုယ်တွင် တိုက်ခတ်လာပါသည်။

ရေပြင်သည်လည်း ကြည်လင်စိမ်းလဲ့လာပါသည်။

သရဖီ့စိတ်များ ရီဝေထိုင်းမှိုင်းနောက်ကျုနေရာမှ ကြည်လင်ရှင်ပျလာလေသည်။

အေးမြကြည်လင်လာသော ရေပြင်ကိုကြည့်ကာ သရဖီက ရေထဲသို့ မဝံ့မရဲဖြင့် လက်ကိုနှစ်ကြည့်လိုက်သည်။ စောစောက ရေနွေးတမျှ ပူပြင်းလောင်မြိုက်နေသောရေမှာ အေးမြနေသည်ကို တွေ့လိုက်ရလေ၏။

"ကဲ ကဲ ဟိုကောင်မလေး၊ ကူးတို့ခပေးလေ"

မရဏကူးတို့ရှင်ကြီးက သတိပေးလိုက်ပြန်သည်။

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

သရဖီ့နှုတ်မှ ဘုရားစာကို မပြတ်ရွတ်ဖတ်နေမိ၏။

"ဟိုကောင်မလေး ကူးတို့ခ"

"ကျွန်မမှာ ကူးတို့ခပေးစရာ မရှိဘူး"

ဆုပြည့်စုံတွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သရဖီက ကူးတို့ရှင်ကြီးကိုပြန်ပြောလိုက်သည်။

"မသာချရင် ကူးတို့ခပါစမြဲပဲ၊ နှင့်ပါးစပ်ထဲကို လက်နဲ့နှိုက်ကြည့် . . ."

သရဖီက ရေထဲကိုလက်နှင့် စမ်းကြည့်လိုက်ပြန်သည်။

ရေကအေးမြနေ၏။

လှေက ကမ်းစပ်သို့ ကပ်ပေတော့မည်။

သရဖီ စိတ်မထိန်းနိုင်တော့ပါ။

သရဖီက ဖြစ်လိုရာဖြစ်စေတော့ဟု သဘောပိုက်ကာ . . .

မရဏကူးတို့လှေပေါ်မှ ရုတ်တရက်ထရပ်လိုက်ပြီး . . .

ရေထဲသို့ ခုန်ချလိုက်လေတော့သည်။

♟ ♟ ♟

( ၁ )

"ရေ . . . ရေ . . . ရေ . . ."

"ဟော . . . သတိရလာပြီ၊ သူသတိရလာပြီ"

"သမီး၊ သမီး သရဖီ"

"ရေ . . . ရေ . . ."

"ရေတိုက်လိုက်ပါ"

သူမပါးစပ်ထဲသို့ အေးမြသောရေများ တစ်ပေါက်ချင်းစီး ကျလာသည်။ သရဖီက ရေစက်များကို အငမ်းမရသောက်မျိုလိုက်မိလေ သည်။

သရဖီမျက်လုံးဖွင့်ကြည့်လိုက်တော့ သူမကိုစိုးရိမ်စွာကြည့် နေသော မေမေ့မျက်နှာကို မြင်လိုက်ရပါ၏။ နောက် ဖေဖေ၊ ဆရာဝန်နှင့် သူနာပြုဆရာမများ။



www.burmeseclassic.com

www.burmeseclassic.com



''သမီး . . . သမီးသတိရပြီလားဟင်''

မေမေက သရဖို့ကို မေးလိုက်လေသည်။

''သတိရပါပြီ မေမေ''

''အို . . . တော်ပါသေးရဲ့ကွယ်၊ သမီးအားလုံးကိုမှတ်မိတယ်နော်''

''မှတ်မိပါတယ် မေမေ၊ သမီးတို့ မင်္ဂလာဆောင်မှာ သီချင်းဆိုပြီးအပြန် ကားမှောက်လို့လေ''

''သမီးရယ် . . . ဒါတွေကို ပြန်မတွေးနဲ့ဦးနော်၊ အခု သမီးသေတွင်းကလွတ်ပြီ၊ စိတ်အေးအေးနေနော် သမီး''

မေမေကသရဖို့ကိုနှစ်သိမ့်နေစဉ် အခန်းထဲသို့ လူတစ်ယောက်ဝင်လာလေသည်။

ရဲရင့်ပင်ဖြစ်ပါ၏။

''ဟင် . . . ရဲရင့်''

ရဲရင့်ညာလက်မှာ ကျောက်ပတ်တီးကြီးနဲ့ပါလား။

''သရဖီ၊ နင်သတိရပြီနော်''

''ရပါပြီ ရဲရင့်ရယ်၊ ရဲရင့် နင်ငါ့ကိုယ်စား ဆုတောင်းပြည့်ဘုရားမှာ ရွှေသက်န်းကပ်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်ဟယ်''

သရဖီက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောလိုက်ခြင်းဖြစ်ပါသည်

''နင်လည်း ဘာမှမဖြစ်ဘူးနော်၊ လက်ကျိုးရုံပဲပေါ့၊ တော်သေးတာပေါ့ဟယ်''





''ဟုတ်တယ်သမီး၊ ဘာမှမဖြစ်ကြဘူး၊ သမီးသူငယ်ချင်းနွယ်နီတို့ ချောချောတို့ စောဝေမိုးနဲ့ချာလီချမ်းတို့လည်း ဘာမှမဖြစ်ဘူးသမီး။ ဒီဆေးရုံထဲမှာပဲ ရှိကြတယ်၊ အေးအေးဆေးဆေးမှသူတို့နဲ့ တွေ့နော်သမီး''

မေမေ့စကားကြောင့် သရဖီပြုံးလိုက်မိပါသည်။

မေမေသည် သတိလည်ခါစသရဖို့ကို စိတ်ဆင်းရဲသွားမည်စိုး၍ သူငယ်ချင်းများအဖြစ်ကို ဖုံးကွယ်နေခြင်းပင် ဖြစ်ပါသည်။

''သမီးသိပါတယ် မေမေ၊ ချောချောတို့နွယ်နီတို့၊ စောဝေမိုးနဲ့ချာလီချမ်းရော ပွဲချင်းပြီး ဆုံးသွားကြတယ်လေ၊ ဒါတွေကို သမီးသိပါတယ် မေမေရယ်''

''အို . . . သမီး''

''စိတ်မပူပါနဲ့ မေမေ၊ သမီး တရားနဲ့ ဖြေတတ်ပါတယ်''

မေမေက သက်ပြင်းချလိုက်သည်။

''အမေ့သမီးလေးကတော့ . . . ဘုရားဂုဏ်ကျေးဇူးကြောင့်သေတွင်းက လွတ်ခဲ့ရတာပါကွယ်''

''ဟုတ်ပါတယ် မေမေ၊ သမီးသေတွင်းကလွတ်ခဲ့တာ ဘုရားဂုဏ်ကျေးဇူးကြောင့်ပါ၊ သမီးလေ မေမေနဲ့ဖေဖေ့ကို ကျေးဇူးတင်ပါတယ်၊ သမီးကို ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ မွေးဖွားပေးခဲ့တဲ့အတွက်ကျေးဇူးတင်ပါတယ် မေမေရယ်၊ ပြီးတော့ သမီးကို ဘုရားတရားကြည်ညိုတတ်အောင် သင်ကြားပြသပေးခဲ့တဲ့ မေမေတို့ကျေးဇူးကိုလည်းမမေ့ပါဘူး၊ ဖေဖေနဲ့မေမေ့ကို ကန်တော့ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



သရဖီက မိခင်နှင့်ဖခင်ကို လက်အုပ်ချီကာ ပြောလိုက်လေသည်။

"သမီးလေးရယ် . ."

မေမေကတော့ သရဖီ့စကားများကို လတ်တလောတွင် နားလည်နိုင်ဦးမည် မဟုတ်ပေ။

သရဖီနေကောင်းလို့ ပြန်ပြောပြနိုင်တဲ့အခါကျမှ သာဓုခေါ်ပါတော့ မေမေရယ်။

သရဖီ ပြန်လည်ကျန်းမာလာသည့်အခါတွင် တမလွန်သို့ ရောက်သွားကြသော သူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုကာ အမျှဝေရပါဦးမည်။

▲▲▲

# ကဏ္ဍ ( ၃ )

www.burmeseclassic.com

www.burmeseclassic.com

ကြာနီကန်သုသာန်ထဲသို့ မော်တော်ဆိုင်ကယ်လေးတ
မောင်းဝင်လာလေသည်။

ယနေ့သည် ရဲရင့်နှင့်သရဖီတို့၏ တစ်ဖွဲ့တည်းသားသူငယ်
များကွယ်လွန်သွားသည်မှာ တစ်ပတ်ပြည့်သောနေ့ ဖြစ်ပါသည်။

ရဲရင့်နှင့်သရဖီကတော့ ပြန်လည်ကျန်းမာလာပေပြီ။ ရဲရင့်
လည်း ကျောက်ပတ်တီးဖြေပြီးပြီ၊ သရဖီ့အခြေအနေကလည်း အာ
ပြန်လည်ကောင်းမွန်လာခဲ့ပါပြီ။

ယနေ့မနက်တွင် ကွယ်လွန်သူ သူငယ်ချင်းလေးဦးအ
ရက်လည်ဆွမ်းသွတ်ကို တီးဝိုင်းအဖွဲ့တည်ရာ ကိုနိုင်ကြီးအိမ်၌ ပြု
ဖြစ်ပါသည်။

သူငယ်ချင်းများအသုဘကို လိုက်ပို့ခွင့်မကြုံခဲ့သည့် ရဲ
သရဖီက ကြာနီကန်သုသာန်တွင် ဂူသွင်းမြှုပ်နှံထားသည့် သူငယ်ချ
၏အုတ်ဂူများကို အလွမ်းပြေလာကြည့်ကြခြင်းပင် ဖြစ်ပါသည်။





ရဲရင့်က မော်တော်ဆိုင်ကယ်ကိုမောင်းကာ သရဖီက နောက်မှ
င်လိုက်လာရင်း ဆိုင်ကယ်လေးသည် ကြာနီကန်သုသာန်ထဲသို့
လာခဲ့လေသည်။

လမ်းညွှန်လိုက်သည့်အတိုင်း သူငယ်ချင်းများအုတ်ဂူများကို
သွယ်တကူပင် ရှာတွေ့လိုက်ပါသည်။

အုတ်ဂူလေးလုံးကို ယှဉ်လျက်မြှုပ်နှံထားပါသည်။

စောဝေမိုး၊ ချာလီချမ်းနှင့် နွယ်နီ၊ ချောချောတို့အုတ်ဂူများကို
န်းစီလျက် မြှုပ်နှံထားသည်။

သရဖီက ယူလာခဲ့သောပန်းစည်းများကို အုတ်ဂူလေးလုံး
တွင် တင်လိုက်သည်။

သူငယ်ချင်းများ ကောင်းရာသုဂတိလားပါစေလို့လည်း တစ်ဦး
မည်ကိုခေါ်၍ နှုတ်မှအသံထွက်ကာ ရွတ်ဆိုလိုက်ပါသည်။

သရဖီ့သူငယ်ချင်းလေးယောက်သည် ယခုအခါတွင် ဘယ်ဘဝ
ရောက်နေပြီဆိုတာ မသိနိုင်တော့ပါ။

တမလွန်သို့ခေတ္တရောက်သွားခဲ့သောသရဖီသည် ရေထဲကို
ခင်းထွက်ပြေးလာပြီးနောက်ပိုင်း သူငယ်ချင်းတွေ ဘယ်ဘဝကို
သွားသည်ကို မသိနိုင်တော့ပါ။

သရဖီကတော့ လူ့ဘဝတွင်ပြုခဲ့သော ကောင်းမှုကုသိုလ်များ၊
စ်ဆိုးကြီးမကြုံမီ နာရီပိုင်းကပြုခဲ့သည့် ဘုရားကိုရွှေသင်္ကန်းဆက်
ခဲ့သောအလှူဒါနများကြောင့် သေတွင်းက လက်မတင်လေးလွတ်
သည်ဟု ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖီသည် သူမ၏ခေတ္တ-တမလွန်ရောက် အတွေ့အကြုံ
ကို မိဘနှင့်အသိမိတ်ဆွေများအား ပြောပြခဲ့ပြီး ဖြစ်ပါသည်။

အားလုံးကပင် သေရွာပြန်သရဖီ၏အတွေ့အကြုံများကို ရင်
ရှုမော အံ့သြခဲ့ကြရလေသည်။

သရဖီသည် တမလွန်လောက အတွေ့အကြုံများကို ပြော
သော်လည်း အလုံးစုံတစ်ခုမကျန်ပြောပြခဲ့ခြင်းတော့ မဟုတ်
ကွယ်လွန်သူသူငယ်ချင်းများ၏ သိက္ခာကိုထိပါးနိုင်လောက်သည့် ဖြစ်
များကိုမူ ဖော်မပြောခဲ့ပါ။

တစ်ချိန်သောအခါက ချာလီချမ်းသည် ရဲရင့်ကို သေ
လိုသောသဘောဖြင့် ဆိုင်ကယ်ဆီပေါက်ကို ပိတ်ထားခဲ့သည့်အကြော
ကို မည်သူ့ကိုမျှ ပြောမပြတော့ပါ။ ချာလီချမ်းသည် ကွယ်လွန်သွာ
ဖြစ်ရာ ကွယ်လွန်ပြီးသူတစ်ဦးအပေါ် အမုန်းပွားခံရမည့်အဖြစ်
မလိုလားသောကြောင့် မျိုသိပ်ထားလိုက်ခြင်းပင်ဖြစ်ပါသည်။

ထို့ပြင် တမလွန်အတွေ့အကြုံများကို အသေးစိတ်နော
ကြောင်း ပြန်မပြောဖြစ်သည်မှာ အကြောင်းရှိပါသေးသည်။ သရ
အတွေ့အကြုံများသည် အမှန်တကယ် ဟုတ်ချင်မှဟုတ်ပါလိမ့်မ
ဒဏ်ရာဖြင့် မြောနေစဉ်အတွင်း အိပ်မက်မြင်မက်ခြင်းလည်း ဖြစ်နိ
သည်။

သို့သော် သရဖီသည် ကွယ်လွန်သူသူငယ်ချင်းမျာ
ကွယ်လွန်စဉ်ကအဖြစ်များကို မေးမြန်းကြည့်ခဲ့ရာ ချာလီချမ်းသ
ညာဘက်လက်တစ်ဖက် တံတောင်ဆစ်မှပြတ်သွားကြောင်း၊ ချောချော





နှုတ်ခမ်းများပဲ့ပြီး သွားများ ကျိုးထွက်သွားခဲ့ကြောင်း၊ နွယ်နီသည် မျက်လုံး
နှစ်လုံးကျွတ်ထွက်သွားခဲ့ကြောင်းကို သိခဲ့ရလေသည်။

သရဖီကြက်သီးထအောင် အံ့သြခဲ့ရပါတော့သည်။ တမလွန်
တွင် ကူးတို့လှေအတူစီးခဲ့စဉ်က သူငယ်ချင်းများ၏ကိုယ်အင်္ဂါများ
ချွတ်ယွင်းနေပုံမှာ ထိုအတိုင်းဖြစ်နေသောကြောင့်ပင်။

ရဲရင့်က သရဖီ့လက်နှစ်ဖက်ကို ဖမ်း၍ဆုပ်ကိုင်လိုက်သည်။

သရဖီ့ပါးပြင်တွင် ကျဆင်းနေသောမျက်ရည်များကို လက်ကိုင်
ပဝါဖြင့် သုတ်ပေးလိုက်သည်။

"သွားကြပါစို့ သရဖီ"

ရဲရင့်က သရဖီ့ကို အုတ်ဂူလေးလုံးရှေ့မှ ဆွဲခေါ်လာခဲ့လေ၏။

"ခဏလေး ရဲရင့်၊ သရဖီ နည်းနည်းလောက်ကြည့်ချင်သေး
လို့"

သရဖီက ရဲရင့်ကိုပြောကာ အနီးပတ်ဝန်းကျင်ရှိအုတ်ဂူ
အသစ်များကို လိုက်ကြည့်နေမိလေသည်။

ကူးတို့လှေပေါ်တွင် အတူတကွကြုံခဲ့ရသော ခင်မေလွင်၊
ထားထားချို၊ ဒေါ်စိန်ကြည်နှင့် ချစ်စုလေးတို့၏ အုတ်ဂူများကို တွေ့လို
တွေ့ငြားရှာနေမိခြင်း ဖြစ်ပါ၏။

ကားဆရာကိုဘသောင်းကိုမူ သူ့အိမ်မှ မီးသဂြိုဟ်လိုက်
ကြောင်း သိပြီးဖြစ်ပါသည်။

အကယ်၍သာ ခင်မေလွင်၊ ထားထားချို၊ ဒေါ်စိန်ကြည်၊
ချစ်စုလေးတို့အုတ်ဂူများကို တစ်ခုတလေဖြစ်စေ တွေ့ရပါက သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တ တမလွန်အတွေ့အကြုံကို အမှန်တကယ်ဟု အတည်ပြုနိုင်မည် မဟုတ်ပါလား။

ထိုအမည်များနှင့် အုတ်ဂူများ တစ်လုံးမျှ မတွေ့ခဲ့ရပါ။

သူတို့၏အလောင်းများကို မီးသင်္ဂြိုဟ်လိုက်လို့ ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် မန္တလေးတွင် မြို့တောင်ဘက်၌ တောင်မြင့်သုသာန် ရှိသေးရာ တောင်မြင့်သုသာန်တွင် သင်္ဂြိုဟ်လိုက်ခြင်းလည်းဖြစ်နိုင်ပါသည်။

သရဖီ့အနေဖြင့် ခင်မေလွင်၊ ထားထားချိုဆိုသည့်အမျိုးသမီးများ တကယ်ရှိ,မရှိ၊ ထိုနေ့ထိုရက်က သေဆုံးခဲ့ခြင်းရှိ,မရှိကို စုံစမ်းမေးမြန်းမည်ဆိုက အလွယ်တကူ စုံစမ်းနိုင်ပါသည်။ ဒေါ်စိန်ကြည်နှင့် မီးလောင်သေဆုံးခဲ့သော ချစ်စုလေးတို့သတင်းကိုလည်း စုံစမ်းလို့ရနိုင်ပါသေးသည်။

သို့သော် သရဖီ မစုံစမ်းတော့ပါ။ သရဖီ၏ ခေတ္တတမလွန်ရောက် အတွေ့အကြုံသည် တကယ်ပင်ဖြစ်စေ အိပ်မက်ပင်ဖြစ်စေ ထင်ယောင်ထင်မှားဖြစ်ခြင်းပင်ဖြစ်စေ အရေးမကြီးပါ။

ထိုအတွေ့အကြုံထဲမှ သရဖီ့အဖို့ အလွန်အဖိုးတန်သော အသိအမြင်များကို ရလိုက်ပြီးဖြစ်ပါသည်။

လူသည် ဘဝကူးကောင်းရန်အတွက် အသက်ရှင်ရပ်တည်နေစဉ်ကာလတွင် မိမိကိုးကွယ်ရာဘာသာအလျောက် ကောင်းမှုကုသိုလ်ပြုရမည်။ သန့်စင်ရိုးသားစွာ နေထိုင်ရမည်။ သို့မှသာ ကွယ်လွန်သည့်အခါတွင် ဘဝကူးကောင်းမည် မဟုတ်ပါလား။

''ဘာတွေလိုက်ကြည့်နေတာလဲ သရဖီ''





ရဲရင့်က မေးလိုက်သည်။

''ဘာမျှမဟုတ်ပါဘူး ရဲရင့်ရယ်၊ အုတ်ဂူတွေကိုကြည့်ပြီး တစ်နေ့တစ်နေ့ သေဆုံးကြတဲ့လူတွေဟာ မနည်းပါလားလို့ စဉ်းစားနေမိတာပါ''

''ဟုတ်တယ်၊ သေတဲ့လူတွေ မနည်းသလို၊ မွေးလာတဲ့လူသားတွေလည်း မနည်းဘူးသရဖီ၊ ဒါ သဘာဝပဲလေ၊ သက်တမ်းစေ့ မနေရဘဲ မမျှော်လင့်ဘဲလူ့လောကထဲက ထွက်သွားရတဲ့ တို့သူငယ်ချင်းတွေအတွက်တော့ ဝမ်းနည်းစရာပေါ့ သရဖီရယ်''

''လူဆိုတာ ဘယ်နေ့သေမယ်ဆိုတာ မျှော်မှန်းလို့ရတာမဟုတ်ဘူး မဟုတ်လား၊ အဲဒီတော့ လူ့ဘဝရတုန်းမှာ တို့တွေ ကောင်းမှုကုသိုလ် မပြတ်လုပ်ဖို့လိုတယ်နော် ရဲရင့်''

''ဟုတ်တာပေါ့ သရဖီရယ် တို့သူငယ်ချင်းတွေက တို့အတွက် ...ဝေဝရအောင် လုပ်ပေးသွားတယ်လို့ပဲ စိတ်ကိုဖြေလိုက်ရအောင် သရဖီ၊ သူတို့ကောင်းရာမွန်ရာရောက်ဖို့ တို့ဆုတောင်းကြတာပေါ့''

ရဲရင့်က သရဖီ့လက်ကို ကြင်နာယုယစွာဆွဲခေါ်ကာ သုသာန်ထဲမှ ထွက်လာခဲ့ကြလေသည်။

နွေတာမာန်

www.burmeseclassic.com